# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၃၁၇)


# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

## လွတ်လပ်ရေးကြိုးပမ်းမှုကာလအပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြား



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် အိန္ဒိယနိုင်ငံ၏ နှစ်(၇၀)မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်စဉ် (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် အိန္ဒိယနိုင်ငံ၏ နှစ်(၇၀)မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်နှင့် ဒေါက်တာမြင့်ထွေး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊


*စာမျက်နှာ ၃ ကော်လံ ၁* ✻


## မီဒီယာနှင့်တရားစီရင်ရေးကဏ္ဍအပြန်အလှန်အကာအကွယ်ပေးခြင်းဖြင့် ဒီမိုကရေစီစနစ် လျင်မြန်စွာထွန်းကားလာမည်

**ခင်ရတနာ**

**ရန်ကုန် ဩဂုတ် ၁၅**

တရားစီရင်ရေးကဏ္ဍ၏ ဆောင်ရွက်နေမှုများကို ပြည်သူများပိုမိုသိရှိစေရန်နှင့် တရားရုံးများ၏ တရားစီရင်ရေးယန္တရားကို ပိုမိုအားဖြည့်ပေးနိုင်ရန် မီဒီယာနှင့် တရားစီရင်ရေးကဏ္ဍ အပြန်အလှန် အကာအကွယ် ပေးကြခြင်းဖြင့် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီစနစ် ပိုမိုလျင်မြန်စွာ တိုးတက်လာနိုင်ကြောင်း UNESCO မြန်မာမှ အကြံပေးအရာရှိ Ramon R Tuazon က ယနေ့နံနက်က ဖွင့်လှစ်သည့် တရားရုံးများနှင့် တရားစီရင်ရေးဆိုင်ရာ သတင်းရေးသားဖော်ပြမှုများအတွက် သင်တန်းဖွင့်ပွဲတွင် သတင်းထောက်များအား ပြောကြားသည်။

တရားရုံးများနှင့် တရားစီရင်ရေးကဏ္ဍနှင့် မီဒီယာများသည် မိတ်ဖက်များဖြစ်ပြီး လွတ်လပ်သည့်မီဒီယာများနှင့် လွှမ်းမိုးမှုကင်းစင်သည့် တရားစီရင်ရေးတို့မှတစ်ဆင့် အဖြစ်မှန်များ၊ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ပြည်သူများ အလွယ်တကူသိရှိနားလည်လာနိုင်ကြောင်း သိရသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✻


### အိန္ဒိယနိုင်ငံ လွတ်လပ်ရေးနေ့ ၂၀၁၇ အထိမ်းအမှတ်အဖြစ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ချစ်ကြည်ရေးတံတားဖွင့်


စာ ➤ ၇



KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## မြန်မာ့အလင်း

# အခွင့်သာခိုက်တွင်မှ မလိုက်နိုင်ခဲ့လျှင်

မြန်မာ့စီးပွားရေးက ပို့ကုန်ပေါ်တွင် အခြေခံသည်။ ပို့ကုန်ဟုဆိုရာတွင် နည်းပညာထုတ်ကုန်၊ စက်မှုထုတ်ကုန်တို့ထက် သဘာဝသယံဇာတနှင့် စိုက်ပျိုးရေးထုတ်ကုန်တို့အပေါ်တွင် အခြေခံထားသည်။ မြန်မာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကလည်း ကျေးလက်များတွင်နေထိုင်ကြပြီး ကျေးလက်စီးပွားရေး၏ အဓိကမဏ္ဍိုင်ဖြစ်သည့် စိုက်ပျိုးရေးဖြင့်ပင် အသက်မွေးနေကြခြင်း ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာ့စီးပွားမြင့်မားရေးမြှင့်တင်ရာတွင် ပစ္စုပ္ပန်အခြေအနေအရ လယ်ယာထွက်ကုန်မြင့်မားရေးနှင့် စိုက်ပျိုးရေးထွက် ပို့ကုန်မြှင့်တင်နိုင်ရေးကြိုးပမ်းရန် လိုအပ်သည်။

ပို့ကုန်တိုးတက်ရေးအတွက် ဈေးကွက်အလားအလာကောင်းသော စိုက်ပျိုးရေးပို့ကုန်များ တိုးချဲ့ထုတ်လုပ်ရန်၊ ဆန်၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ရော်ဘာအစရှိသည့် အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ပါဝင်သည့် ပို့ကုန်များ အရည်အသွေးမြှင့်တင် တိုးချဲ့ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိကြောင်း သတင်းများတွင် တွေ့ရှိရသည်။ လက်ရှိအခြေအနေတွင် မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များမှ ပို့ကုန်အများစုမှာ အရှေ့မြောက်ဈေးကွက် တစ်ခုတည်းကိုသာ မှီခိုနေရသည်။ တစ်ခုတည်းသော ဈေးကွက်က ငြင်းဆိုလိုက်လျှင်ဖြစ်စေ၊ အကြောင်းကြောင်းဖြင့် အဝယ်ရပ်လိုက်လျှင်ဖြစ်စေ၊ ဈေးနှိမ်ဈေးကိုင်လိုက်လျှင် ဖြစ်စေ မြန်မာ့စိုက်ပျိုးထုတ်ကုန်များကို ကုန်သွယ်မှုပြုသူတို့ မရှုမလှဖြစ်ကြရသည်။ အခံရဆုံးသူများက မြန်မာ့စိုက်ပျိုး ထုတ်လုပ်သူတောင်သူများ၊ လယ်သမားများပင်ဖြစ်သည်။

စင်စစ်အားဖြင့် အရှေ့မြောက်ဒေသ ဈေးကွက်သည်ပင် နိုင်ငံအဆင့် တရားဝင်ဈေးကွက်ဟု ဆိုနိုင်သည်မဟုတ်။ ပြည်နယ်တစ်ခုနှင့် နယ်စပ်ကုန်သွယ်မှုပြုနေရခြင်းဖြစ်သည်။ မိမိတို့စိုက်ပျိုးထုတ်လုပ်လိုက်သည့် သီးနှံ၊ သစ်သီးဝလံများ၏ အရည်အသွေး၊ အရောင်အဆင်း၊ အရွယ်အစား၊ အနံ့အရသာ၊ ထုတ်လုပ်မှုနည်းစဉ်ကောင်းမွန်မှု၊ ပိုးမွှားကင်းစင်မှု၊ ဓာတုဓာတ်ကြွင်းကင်းစင်မှု၊ ထုပ်ပိုးပုံကောင်းမွန်မှု အစရှိသည့် စစ်ဆေးမှုများစွာတို့ကို မြန်မာ့စိုက်ပျိုးရေးထွက်ကုန် အတော်များများက မကျော်လွှားနိုင်ကြ။ သို့ဖြင့် တော်ရုံအရည်အသွေးကိုလက်ခံကာ အောက်ဈေးပေးသည့် ဈေးကွက်ကိုပင် အားကိုးအားထားပြုကြရတော့သည်။

ယခုအခါ အရှေ့မြောက်ဈေးကွက်ကိုသာ အဓိကအကျဆုံး တစ်ခုတည်းသော ဈေးကွက်အဖြစ် မှီခိုနေရသည့် အခြေအနေမှ လွတ်မြောက်နိုင်သည့် အခွင့်အလမ်းများ တစ်စတစ်စပေါ်ပေါက်လာပြီဖြစ်သည်။ ဥပမာအားဖြင့် မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်များကို အမေရိကန်ပြည်ထောင်စုသို့ တင်ပို့နိုင်မည့် အခွင့်အလမ်းမျိုးဖြစ်သည်။ ယင်းသို့သော အခြေအနေတွင် မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ စိန်ခေါ်မှုများစွာ ကြုံတွေ့နေရသည့်အခြေအနေများကို သတင်းများ၌ တွေ့ရှိနေရသည်။ လယ်ယာမြေပြဿနာများ၊ သဘာဝဘေးအန္တရာယ်များ၊ လယ်ယာလုပ်သားရှားပါးမှုများ၊ စိုက်ပျိုးထုတ်လုပ်ရေးအတွက် နည်းပညာနှင့် အရင်းအနှီးလိုအပ်ချက်များစသည်တို့မှာ စိုက်ပျိုးရေးကဏ္ဍတွင် ရင်ဆိုင်ကြုံတွေ့နေကြရသည့် အခက်အခဲများ ဖြစ်သည်။ ယင်းမှာ အတွင်းကိစ္စများဖြစ်ပြီး ပြင်ပကိစ္စများတွင်မူ နိုင်ငံတကာ၌ မိမိတို့၏ စိုက်ပျိုးရေးထုတ်ကုန်များအတွက် ဈေးကွက်ရှာဖွေရေး၊ နိုင်ငံအစိုးရချင်းဆွေးနွေးညှိနှိုင်းရေး စသည်တို့ဖြစ်သည်။ အားလုံးအတွက် တာဝန်အရှိဆုံးမှာ အစိုးရပိုင်းမှဖြစ်သည်ဟု စိုက်ပျိုးထုတ်လုပ်သူတို့က ဆိုကြသည်။

အဓိက ရှုမြင်ကြရမည်မှာ မိမိတို့အတွက် ပေါ်ထွက်လာနေသည့် အခွင့်အလမ်းဖြစ်သည်။ ယင်းအခွင့်အလမ်းကို အမိအရ ရယူနိုင်ရန်မှာ ဆိုင်သူတို့အားလုံး လက်တွေ့ကျကျ ဆောင်ရွက်ကြဖို့ပင် ဖြစ်ပါကြောင်း။ ။

## မြန်မာ့ရုပ်မြင်သံကြား

**၁၆-၈-၂၀၁၇(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
၈း၃၅ - **မြန်မာနိုင်ငံဆိုင်ရာ အစ္စရေး သံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း**
၁၀း၄၅ - ရာသီတုပ်ကွေးအသိပညာပေး အစီအစဉ်
၁၅း၀၀ - **ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်မြို့) (ဒုတိယပိုင်း)**

**ညပိုင်း**

၁၆း၃၅ - ဘောလုံးအားကစားနည်း၏ အခြေခံနည်းစနစ်များ (ဂိုးသမား) (ပထမပိုင်း)
၁၇း၁၀ - မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - Road to SEA Game
၂၀း၅၀ - **(၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲအစီအစဉ်**
- သုခုမရင်ခွင်အငြိမ့်သဘင်
**စက်မှုတက္ကသိုလ်စွယ်တော်ရိပ် မျိုးဆက်သစ်အငြိမ့်**
မင်းသမီး-ငြိမ်းမျိုးစံ၊ လူရွှင်တော်-မီးစက်၊ ဒီဇယ်၊ ဝက်အူ၊ ပန်ကာ (ဒါရိုက်တာ - ဖုန်းမြင့်အောင်)

# ဥပဒေအရာရှိများသည် အရည်အချင်းသာမက ကျင့်ဝတ်သိက္ခာလည်း တိုးတက်ရန်လိုအပ်






**နေပြည်တော် ဩဂုတ် ၁၅**

ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၏ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၁ ရက်က ပြည်ထောင်စုရှေ့နေချုပ်ရုံး မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက တရားစီရင်ရေးကဏ္ဍ တိုးတက်ကောင်းမွန်ရေးတွင် ဥပဒေရုံးများ၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း၊ မှုခင်းများကို လိုက်ပါဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အဂတိတရားကင်းရှင်းစွာဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ အများပြည်သူယုံကြည် ကိုးစားသည့် တရားစီရင်ရေးစနစ်ပေါ်ထွန်းလာရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ဥပဒေအရာရှိများသည် အရည်အချင်းသာမက ကျင့်ဝတ်သိက္ခာတွင်လည်း တိုးတက်ကောင်းမွန်ရန် လိုအပ်ကြောင်း၊ ယခုအခါ ဥပဒေအရာရှိကျင့်ဝတ်ကို ပြုစုထားရှိပြီးဖြစ်၍ ယင်းနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ရမည်ဖြစ်ကြောင်း၊ အရည်အချင်း ပြည့်ဝပြီး ကျင့်ဝတ်စည်းကမ်းများနှင့်အညီ အဂတိကင်းရှင်းစွာဖြင့် အများအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြစေရန် ဥပဒေချုပ်များနှင့် ဥပဒေရုံးအဆင့်ဆင့် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နှစ်ရက်ကြာ ကျင်းပခဲ့ပြီး ဥပဒေစိစစ်ရေး၊ ဥပဒေအကြံဉာဏ်ပေးရေး၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်း၊ စီမံရေးရာနှင့် ဘဏ္ဍာရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ထင်သာမြင်သာပြုပြင်စရာ

# စလင်းစည်ပင်တံတားမှ အန္တရာယ်သံချွန်များ အမြန်ပြုပြင်ပေးစေလို



မကွေးတိုင်းဒေသကြီး စလင်းမြို့စည်ပင်သာယာဈေးအနီးမှစည်ပင်သာယာပိုင် တံတားအလယ်ရှိ သံငုတ်၊ သံပန်းများ ထိုးထောင်လျက်ရှိနေ၍ လမ်းသွားလမ်းလာများ အချိန်မရွေးအန္တရာယ်ဖြစ်နိုင်သည့်အခြေအနေတွင် ရှိနေသည်။

အဆိုပါ တံတားပျက်စီးနေမှုကို ပြန်လည်တည်ဆောက်ခဲ့ရာ ဩဂုတ် ၁ ရက်မှ စတင်၍သွားလာနိုင်ခဲ့သည်။ ယင်းလမ်းသည် ယာဉ်ငယ်၊ ယာဉ်ကြီးနှင့် ဆိုင်ကယ်၊ စက်ဘီးများ၊ ဈေးသွားဈေးပြန်များအပြင် စလင်းအထက (၁) မှ ကျောင်းသား ကျောင်းသူများသွားလာနေသောလမ်း ဖြစ်သည်။

တံတားမှာ လေးတန်ခွဲခံနိုင်ရည်ရှိ သံကူကွန်ကရစ်တံတားဖြစ်ပြီး ပေ ၂၀ ကျော်ခန့် ကျယ်ဝန်းသည်။ တံတားပြီးစီးပြီဖြစ်၍ သွားလာနေကြသော်လည်း တံတားအလယ် တံတားဟောင်းနှင့် တံတားသစ်ဆက်သည့် နေရာတွင် တံတားဟောင်းမှ သံချည်သံကွေးများ၊ သံချွန်များမှာလမ်းအလယ်တွင် အကျယ် နှစ်ပေ၊ အလျား ၁၅ ပေခန့်ထိုးထောင်ထွက်နေပြီး လမ်းသွားလမ်းလာများနှင့် ယာဉ်များအား အန္တရာယ်ဖြစ်နိုင်သည့် အနေအထားတွင်ရှိနေ၍ လမ်းအသုံးပြုသူပြည်သူများက အမြန်ဆုံးဖယ်ရှားဆောင်ရွက်ပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## စခန်းမှူး(မွမ်းမံ)သင်တန်း သင်တန်းဆင်းပွဲကျင်းပ

**မော်လမြိုင် ဩဂုတ် ၁၅**

မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးဖွင့်လှစ်သော စခန်းမှူး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၂/၂၀၁၇)သင်တန်းဆင်းပွဲကို မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ဩဂုတ်လဒုတိယပတ်က ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးကိုယ်စားဦးစီး(၁) (ဦး/ရေး/ထောက်) ဒုတိယရဲမှူးကြီး ခင်မောင်စိုးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးဇော်မိုးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ အဆိုပါသင်တန်းကို ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၅-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၅/၆၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၁၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၀ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၁ ・ ၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ・ ၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၂ |
| တရုတ် | တစ်ယွမ် | ၂၀၄ ・ ၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ ・ ၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP)၏ အမှုဆောင်အတွင်းရေးမှူး Ms. Shamshad Akhtar အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု စသည့်ကဏ္ဍများတွင် မြန်မာနိုင်ငံနှင့် ESCAP တို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP)၏ အမှုဆောင်အတွင်းရေးမှူး Ms. Shamshad Akhtar အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

---

❋ *ရှေ့ဖုံးမှ*

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးကျော်မျိုး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr. Vikram Misri ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံတော် သီချင်းများဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr. Vikram Misri နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်** (သတင်းစဉ်)

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Vikram Misri က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

**သမိုင်းကြောင်းကောင်းမွန်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၇၀)ပြည့်နှင့် အိန္ဒိယနိုင်ငံ၏ နှစ်(၇၀)မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆုတောင်းစကား ပြောကြားရာတွင် အိန္ဒိယနိုင်ငံ၏ နှစ်(၇၀)မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် နှစ်(၇၀)ပြည့် မြန်မာ-အိန္ဒိယ သံတမန်ဆက်ဆံရေး တည်ထောင်မှု အခမ်းအနားကို တက်ရောက်ခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက်မိပါကြောင်း၊ အခက်အခဲအတားအဆီးပေါင်းစုံ ရှိခဲ့သော်လည်း ဒီမိုကရေစီကို ဘယ်လိုရရှိအောင် လုပ်ဆောင်နိုင်သည်ဆိုတာ အိန္ဒိယနိုင်ငံက ပြသခဲ့ပါကြောင်း၊ နှစ်နိုင်ငံကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုကလည်း သမိုင်းကြောင်းတစ်လျှောက် အထူးကောင်းမွန်ခဲ့ပါကြောင်း။

**အကူအညီများစွာပေး**

အိန္ဒိယနိုင်ငံ၏ နှစ်(၇၀)မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် အိန္ဒိယပြည်သူများအားလုံး ငြိမ်းချမ်းမှု၊ ကြွယ်ဝချမ်းသာမှုနှင့် ပျော်ရွှင်မှုရှိပါစေဟု ဆန္ဒပြုပါကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှု ကာလအပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုသည် နယ်ပယ်ကဏ္ဍစုံတွင် ရှိပါကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာတွင်လည်း အိန္ဒိယနိုင်ငံက မြန်မာပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဒီမိုကရေစီရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အကူအညီ များစွာပေးခဲ့ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှကြားတွင် အစိတ်အပိုင်း တစ်ရပ်အဖြစ်ရှိနေပြီး ဒေသနှစ်ခုကြား ပိုမိုနားလည်မှုတည်ဆောက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် များစွာအရေးပါနေပါကြောင်း၊ အနာဂတ်တွင် ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

---

❋ *ရှေ့ဖုံးမှ*

အဆိုပါ သင်တန်းတွင် လက်ရှိ တရားစီရင်ရေးစနစ်များ၊ မီဒီယာများအနေဖြင့် တရားရုံးများနှင့် တရားစီရင်ရေးဆိုင်ရာ သတင်းများကို ရေးသားဖော်ပြရာတွင် လိုက်နာသင့်သည့် စည်းမျဉ်းစည်းကမ်းများအပါအဝင် နိုင်ငံတကာ မီဒီယာလွတ်လပ်ခွင့်များ၊ ပြည်တွင်းရေးရာ အခြေအနေများကို အဆိုပါသင်တန်းတွင် ဆွေးနွေးပညာပေးခဲ့သည်။

“နိုင်ငံတိုင်းလိုလိုမှာ နိုင်ငံရဲ့မဏ္ဍိုင်ကြီး သုံးရပ်အနက် ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်တွေ အကြောင်းကို ပိုပြီး ပြည်သူနားလည်ကြတယ်။ တရားစီရင်ရေးမဏ္ဍိုင်ကို သိပ်နားမလည်ကြဘူး။ ဒါကြောင့် သာမန်ပြည်သူတွေကို တရားရုံးတွေက ဘယ်လိုတွေ လုပ်ဆောင်ပေးတယ်။ တရားမျှတမှုကို ဘယ်လိုရရှိရတယ် ဆိုတာမျိုးတွေကို ပညာပေးဖို့အတွက် မီဒီယာရဲ့အကူအညီကို လိုအပ်တယ်။ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် လိုအပ်ပါတယ်။ တရားရုံးအနေနဲ့လည်း သတင်းထောက်တွေကို လုံခြုံမှုပေးဖို့ လိုအပ်သလို ခြိမ်းခြောက်မှုကင်း၊ အဂတိကင်းတဲ့ တရားစီရင်ရေးဖြစ်ဖို့လည်း တရားသူကြီးတွေ၊ တရားရေးဝန်ထမ်းတွေအနေနဲ့ မီဒီယာနဲ့ ကင်းကွာလို့မရဘူး”ဟု ABS-CBN News မှ Deputy Editor ဖြစ်သူ Tarra V.Quismondo က ရှင်းပြသည်။

သင်တန်းတွင် တရားရုံး၏ လုပ်ပိုင်ခွင့်၊ လွတ်လပ်ခွင့်များကို မထိခိုက်စေခြင်း၊ တရားလိုများ၊ တရားပြိုင်များ၊ တရားခံဟု သံသယရှိသူများ၏ အခွင့်အရေးကို မထိခိုက်စေခြင်း၊ အမှန်တရားနှင့် ဥပဒေများကို မတိုက်ခိုက်စေခြင်းစသည့် အချက်အလက်များဖြင့် ပြည်သူများ တရားစီရင်ရေးကိစ္စရပ်များကို ပိုမိုနားလည်သဘောပေါက်စေရန် သတင်းရယူရေးသားဖော်ပြရမည့် နည်းစနစ်များ၊ ဆောင်ရန်ရှောင်ရန်များနှင့် သတင်းဆိုင်ရာ တွေးခေါ်မှုအယူအဆသစ်များကို ဖိလစ်ပိုင်နိုင်ငံမှ သတင်းစာဆရာများနှင့် Myanmar Media Lawyer Network မှ ဥပဒေပညာရှင်များက ဆွေးနွေးပို့ချခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းဖြစ်သည့် UNESCO မှ ဦးဆောင် ကျင်းပပေးခြင်းဖြစ်ပြီး ပြည်တွင်းမီဒီယာလုပ်ငန်းများမှ သတင်းထောက်များ တက်ရောက်ခဲ့ကြကြောင်း၊ သင်တန်းမှာ ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက် နှစ်ရက်အကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများအားတွေ့ဆုံ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများအား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် အစည်းအဝေးတက်ရောက်လာကြသူများက ပုဂ္ဂလိကပိုင်ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး လုပ်ငန်းဆိုင်ရာများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အပိုင်းမှ ပံ့ပိုးကူညီနိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားကာ အစည်းအဝေးကို ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းနှင့် ဦးဘိုဘိုငယ်၊ ပုဂ္ဂလိကပိုင်ဘဏ် ၂၂ ခုမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဆောင်ရွက်မှုနှင့် ဖက်ဒရယ်စနစ်ကျင့်သုံးရေး ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP)၏ အမှုဆောင်အတွင်းရေးမှူး Ms. Shamshad Akhtar အား ယနေ့နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhim K. Udas အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP)၏ အမှုဆောင်အတွင်းရေးမှူးနှင့် တွေ့ဆုံစဉ် ESCAP နှင့် မြန်မာနိုင်ငံလွှတ်တော်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး၊ ကုလသမဂ္ဂ၏ "၂၀၃၀ ခုနှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ (2030 SDGs)"အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး၊ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးရေးတို့အတွက် နည်းပညာနှင့် အကူအညီများပေးအပ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

နီပေါသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နီပေါ - မြန်မာ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်းချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအတွေ့အကြုံများ၊ ငြိမ်းချမ်းရေးဆောင်ရွက်မှုနှင့် ဖက်ဒရယ်စနစ်ကျင့်သုံးရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhim K. Udas တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် ဩဂုတ် ၁၅**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E.Mr. Bhim K. Udas အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၅** မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **(မိုး/ဇလ)**

# ဇေယျာသီရိမြို့နယ် ကြံသီးနှံအထူးစံပြကွက်၌ ပညာပေးကွင်းသရုပ်ပြ

**နေပြည်တော် ဩဂုတ် ၁၅**

နေပြည်တော် ဇေယျာသီရိမြို့နယ် ကျွန်းရောင်းအုပ်စု ရွှေဗဟိုလ်ကျေးရွာမှ ကြံတောင်သူ ဦးမျိုးမြင့်၏ အထူးစံပြကွက်သုံးဧကတွင် ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက တောင်သူပညာပေး ကွင်းသရုပ်ပြပွဲ ကျင်းပခဲ့သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)စိုက်ပျိုးပညာပေးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က ကြံသီးနှံသည် ဈေးကွက် စီးပွားရေးအလားအလာကောင်းသောသီးနှံဖြစ်၍ ကြံတောင်သူများ လာမည့်ကြံရာသီတွင် တိုးချဲ့စိုက်ပျိုးသွားစေလိုကြောင်း၊ ကြံမျိုးနှင့် နည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် တောင်သူ၊ စက်ရုံ(လုပ်ငန်းရှင်ကုမ္ပဏီ)တို့ နှစ်ဦးနှစ်ဖက် ရေရှည်အောင်မြင်မှုရရှိစေရန် ပူးတွဲဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ စက်မှုသီးနှံပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်မော်၊ နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်နှင့် တာဝန်ရှိသူများ၊ ၂၀၁၆-၂၀၁၇ ခုနှစ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူများ စိုက်ပျိုးရေးဦးစီးဌာနမှ အလုပ်သင်ဝန်ထမ်းများနှင့် ကြံစိုက်တောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# ပြည်ထောင်စုဝန်ကြီးများ ရခိုင်ပြည်နယ် တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**စစ်တွေ ဩဂုတ် ၁၅**

ရခိုင်ပြည်နယ်၌ ရောက်ရှိနေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြပြီး မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသည့် လူနာများကို နှစ်သိမ့်အားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ရသေ့တောင်မြို့သို့ ရောက်ရှိကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ရခိုင်ပြည်နယ် တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ရသေ့တောင်မြို့နယ် ဒေသခံပြည်သူများက လုံခြုံရေး၊ စားဝတ်နေရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားခံများ ဖော်ထုတ်ဖမ်းဆီးရရှိရေး၊ စာသင်ကျောင်းများ ပြုပြင်တည်ဆောက်ပေးရေး၊ အမျိုးသမီးငယ်များအတွက်



ရသေ့တောင်မြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်



မြောက်ဦးမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်

အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ဖွင့်လှစ်ပေးရေးကိစ္စများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များကို ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ကျောက်တော်မြို့ရှိ မဟာမုနိဘုရားကြီး၊ မြောက်ဦးမြို့ရှိ ရန်အောင်ဇေယျ(ခေါ်)သျှစ်သောင်းပုထိုးတော်ကြီး၊ ထုက္ကန့်သိမ်ပုထိုးတော်ကြီးနှင့် ရတနာမာရ်အောင် စေတီတော်တို့ကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် ပညာရေး၊ လူမှုရေး၊ ကယ်ဆယ်ရေး၊ ထောက်ပံ့ပေးရေးကိစ္စများကို ရှင်းလင်းပြောကြားကြသည်။

တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် မြောက်ဦးဒေသခံပြည်သူများက လူမှုရေးပြဿနာများ၊ ရင်ဆိုင်နေရသော အခက်အခဲများ၊ ဘူးသီးတောင်၊ မောင်တောဒေသရှိ ပြည်သူများ၏ လုံခြုံရေးအခြေအနေ၊ လုပ်ကိုင်စားသောက်ရန် စိုက်ပျိုးရေးနည်းပညာများ သင်ကြားပြသပေးရန်၊ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မည်ကဲ့သို့ သတင်းပို့အကြောင်းကြားရမည်ကို သင်ကြားပြသပေးရန် တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ပေါင်းစပ် ညှိနှိုင်းဆွေးနွေးပေးသည်။

**သတင်းနှင့် ဓာတ်ပုံ - အေဝမ်းစိုး၊ မျိုးသူဟိန်း**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ကျောင်းသားအိပ်ဆောင်သစ်ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)၌ အသစ်တည်ဆောက်ပြီးစီးခဲ့သည့် ကျောင်းသား သုံးထပ်အိပ်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ၊ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားများ၊ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)တွင် အသစ်တည်ဆောက်ပြီးစီးခဲ့သည့် ကျောင်းသားသုံးထပ်အိပ်ဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး **(ယာပုံ)** ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် တာဝန်ယူဆောက်လုပ်ခဲ့သည့် Golden Gate ကုမ္ပဏီမှ အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ကျောင်းအုပ်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသားသုံးထပ်အိပ်ဆောင်သစ်အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး၊ ပါမောက္ခများ၊ ဆရာဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသားများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



❂ *ကျောဖုံးမှ*

ဘတ်စ်ကားနဲ့ မြို့ပတ်ရထားတွေမှာ ကတ်စနစ်နဲ့ ငွေပေးချေမှုလုပ်ငန်း ဆောင်ရွက်သွားနိုင်ဖို့အတွက် တင်ဒါခေါ်ယူခြင်းရဲ့ ပထမအဆင့် အစည်းအဝေးကို ဒီကနေ့ စိတ်ဝင်စားတဲ့ ကုမ္ပဏီတွေကိုဖိတ်ခေါ်ပြီး အစည်းအဝေးကျင်းပခြင်း ဖြစ်ပါတယ်။ ဒီကတ်စနစ်က နိုင်ငံတကာမှာ ကျင့်သုံးနေတာ ကြာပြီဖြစ်ပါတယ်။ ဒီကတ်စနစ်ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်ပန်းသဇ္ဇာမျိုးက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါကတ်စနစ်အသုံးပြုနိုင်ရေးအတွက် ဝန်ဆောင်မှုပေးမည့်ကုမ္ပဏီအား တင်ဒါခေါ်ယူခြင်းကို အဆင့်သုံးဆင့်ဖြင့် စိစစ်ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ တင်ဒါအဆိုပြုလွှာကို ဩဂုတ် ၂၅ ရက်တွင် စတင်လက်ခံပြီး အဆိုပြုလွှာနောက်ဆုံးလက်ခံစိစစ်ခြင်းကို စက်တင်ဘာ ၉ ရက် သတ်မှတ်ထားကြောင်း၊ တင်ဒါအောင်ကုမ္ပဏီအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ (cabinet) အစည်းအဝေးက အပြီးသတ်ရွေးချယ်ပြီး ဒီဇင်ဘာလအတွင်း ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

တင်ဒါအောင်ကုမ္ပဏီနှင့် စီးပွားရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ခြင်းကို ယခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်ကာ လာမည့်နှစ် ဖေဖော်ဝါရီလအတွင်း ကတ်များကို စတင်အသုံးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း၊ YBS ဘတ်စ်ကားများတွင် YPS ကတ်များ စတင်အသုံးပြုချိန် ပြည်သူများအဆင်ပြေမှုရှိရန် ကတ်စနစ်ရော ငွေသားနှင့်ပါ ပေးချေသောစနစ်လည်း ရှိနိုင်ကြောင်း၊ သို့သော်လည်း ကတ်စနစ်အသုံးပြုသူများအနေဖြင့် ပိုမိုသက်သာမှုများ ရရှိလိမ့်မည်ဖြစ်ကြောင်း၊ လက်ရှိ ငွေကျပ် ၂၀၀ ပေးစီးနေရသော ခရီးတွင် ငွေကျပ် ၁၉၀၊ ၁၈၀ သာ ကုန်ကျနိုင်ကြောင်း၊ ကတ်စနစ်ပြောင်းလဲအသုံးပြုလိုက်ခြင်းကြောင့် ပြည်သူများအနေဖြင့် ပိုမိုကုန်ကျစရိတ်များ တိုးလာမည်မဟုတ်ကြောင်း ဝန်ကြီး ဒေါ်ပန်းသဇ္ဇာမျိုးက ပြောသည်။

အဆိုပါ YPS ကတ်လုပ်ငန်းတွင် Issuer (ခေါ်) YPS ကတ်များထုတ်လုပ်ဖြန့်ဖြူးသူ Acquier (ခေါ်) YPS ကတ်များဖြင့် ငွေပေးချေရာတွင် Terminal စက်ပစ္စည်းများ ထည့်သွင်း၍ ဝန်ဆောင်မှုပေးသူနှင့် Top Up Agent (ခေါ်) YPS ကတ်များ ငွေဖြည့်ရာတွင် ဝန်ဆောင်မှုပေးသူများ ပါဝင်မည်ဖြစ်ကြောင်း၊ Business Model စီးပွားရေးလုပ်ဆောင်မည့်ပုံသဏ္ဌာန်တင်ဒါအောင်မြင်သည့် အဖွဲ့အစည်းကုမ္ပဏီအနေဖြင့် အထက်ပါလုပ်ငန်းစဉ် သုံးခုစလုံးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ကြီးကြပ်အုပ်ချုပ်မှုဖြင့် စီးပွားရေးလုပ်ငန်း ဝန်ဆောင်မှုများ ဆောင်ရွက်ရမည်ဖြစ်ပြီး ငွေပေးချေမှုတိုင်းတွင် သတ်မှတ်ရာခိုင်နှုန်းအတိုင်း အကျိုးခံစားခွင့်ရှိမည်ဖြစ်ကြောင်း၊ ယင်း YPS မှာ ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)၏ အောက်တွင် ရှိမည်ဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအောက်ရှိ စုပေါင်းကုမ္ပဏီကြီး ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် ရန်ကုန်မြို့ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းနိုင်ရန်အတွက် ယခုနှစ်နှစ်ဆန်းပိုင်းက မထသမှ YBS အဖြစ် ပြုပြင်ပြောင်းလဲလိုက်ပြီးနောက် ဘတ်စ်ကားများတွင် ပြည်သူများသွားလာမှုအဆင်ပြေစေရန် ဘတ်စ်ကားခကို ငွေသားကျပ်ငွေအစားကတ်စနစ်ကို ပြုပြင်ပြောင်းလဲသွားရန် ကြိုးပမ်းလာခြင်းဖြစ်သည်။

ယခင်က ရန်ကုန်မြို့တွင် ပြေးဆွဲလျက်ရှိသော ဘတ်စ်ကားယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ရှိနေသည့်အနေအထားမှ ယခုအခါ လိုင်းပေါင်း ၉၁ လိုင်းဖြင့် ပြေးဆွဲနိုင်ခဲ့ပြီဖြစ်ကြောင်း၊ လက်ရှိရန်ကုန်မြို့တွင် ဘတ်စ်ကားအစီးရေ ၃၇၀၀ ကျော်ဖြင့် ပြေးဆွဲလျက်ရှိကြောင်း၊ ခရီးသွားပြည်သူများ၏ လိုအပ်ချက်အပေါ် မူတည်၍ လိုင်းပေါင်း ၁၀၀ အထိ တိုးချဲ့ပြေးဆွဲသွားရန် လျာထားကြောင်း၊ လက်ရှိရန်ကုန်မြို့တွင် ဘတ်စ်ကားအသစ် ၂၆၀၀ အထိ အဟောင်းများနှင့် အစားထိုးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကားဟောင်း ၁၆၀၀ ခန့်ရှိနေသေးကြောင်း၊ မကြာမီ ကားဟောင်းများနေရာတွင် ကားသစ်များဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်း၊ ကားအသစ် အစီး ၈၀၀ အစားထိုးရန် ပြည်သူ့ရင်ပြင်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွက်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

# ငြိမ်းချမ်းရေးအတွက် ဘယ်လိုဖြေရှင်းကြမလဲ

အောင်ကြည်ညွန့်

ဒီကနေ့ အချိန်ကာလဟာ အနာဂတ် ပြည်ထောင်စု မြန်မာနိုင်ငံကြီးအတွက် ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်စေဖို့ လမ်းကြောင်းအစကို ရောက်နေတဲ့ အချိန်လို့မြင်ပါတယ်။ ရှည်ကြာလှတဲ့သမိုင်းကြောင်း သင်ခန်းစာတွေထဲက ရှောင်ရန်၊ ဆောင်ရန်တွေကို လေ့လာသင်ယူပြီး မှန်ကန်တဲ့ ချဉ်းကပ်ဖြေရှင်းမှု ပြုနိုင်မယ်ဆိုရင် နာတာရှည်ဖြစ်နေတဲ့ ပြည်တွင်းစစ်မီးကို ငြိမ်းနိုင်မယ်၊ မျှော်မှန်းထားတဲ့ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ထောင်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။

ကမ္ဘာမှာရှိတဲ့ သက်ရှိလောကတွေထဲမှာ လူသားဖြစ်မှုဟာ အဆင့်အမြင့်ဆုံးဖြစ်နေတာတွေထဲက အချက်တစ်ခုကတော့ သဘောထားကွဲလွဲမှု၊ အဆင်မပြေမှုတွေကို "စကား" အားဖြင့် ပြောဆိုဖြေရှင်း ဆွေးနွေးနိုင်ခြင်းဖြစ်တယ်လို့ ကောက်ချက်ချနိုင်မယ် ထင်ပါတယ်။ "လူ"မှတစ်ပါး အခြားသက်ရှိတွေဟာ ပြဿနာကို မိမိတို့ရဲ့ ကာယအင်အားနဲ့သာ ဖြေရှင်းနိုင်ကြရှာပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် အနာဂတ်မျှော်မှန်းတဲ့ပုံစံကို အောင်မြင်အောင် တက်လှမ်းနိုင်ဖို့အတွက် ပါဝင်ပတ်သက်တဲ့ သက်ဆိုင်တဲ့ အဖွဲ့အစည်းအသီးသီးရဲ့ပခုံးပေါ်မှာ ကျရောက်နေတာလည်းဖြစ်ပါတယ်။ ဒီနေရာမှာ အကြောင်းခိုင်မာစွာ ဖြစ်တည်နေခဲ့တဲ့ သမိုင်းကြောင်းအရ သံသယဖြစ်စရာတွေ၊ စိုးရိမ်စိတ်တွေနဲ့ ယုံကြည်မှုပျက်ယွင်းစရာတွေလည်း ရှိနေခဲ့တာ အမှန်ပဲဖြစ်ပါတယ်။

သမိုင်းမှာ ဘယ်တုန်းက၊ ဘယ်သူတွေက၊ ဘယ်အဖွဲ့အစည်းက၊ ဘယ်လိုအမှားတွေ ပြုခဲ့ကြဖူးတယ်ဆိုပြီး ပုဂ္ဂိုလ်အဖွဲ့အစည်းတွေကို "ပုဂ္ဂလ" သဘောချဉ်းကပ်သုံးသပ်ရင်း "တစ်မျိုးအားဖြင့်" "Who"ဆိုတဲ့မေးခွန်းနဲ့ ချဉ်းကပ်ရင် အပြစ်ကင်းသူဆိုတာ ရှာမတွေ့နိုင်ဘဲ အပြန်အလှန်စွပ်စွဲနေရခြင်း၊ ဖြေရှင်းနေရခြင်းနဲ့ စိန်ခေါ်မှုတွေ သည့်ထက်တိုးလာနိုင်မှာကို စိုးရိမ်ဖွယ်ရှိပါတယ်။ ဒါကြောင့် "ဘာကြောင့်" ဒီလိုတွေဖြစ်ခဲ့ရတာလဲဆိုတဲ့ "ဓမ္မဓိဋ္ဌာန်" သဘောနဲ့ ချဉ်းကပ်ပါမှ၊ တစ်နည်းအားဖြင့် "Why" ဆိုတဲ့ မေးခွန်းနဲ့စတင်တဲ့ ချဉ်းကပ်မှုမျိုးပြုနိုင်ပါမှ ရှေ့ကိုတက်လှမ်းနိုင်မယ်၊ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်မယ့် အဖြေတွေရမယ်လို့ ယုံကြည်မိပါတယ်။

ဒီနေရာမှာ ဟောင်းပေမယ့် အလွန်ကောင်းပြီး အဆင့်အတန်းမြင့်တဲ့၊ ကျွန်တော်တို့လူ့အဖွဲ့အစည်းဟာ ဘယ်လိုလူ့အဖွဲ့အစည်းဖြစ်တယ်ဆိုတာ ပြန်လည်ဖော်ထုတ်ဖြေရှင်းကြရင် သူတစ်ပါးနိုင်ငံတွေရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေလောက် အချိန်မကြာဘဲ အောင်မြင်မယ်လို့ အကြံပြုချင်ပါတယ်။

ဒီနေ့ ကျွန်တော်တင်ပြချင်တဲ့အချက်ကတော့ ကျွန်တော်တို့ မေ့ပျောက်သလောက်ဖြစ်နေတဲ့၊ တစ်နည်းအားဖြင့် အခုဒီအချိန်မှာ မျက်စိအောက်ထဲမှာ ပျောက်နေတဲ့၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုကြီးများ ပြန်လည်ဖော်ထုတ်နိုင်မယ်ဆိုရင် ပြဿနာအားလုံးကို အချိန်တိုတိုနဲ့ ဖြေရှင်းနိုင်မယ်လို့ ထင်ပါတယ်။

အဲဒါကတော့ ကျွန်တော်တို့ခေတ်၊ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဘုန်းကြီးကျောင်းကနေစပြီး မူလတန်း စသင်ကတည်းကိုက ကျွန်တော်တို့ကို သင်ပေးလိုက်တဲ့ ဒဿနတစ်ရပ်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ရှေးရှေးဘိုးဘွားမိဘများကိုယ်တိုင်က၊ ကျွန်တော်တို့ကို သင်ပေးလိုက်တာ၊ ဆက်ပြီးဖြစ်စေချင်တဲ့ဟာ၊ အဲဒါက ကျွန်တော်တို့ လူ့အဖွဲ့အစည်းဟာ right base လို့ခေါ်တဲ့ အခွင့်အရေးတွေပေါ်ကနေ ရပ်တည်ရတဲ့ လူ့အဖွဲ့အစည်းအဖြစ် တည်ဆောက်ခဲ့တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းဟာ obligation base လို့ခေါ်တဲ့ ဝတ္တရားနဲ့ တည်ဆောက်ခဲ့တဲ့ လူ့အဖွဲ့အစည်းဖြစ်တယ်ဆိုတာပါ၊ ဒါကို မမေ့သင့်ပါဘူး။ ပြန်ဖော်ထုတ်ကြည့်သင့်တယ်လို့ ဒီနေရာမှာ အကြံပြုခြင်းဖြစ်ပါတယ်။

ဆိုလိုချင်တာက ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ သားသမီးတွေရရမယ့် rights တွေ၊ သားသမီးတွေရဲ့ အခွင့်အရေးတွေကို၊ ဒါ သားသမီးတွေ ရရမယ့် အခွင့်အရေးတွေလို့ ကျွန်တော်တို့ ဘိုးဘွားမိဘတွေက မပေးခဲ့ပါဘူး။ ဘယ်မှာပဲပေးခဲ့လဲဆိုရင် မိဘတွေကိုပဲ ပေးခဲ့ပါတယ်။ မိဘများရဲ့ဝတ္တရားလို့ ပေးခဲ့ပါတယ်။ မိဘများရရမယ့် အခွင့်အရေးကိုလည်း မိဘတွေ ဒီအခွင့်အရေး ရစရာရှိတယ်လို့ မပေးခဲ့ပါဘူး။ သားသမီးတွေမှာ ဒီဝတ္တရားရှိတယ်လို့ ပေးခဲ့ပါတယ်။ အဲ့ဒီလိုပဲ ခင်ပွန်းတွေရရမယ့် အခွင့်အရေးတွေကို ဇနီးတွေဘက်ကို ထည့်ပြီးတော့ ဝတ္တရားအဖြစ် ပေးခဲ့ပါတယ်။ ဇနီးများရရမယ့် အခွင့်အရေးတွေကို ခင်ပွန်းများဘက်က ဝတ္တရားလို့ ပေးခဲ့ပါတယ်။ ဒါဟာ အင်မတန်မှ အဆင့်အတန်းမြင့်တဲ့ ယဉ်ကျေးမှုလို့ သုံးသပ်ချင်ပါတယ်။

အခွင့်အရေးကို ဦးစားပေးပြီးသွားတာနဲ့ selfish အတ္တပါလာတယ်။ အကျိုးစီးပွားပါလာတယ်။ ဒါကြောင့်မို့လို့ အကျိုးစီးပွားတွေ ပဋိပက္ခဖြစ်တယ်။ ဒါကြောင့်မို့လို့ ပြဿနာတွေဖြစ်တယ်။ အခုကျွန်တော်တို့ ပြဿနာတွေကို ကိုင်တွယ်တဲ့အခါမှာ အဲ့ဒီယဉ်ကျေးမှုကို ပြန်ဖော်ထုတ်လိုက်ပြီးတော့ နိုင်ငံတော်ကြီးအတွက်၊ ပြည်ထောင်စုကြီးအတွက် မြောက်မြားစွာသော တိုင်းရင်းသားလူမျိုးစုများအားလုံးအတွက် အသီးသီးသော အဖွဲ့အစည်းများက ဘယ်ဝတ္တရားရှိသလဲဆိုတဲ့ ရှုထောင့်ကသာ ကြည့်လိုက်ရင် ပြဿနာတွေ အချိန်တိုတိုနဲ့ ဖြေရှင်းသွားနိုင်မယ်လို့ မြင်ပါတယ်။ ဆိုချင်တာက ဒီအခြေအနေမျိုးမှာ ကျွန်တော်တို့က ဒီလိုလုပ်ပေးစေချင်ရင် ခင်ဗျားတို့က ဒါလုပ်ပေးရမယ်။ ခင်ဗျားတို့က အဲ့ဒါလုပ်ပေးရင် ကျွန်တော်တို့က ဒါလုပ်ပေးမယ်ဆိုတဲ့ rights တွေနဲ့သွားပြီး ရှင်းနေသရွေ့ ပြဿနာဖြေရှင်းမှုဟာ ရှေ့ကိုမတိုးနိုင်ဘူးလို့ ထင်ပါတယ်။

အဲဒီတော့ ပြည်ထောင်စုကြီးအတွက် အသီးသီးသော ကျွန်တော်တို့ အဖွဲ့အစည်းများက ငါတို့ဘက်က ဘယ်လိုဝတ္တရားတွေရှိသလဲဆိုတဲ့ ရှုထောင့်ကများ စဉ်းစားလိုက်မယ်ဆိုရင် မညီညွတ်မှုတွေအများကြီး အချိန်တိုအတွင်းမှာ ပြေလည်သွားနိုင်မယ်လို့ သုံးသပ်ပါတယ်။

အဲ့ဒီနေရာမှာ သတိပြုစရာ အချက်နှစ်ချက်ရှိပါတယ်။ အဲ့ဒါက ဝတ္တရားနဲ့သွားရတဲ့ လူ့အဖွဲ့အစည်းမှာ တစ်ဖက်သတ်ကပဲ ဝတ္တရားကျေနေမယ်ဆိုရင်လည်းပဲ အဲ့ဒီမိသားစု၊ အဲ့ဒီနိုင်ငံ ရေရှည်မတည်ငြိမ်နိုင်ပါဘူး။ မငြိမ်းချမ်းနိုင်ပါဘူး။ တစ်ဖက်သတ်ဝတ္တရားကျေနေလို့မပြီးပါဘူး။ ဒုတိယအရေးကြီးဆုံးက ဝတ္တရားတစ်ခုကို ရေရှည်တာဝန်ယူပြီး ထမ်းဆောင်လာခဲ့ရတဲ့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများဟာ တစ်ခါတလေမှာ ကိုယ့်မှာ ဝတ္တရားအရ ဆောင်ရွက်နေရတာကိုပင်လျှင် ငါတို့ရဲ့ လုပ်ပိုင်ခွင့်နဲ့ ငါတို့ရဲ့ ရပိုင်ခွင့် အခွင့်အရေးလို့ ဝတ္တရားကို အခွင့်အရေးလို့ပြောင်းပြီးမြင်လိုက်မယ်ဆိုရင်လည်းပဲ ပြဿနာပေါင်း သောင်းခြောက်ထောင် ဆက်ပြီးပေါ်ပေါက်လာတတ်ပါတယ်လို့ အကြံပြုချင်ပါတယ်။

ဒီနည်းနဲ့ တွေ့ကြုံနေတဲ့၊ တွေ့ကြုံနေဦးမယ့်၊ တွေ့ကြုံရဦးမယ့် စိန်ခေါ်မှုများကို အောင်မြင်မှုလှေကားထစ်များအဖြစ် ပြောင်းလဲနိုင်ကြပါစေ။ မျှော်မှန်းထားတဲ့အတိုင်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကိုတည်ဆောက်နိုင်ပြီး တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး အကြီးအသေးနှင့် အနီးအဝေး မကွဲပြားဘဲ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းစွာယှဉ်တွဲ ရပ်တည်နိုင်ကြပါစေကြောင်း ဆန္ဒမွန်ပြုအပ်ပါတယ်။ ။

**'ဝတ္တရားနဲ့သွားရတဲ့ လူ့အဖွဲ့အစည်းမှာ တစ်ဖက်သတ်ကပဲ ဝတ္တရားကျေနေမယ်ဆိုရင်လည်းပဲ အဲ့ဒီမိသားစု၊ အဲ့ဒီနိုင်ငံ ရေရှည်မတည်ငြိမ်နိုင်ပါဘူး။ မငြိမ်းချမ်းနိုင်ပါဘူး။ တစ်ဖက်သတ်ဝတ္တရား ကျေနေလို့မပြီးပါဘူး။ ဒုတိယအရေးကြီးဆုံးက ဝတ္တရားတစ်ခုကို ရေရှည်တာဝန်ယူပြီး ထမ်းဆောင်လာခဲ့ရတဲ့ ပုဂ္ဂိုလ်အဖွဲ့အစည်းများဟာ တစ်ခါတလေမှာ ကိုယ့်မှာ ဝတ္တရားအရ ဆောင်ရွက်နေရတာကိုပင်လျှင် ငါတို့ရဲ့ လုပ်ပိုင်ခွင့်နဲ့ ငါတို့ရဲ့ ရပိုင်ခွင့် အခွင့်အရေးလို့ ဝတ္တရားကို အခွင့်အရေးလို့ ပြောင်းပြီးမြင်လိုက်မယ်ဆိုရင်လည်းပဲ ပြဿနာပေါင်း သောင်းခြောက်ထောင် ဆက်ပြီးပေါ်ပေါက်လာတတ်'**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးအတွေ့အကြုံ ထပ်ဆင့်ရှင်းလင်း

စစ်တွေ ဩဂုတ် ၁၅

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၁၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ အတွေ့အကြုံများကို ထပ်ဆင့်ရှင်းလင်းခြင်းနှင့် တရားစီရင်ရေးကျင့်ဝတ်များ ရှင်းလင်းခြင်းအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီခွဲတွင် ပြည်နယ်တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။**



ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်က အမှာစကား ပြောကြားပြီး ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များနှင့် တရားစီရင်ရေးကျင့်ဝတ်တို့ကို ထပ်ဆင့်ရှင်းလင်းသည်။ ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများဖြစ်ကြသည့် ဦးသိန်းအောင်နှင့် ဒေါ်စန်းစန်းရီတို့က တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်နယ်တရားရေးဦးစီးမှူး ဦးစိုးစိုးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များ၊ တရားစီရင်ရေးကျင့်ဝတ်နှင့် တရားစီရင်ရေး၊ စီမံခန့်ခွဲရေးတို့ကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ ယင်းနောက် ခရိုင်နှင့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေး အခြေအနေနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်တရားရေး ဦးစီးမှူးတို့က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပေးကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်အတွင်းရှိ တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများနှင့် တရားရေးအရာရှိများ တက်ရောက်ကြကြောင်း သိရသည်။ **တင်ထွန်း (ပြန်/ဆက်)**

## ကလေးစာပေပွဲတော်(မုံရွာ) ကျင်းပမည့်ရက် ပြောင်းလဲ

နေပြည်တော် ဩဂုတ် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော် (မုံရွာ) ကို စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပရန် ကြိုတင်ညှိနှိုင်း စီစဉ်ထားပြီးဖြစ်သော်လည်း လတ်တလောအခြေအနေများအရ မူလစီစဉ်ထားသည့် နေ့ရက်များတွင် ကျင်းပနိုင်ခြင်းမရှိသေးကြောင်းနှင့် ကျင်းပမည့်ရက်အား ထပ်မံအသိပေး ကြေညာသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူး၍ သုတဘဏ် စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ စာရေးဆရာအသင်းကကြီးမှူး၍ သုတဘဏ် စာတမ်းဖတ်ပွဲကို ဩဂုတ် ၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ (၈) လွှာ အမှတ် ၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး စာတမ်းဖတ်ပွဲတွင် ရွှေကူနန်းနွဲ့နွဲ့က " မြန်မာ့မဟာဂီတ အစနှင့်အဆုံးလေ့လာခြင်း" စာတမ်းနှင့် သုတေသီမောင်မောင်က " မြန်မာနိုင်ငံတွင် ခတ်ပြားနေဝင်ချိန်" စာတမ်းများကို ဖတ်ကြားကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဖြူးမြို့နယ်အတွင်းရှိ ရပ်ကွက်များ သာယာလှပရေး အထောက်အကူပြုအဖွဲ့ ညှိနှိုင်း

ဖြူး ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ ရပ်ကွက်များ သာယာလှပရေးအထောက်အကူပြုအဖွဲ့များ ညှိနှိုင်းအစည်းအဝေးအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီကဖြူးမြို့စည်ပင်သာယာခန်းမ၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် ဖြူးမြို့မစည်ပင်သာ ယာဈေးကြီးနှင့် ရပ်ကွက်များအတွင်းရှိ ရေမြောင်းများနှင့် ရပ်ကွက်သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်နိုင်ကြရန် အပြုသဘော ဆောင်၍ အားလုံးတက်ညီလက်ညီ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် မြို့နယ်စည်ပင် သာယာရေးရုံးမှ တာဝန်ရှိသူများက ညှိနှိုင်း ပြောကြားကြကြောင်း သိရသည်။ **(ဖြူး-မြင့်ဦး)**

လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်းဆန့်ကျင်ကြ

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စာရင်းများကိုစစ်ဆေးလျှင် BOT လမ်းများမှ ရသင့်ရထိုက်သည့်ဝင်ငွေများ ပြည့်ဝစွာရရှိမှုအခြေအနေ၊ ပဋိညာဉ်စာချုပ်ပါစည်းကမ်းချက်များအား လိုက်နာဆောင်ရွက်မှုအခြေအနေများကို အလေးထားစစ်ဆေးဆောင်ရွက်သွားမည်


ဦးလှကျော်
ဒုတိယဝန်ကြီး


ဦးမော်သန်း
ပြည်ထောင်စုစာရင်းစစ်ချုပ်


ဦးမောင်မောင်ဝင်း
ဒုတိယဝန်ကြီး

နေပြည်တော် ဩဂုတ် ၁၅

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏ အရအသုံးစာရင်းများ စစ်ဆေးချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၄/၂၀၁၇)ကို** လွှတ်တော်က သဘောတူမှတ်တမ်းတင် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၁၇ ရက် မြောက်နေ့တွင်ထိုသို့ အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါအစီအရင်ခံစာနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဆောင်ရွက်ခဲ့သည့် ဝါသလဖြတ် မြောင်းတူးဖော်ခြင်းလုပ်ငန်းသည် သဘာဝဘေးအန္တရာယ်ကျရောက်မှုမှ အရေးပေါ် ကာကွယ်နိုင်ရေးဆောင်ရွက်ခဲ့ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် အရေးပေါ်ဆောင်ရွက်ရသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုချက်တွင်ပါရှိသည့်အတိုင်း ဘဏ္ဍာရန်ပုံငွေကြေးစီမံခန့်ခွဲမှုစနစ်၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းပေးပါက အဆိုပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နို့ပေါင်းစက် အလုံး ၉၀ ဝယ်ယူခဲ့ရာတွင် လည်ပတ်ရန် ၂၅ လုံးကျန်ရှိနေသေးခြင်းနှင့် စပ်လျဉ်း၍ စက်လည်ပတ်ရန် လိုအပ်ချက်ဖြစ်သည့် မြေနေရာ၊ အဆောက်အအုံ၊ လျှပ်စစ်မီး၊ နွားနို့ကုန်ကြမ်းတို့အတွက် ကြိုတင်စီမံချက်ချမှတ်နိုင်မှု အားနည်းခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လည်ပတ်ထုတ်လုပ်နိုင်ရေးကို အကြံပြုချက်တွင်ပါရှိသည့်အတိုင်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အစာစပ်စက်ရုံများမှ ကြွေးကျန် ၄၂ ဘီလီယံနှင့်ပတ်သက်၍ ကြွေးကျန်များ အမြန်ပေးဆပ်နိုင်ရေး ပိုင်ဆိုင်ပစ္စည်းများ ရောင်းချရန် အခက်အခဲရှိကြောင်း တင်ပြချက်အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်နှင့် ကိုက်ညီသော ၅ မှုအား တရားမကြောင်းသို့ ပြောင်းလဲစွဲဆိုနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်၍ အစီအရင်ခံစာတွင် ဖော်ပြထားသည့် ကျေးရွာအဆင့် ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများ လုပ်ငန်းကျွမ်းကျင်မှုအားနည်းချက်များနှင့် စပ်လျဉ်းပြီး ယင်းသို့ မဖြစ်ပေါ်စေရေးအတွက် အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အကြံပြုချက်တွင်ပါရှိသော ကျေးရွာကော်မတီများ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် စီမံကိန်းဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းများ၊ ဆရာဖြစ်သင်တန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပူးပေါင်း၍ ငွေကြေးဆိုင်ရာ စာရင်းကိုင်သင်တန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာသင်တန်းများကို သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်း၍ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပါကြောင်း။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သီးသန့်ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ် ကိုမာန်လေဘေးအတွက် တိရစ္ဆာန်များထောက်ပံ့ခြင်းနှင့်စပ်လျဉ်း၍ တိရစ္ဆာန်များ စနစ်တကျဝယ်ယူ ဖြန့်ဖြူးနိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်ကုန်ဆုံးခါနီးအချိန် ၃ လခန့်သာ ရရှိခဲ့ရာမှာ လုပ်ငန်းရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော်နိုင်မှု အားနည်းခဲ့ပါကြောင်း၊ သမဝါယမဦးစီးဌာနမှ တရုတ်နိုင်ငံ EXIM Bank ချေးငွေဖြင့် အသေးစား ငွေချေးလုပ်ငန်းဆောင်ရွက်မှုနှင့် ကိုရီးယားနိုင်ငံချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖြင့် Daedong လယ်ယာသုံးစက်ကိရိယာများ တင်သွင်းရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ ချေးငွေယူစဉ်က ၁ ဒေါ်လာလျှင် ပျမ်းမျှငွေလဲလှယ်နှုန်း ၁၀၉၁ ဒသမ ၀၀၉၉ ကျပ်နှင့် အမြင့်ဆုံး ၁၃၇၀ ဒသမ ၁၀ ကျပ်တို့ဖြင့် လဲလှယ်ပေးချေခဲ့သည့်အတွက် တစ်ဒေါ်လာ ပျမ်းမျှငွေလဲလှယ် နှုန်း ၂၀၅ ဒသမ ၄၉၅ ကျပ် ကွာဟပါကြောင်း။

ဗဟိုသမဝါယမအသင်းတွင် ငွေကြေးပြောင်းလဲမှုအတွက် သီးသန့်ရန်ပုံငွေလျာထားပြီး ၎င်းငွေမှ ကျခံဆောင်ရွက်လျက်ရှိရာတွင် တွက်ချက်မှုအရ ငွေလဲလှယ်နှုန်း အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၂၀ ကျပ်အထိ ခံနိုင်ရည်ရှိစွာဖြင့် ပေးချေနိုင်သည့် အနေအထားရှိပါကြောင်း၊ သမဝါယမဦးစီးဌာန ကိုရီးယားနိုင်ငံချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြင့် Daedong လယ်ယာသုံးစက်ကိရိယာများ တင်သွင်းရောင်းချခြင်းနှင့်စပ်လျဉ်း၍ စက်စွမ်းအားမြင့်သည့်စက်ပစ္စည်းများကို ပိုမိုဝယ်ယူခဲ့ကြပါကြောင်း၊ ကိုရီးယားနိုင်ငံနှင့် စတင်ဆွေးနွေးစဉ်ကတည်းက စက်ပစ္စည်းများ အသုံးနည်းပြီး ကြိုက်နှစ်သက်မှုမရှိပါက လည်းကောင်း၊ မြန်မာ့ရေမြေသဘာဝနှင့် မကိုက်ညီပါက လည်းကောင်း လဲလှယ်ပေးရမည်ဟု သဘောတူခဲ့ကြပါကြောင်း။

Daedong ကုမ္ပဏီ၊ Family United Power ကုမ္ပဏီ၊ ရွှေထွက်တိုးကုမ္ပဏီတို့ ပူးပေါင်း၍ နေပြည်တော်၊ မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် Service Center များ ဖွင့်လှစ်၍ တောင်သူများအတွက် လိုအပ်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၁၆ ခုနှစ် ဇွန်၊ ဇူလိုင် (အထူး) ရောင်းချပွဲမှစ၍ ရတနာပြပွဲကုန်ကျစရိတ်များကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲခြင်းမပြုဘဲ ပြပွဲဝင်ကြေးနှင့် ရတနာပြပွဲတွင် တင်ပြရောင်းချသည့် ကျောက်တွဲရောင်းရငွေအပေါ် ရာခိုင်နှုန်းသတ်မှတ်၍ကောက်ခံပြီး ရတနာပြပွဲဗဟိုကော်မတီ ရန်ပုံငွေအဖြစ်ထားရှိ၍ ယင်းရန်ပုံငွေမှ ကျခံသုံးစွဲခဲ့ပါကြောင်း၊ အခွန်ကင်းလွတ်ခွင့်များတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုချက်ဖြင့် အကောက်ခွန်နှင့် ကုန်သွယ်ခွန်စုစုပေါင်းငွေကျပ် ၂၈၆ ဒသမ ၂၄၄ ဘီလီယံ ကင်းလွတ်ခွင့်ပြုခဲ့ခြင်းမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ခွင့်ပြုသက်တမ်းကုန်ဆုံးသည့်အချိန်ထိ ဆက်လက်အကျိုးသက်ရောက်စေရမည်ဟု ပြဋ္ဌာန်းထားပါသဖြင့် ယခင်ဥပဒေများအရ ခွင့်ပြုခဲ့သည့် လုပ်ငန်းများ၏ ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို ဆက်လက်ခံစားခွင့်ပြုရမည်ဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ် ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားမှုမဖြစ်အောင် နည်းလမ်းများ ရှာဖွေဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြချက်နှင့်စပ်လျဉ်း၍ ကုန်ထုတ်လုပ်မှု တိုးတက်စေရန် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SME) ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊ မတည်ရင်းနှီးငွေလိုအပ်ချက်တွင် ချေးငွေအပါအဝင်လိုအပ်သော ပြည်တွင်းပြည်ပအရင်းအနှီးများ ကူညီပံ့ပိုးပေးခြင်း၊ ဘဏ္ဍာရေးမူဝါဒဖြင့် ဘတ်ဂျက်လိုငွေကို ထိန်းချုပ်ခြင်း၊ ငွေကြေးမူဝါဒဖြင့် လှည့်လည်သုံးစွဲသည့် ငွေပမာဏ တိုးတက်မှုကို ထိန်းချုပ်ခြင်း၊ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ နိုင်ငံပိုင်မြေနှင့် အဆောက်အအုံများ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းခဝင်ငွေများ၊ ရသင့်ရထိုက်သော ဝင်ငွေများ လျော့နည်းရရှိမှုအပိုင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြထားပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စာရင်းများကို စစ်ဆေးလျှင် BOT လမ်းများမှ ရသင့်ရထိုက်သည့်ဝင်ငွေများ ပြည့်ဝစွာရရှိမှုအခြေအနေ၊ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်မှုအခြေအနေများကို အလေးထားစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ မိမိကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့် ရပ်တည်သည့် အဖွဲ့အစည်းများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သော အဖွဲ့အစည်းများဖြစ်၍ ယင်းတို့၏ စာရင်းများကို စစ်ဆေးရန်အတွက် ဥပဒေများတွင် ထည့်သွင်းထားခြင်းဖြစ်ပါကြောင်း၊ မိမိကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့် ရပ်တည်သည့်အဖွဲ့အစည်းများက စာရင်းစစ်ခန့်အပ်လျှင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ခွင့်ပြုချက်ရယူ၍ ခန့်အပ်ပါက ဥပဒေအကြောင်းအရ ညီညွတ်မှုရှိပါကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် စစ်ဆေးရေးလုပ်ငန်းများဖြစ်သည့် ပြည်သူပိုင်နိုင်ငံတော်ဘဏ္ဍာငွေများကို သတ်မှတ်ချက်အတိုင်း အလေအလွင့်မရှိ ထိရောက်အကျိုးရှိစွာသုံးစွဲစေရေး၊ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်စေရေး၊ နိုင်ငံတော်မှ ရရှိရန်ရှိသည့် အခွန်ဘဏ္ဍာများ အပြည့်အဝရရှိစေရေး၊ ဥပဒေနည်းဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ ဝန်ထမ်းစည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ အတိုင်း ဆောင်ရွက်လာစေရေးအတွက် အကြံပြုထောက်ပြ ဆွေးနွေးသွားကြသည့် လွှတ်တော်ကိုယ်စားလှယ်များက ကျေးဇူးတင်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်တို့က ရှင်းလင်းပြောကြားကြသည်။

ထို့ပြင် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော **ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်းက ဖတ်ကြားတင်ပြပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**မျိုးမြင့်၊ အေးအေးသန့် (သတင်းစဉ်)**

# အိန္ဒိယနိုင်ငံ လွတ်လပ်ရေးနေ့ ၂၀၁၇ အထိမ်းအမှတ်အဖြစ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ချစ်ကြည်ရေးတံတားဖွင့်

**ရိခေါဒါရ် ဩဂုတ် ၁၅**

အိန္ဒိယနိုင်ငံ လွတ်လပ်ရေးနေ့ ၂၀၁၇ အထိမ်းအမှတ်အဖြစ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ချစ်ကြည်ရေးတံတားဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၁၁ နာရီတွင် အဆိုပါ နှစ်နိုင်ငံနယ်စပ်ချစ်ကြည်ရေး တံတားမုခ်ဦး (အိန္ဒိယဘက်ကမ်း)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘက်မှ ချင်းပြည်နယ် ဟားခါးမြို့ အခြေစိုက် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး နေမျိုးဇော်နှင့် အိန္ဒိယနိုင်ငံဘက်မှ Assam Rifle Brigadier M.S MOKHA တို့က နှစ်နိုင်ငံနယ်စပ်ချစ်ကြည်ရေးတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ချင်းပြည်နယ် စစ်ဗျူဟာမှူးက Assam Rifle တပ်မတော်နယ်လှည့် ဆေးကုသခြင်းလုပ်ငန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး Assam Rifle တပ်မတော်ဆေးဘက်ဆိုင်ရာ ဆရာဝန်များနှင့် ရိခေါဒါရ်မြို့ တိုက်နယ်ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာ ထောင်းထာပဲန်းလျန်နှင့် သူနာပြုဆရာမများက ပူးပေါင်းကူညီ၍ နှစ်နိုင်ငံ နယ်စပ်ဒေသရှိ ပြည်သူများ၏ ကျန်းမာရေးအခြေအနေ ကြည့်ရှုစစ်ဆေးကုသပေးခြင်း၊ အထွေထွေရောဂါစစ်ဆေးကုသခြင်းနှင့် သွားဘက်ဆိုင်ရာ ပြုစုကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့အပြင် Assam Rifle က ပေးအပ်လှူဒါန်းသည့် အိမ်သုံးဆိုလာမီးအိမ်ငယ် ၈၀၀ ခန့်ကို ချင်းပြည်နယ် စစ်ဗျူဟာမှူးနှင့် Assam Rifle Brigadier M.S MOKHA တို့က နယ်စပ်ဒေသပြည်သူများထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် နှစ်နိုင်ငံ တပ်မတော်ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲများကျင်းပရာ ပြိုင်ပွဲဝင် တပ်မတော်အားကစားသမားများအား ဆုများ ချီးမြှင့်ပေးကြောင်း သိရသည်။

**ရိခေါဒါရ် (မြန်/ဆက်)**



✲ *ကျော်ဖုံးမှ*

ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ မြန်မာနိုင်ငံအတွင်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုအခြေအနေများ ဆက်လက်စီးဝင်လာမည့် အလားအလာများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး ။ ဒီနှစ် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပိုများလာတယ်လို့ သိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုအခြေအနေသိပါရစေ။**

ဖြေ ။ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှာ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးပြီးတော့ ထုတ်ပြန်ခဲ့ပါတယ်။ ဒါနဲ့ဆက်စပ်ပြီး ဆောင်ရွက်ရမယ့် ကြေညာချက်တွေ၊ နည်းဥပဒေတွေကို ၂၀၁၇ ခုနှစ် မတ် ၃၀ ရက်မှာ ထုတ်ပြန်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှာ ဥပဒေသစ်ကို စပြီးကျင့်သုံးတယ်။ ပြည်တွင်းမှာရှိတဲ့ လုပ်ငန်းရှင်တွေ၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေ စိတ်ဝင်စားမှုရှိတဲ့ဥပဒေလည်းဖြစ်တယ်။ ဥပဒေကလည်း ရင်းနှီးမြှုပ်နှံသူတွေအတွက် အကာအကွယ်ပေးထားပြီးတော့ သူတို့လုပ်ငန်းကိုချဲ့ထွင်နိုင်ဖို့အချက်တွေကို ထည့်သွင်းပြဋ္ဌာန်းထားတယ်။ ဒီနှစ်ဩဂုတ် ၇ ရက်နောက်ဆုံးအစည်းအဝေးလုပ်ခဲ့ပြီး ဒီအချိန်အထိ ခွင့်ပြုပေးလိုက်တဲ့ လုပ်ငန်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှုရော၊ နောက်တစ်ခုက အရင်နှစ်တွေက ခွင့်ပြုပြီးတော့လုပ်ထားတဲ့ လုပ်ငန်းတွေကတော့ ထပ်ပြီး တိုးမြှင့်တာပေ့ါ၊ ဒီနှစ်ခု ပေါင်းလိုက်ရင် အမေရိကန်ဒေါ်လာသန်းပေါင်း ၃၄၀၀ လောက်ဝင်လာပါတယ်။ သီလဝါအထူး စီးပွားရေးဇုန်ကလည်း သန်း ၂၀၀ ကျော်ဝင်လာပါတယ်။ ဝင်တဲ့အတွက် ဒီနှစ်က အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၆၀၀ ကျော်ဝင်လာတဲ့အနေအထားဖြစ်ပါတယ်။

**မေး ။ ဝင်ရောက်လာခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို သိပါရစေ။**

ဖြေ ။ ဝင်လာတဲ့လုပ်ငန်းအများစုကတော့ ကုန်ထုတ်လုပ်ငန်းတွေ ဖြစ်ပါတယ်။ ဒုတိယအများဆုံးကတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ပတ်သက်တဲ့ ကဏ္ဍတွေနဲ့ ဒုတိယအများဆုံးပါဝင်ပါတယ်။ တတိယအများဆုံးအပိုင်းက ဝန်ဆောင်မှုကဏ္ဍတွေပေ့ါ၊ ဝန်ဆောင်မှုကဏ္ဍဆိုတာ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းတွေ၊ ကျန်တဲ့ဝန်ဆောင်မှုလုပ်ငန်းတွေ ပါဝင်တယ်။ စတုတ္ထကတော့ အိမ်ရာအဆောက်အအုံတွေဆောက်တဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ၃၅ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးနဲ့ပတ်သက်တဲ့ ကဏ္ဍတွေမှာ ၃၀ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍတွေမှာ ၂၅ ရာခိုင်နှုန်း၊ အိမ်ရာဆောက်တဲ့ ကဏ္ဍတွေမှာ ခြောက်ရာခိုင်နှုန်း ပါဝင်ပါတယ်။

**မေး ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေမှာ ဘယ်နိုင်ငံတွေက ရင်းနှီးမြှုပ်နှံမှုအများဆုံးပါလဲ။**

ဖြေ ။ ပြီးခဲ့တဲ့နှစ်က စင်ကာပူက အများဆုံး ၅၇ ရာခိုင်နှုန်းလောက်ဝင်ပါတယ်။ ဒုတိယအများဆုံးအနေနဲ့ တရုတ်က ကိုးရာခိုင်နှုန်းဝင်ပါတယ်။ ဒီနှစ်လက်ရှိအနေအထားမှာ စင်ကာပူက ၃၅ ရာခိုင်နှုန်း၊ တရုတ်က ၁၈ ရာခိုင်နှုန်းလောက်ရှိပါတယ်။

**မေး ။ ထူးခြားချက်အနေနဲ့ သီလဝါအထူးစီးပွားရေးဇုန်ဥပဒေအရ ဝင်ရောက်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကိုလည်း သိပါရစေ။**

ဖြေ ။ သီလဝါကိုတော့ ၂၀၁၄-၂၀၁၅ ခုနှစ်ကစပြီး ခွင့်ပြုခဲ့တယ်။ ဇူလိုင်လကုန်အထိ သီလဝါမှာ စီမံကိန်းပေါင်း ၈၄ ခု ခွင့်ပြုထားပါတယ်။ စီမံကိန်း ၈၄ ခုကဝင်လာတဲ့ ပမာဏပေါင်းလိုက်ရင် စုစုပေါင်းအမေရိကန်ဒေါ်လာသန်း ၁၁၀၀ လောက် ခွင့်ပြုပေးထားပါတယ်။ သီလဝါမှာ ထူးခြားတာကတော့ အများဆုံးဝင်လာတာက ကုန်ထုတ်လုပ်မှုကဏ္ဍ ၇၅ ရာခိုင်နှုန်းနဲ့ ၂၅ ရာခိုင်နှုန်းက ဝန်ဆောင်မှုတွေဖြစ်ပါတယ်။ သီလဝါကလည်း သုံးနှစ်လောက်အတွင်းမှာ အမေရိကန်ဒေါ်လာသန်း ၁၁၀၀ ဝင်လာတဲ့အတွက် သီလဝါက ရှေ့လျှောက်အလားအလာကောင်းနေပါတယ်။

**မေး ။ အခုဘဏ္ဍာနှစ်မှာ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုကို ၄၀ရာခိုင်နှုန်းလောက် ခွင့်ပြုပေးခဲ့တယ်လို့ သိရပါတယ်။ ရင်းနှီးမြှုပ်နှံမှုမှာမြန်မာကျပ်ငွေနဲ့ရော အမေရိကန်ဒေါ်လာနဲ့ပါ ဖော်ပြထားတာတွေ့ရပါတယ်။ အသေးစိတ်ကို ရှင်းလင်းပြောပြပေးပါ။**

ဖြေ ။ တချို့မြန်မာနိုင်ငံသားတွေ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလုပ်ပါတယ်။ သူတို့လိုအပ်တဲ့ စက်ပစ္စည်းတွေ စက်ယန္တရားတွေကို နိုင်ငံခြားကနေမှာရတယ်၊ ဒီလိုမှာတဲ့အခါ သူတို့ရင်းနှီးမြှုပ်နှံမှုမှာ နိုင်ငံခြားကိုမှာတာဖြစ်တဲ့အတွက် ဒေါ်လာနဲ့ဖော်ပြတယ်။ ပြည်တွင်းမှာလုပ်တဲ့ လုပ်ငန်းတွေကျတော့ မြန်မာ



ဦးအောင်နိုင်ဦး (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်)

ကျပ်ငွေနဲ့ ဘယ်လောက်သုံးပါမယ်ဆိုတာ ဖော်ပြတယ်။ ဒီကနေ့အထိ လုပ်ငန်း ၄၀ လောက်က အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော် အပါအဝင် ငွေကျပ်သန်း ထောင်ပေါင်း ၁၂၀၀ ကျော်ပဲ။ တစ်နည်းပြောရရင် ၁ ဒသမ ၂ ထရီလီယံ မြန်မာနိုင်ငံသားတွေအတွက် ခွင့်ပြုပါတယ်။ မြန်မာနိုင်ငံသားတွေက လက်ရှိအနေအထားနဲ့ ဘာအဝင်များလဲဆိုတော့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍပါ။ တယ်လီဖုန်းကဏ္ဍနဲ့ ဆက်စပ်တဲ့တာဝါတိုင်ဆောက်တဲ့ လုပ်ငန်းတွေ တော်တော်များများလုပ်ကြပါတယ်။ ဒုတိယအများဆုံးအနေနဲ့ မြန်မာနိုင်ငံသားတွေ လုပ်တာက အိမ်ရာအဆောက်အအုံဆောက်တဲ့ လုပ်ငန်းတွေပါ။ တတိယကတော့ ကုန်ထုတ်လုပ်မှုကဏ္ဍတွေပါဝင်တယ်။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေအထားက ဒီနှစ်ကအတော်လေးအားကောင်းပါတယ်။ မနှစ်က တစ်နှစ်လုံး ခွင့်ပြုပေးခဲ့တာက ၁ ဒသမ ၅ ထရီလီယံရှိတယ်။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေအထားက မနှစ်ကထက်စာရင် ဒီနှစ်က ပိုအားကောင်းပါတယ်။

**မေး ။ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်မှာ ဘယ်အချက်တွေကို ဖြေလျှော့ပေးထားပါသလဲ။**

ဖြေ ။ ဥပဒေသစ်အရဖြေလျှော့တာတွေက အများကြီးပါ။ သိသာထင်ရှားတဲ့ ပထမဆုံးအချက် ဖြေလျှော့မှုက အရင်ဥပဒေအရ နိုင်ငံခြားသားတစ်ယောက်က မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် စီမံကိန်းက အရေးကြီးကြီး မကြီးကြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)ကို အဆိုပြုလွှာတင်ရတယ်။ MIC က တစ်ခုချင်းကိုစစ်တယ်။ စစ်ပြီးတော့မှ ခွင့်ပြု ပေးတယ်။ ခွင့်ပြုပေးတဲ့အခါ အချိန်နည်းနည်းယူရတယ်။ MIC ကို အဆိုပြုလွှာတွေတင်ဖို့အတွက် ပြင်ရဆင်ရတဲ့ အချိန်အများကြီးပေးရတယ်။ နောက်တစ်ချက်က MIC တင်တဲ့အခါမှာလည်း စိစစ်မှုတွေအများကြီးလုပ်ပါတယ်။ ဥပဒေသစ်ပေါ်လာတော့ MIC ကို လုပ်ငန်းအားလုံးတင်စရာ မလိုတော့ဘူး။ MIC က ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၃၆ (က)အရ ဒီလုပ်ငန်းတစ်ခုက တိုင်းပြည်အတွက် မဟာဗျူဟာအရ အရေးကြီးတဲ့ လုပ်ငန်းဆိုရင် MIC ကို တင်ကိုတင်ရမယ်။ အဆိုပြုလွှာတင်ရမယ်။ နောက်တစ်ခုက ငွေအရင်းအနှီးသိပ်ကြီးမားတဲ့ လုပ်ငန်း၊ ငွေအရင်းအနှီးသိပ်ကြီးမားတဲ့လုပ်ငန်းဆိုတာ ဘယ်လိုသတ်မှတ်ထားလဲဆိုရင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ အထက် လုပ်မယ့်လုပ်ငန်းဆိုရင် MIC တင်ရမယ်။ တချို့လုပ်ငန်းတွေက တိုင်းပြည်မှာနိုင်ငံတော်ရဲ့သဘာဝပတ်ဝန်းကျင်တွေ၊ နောက်တစ်ခုက နိုင်ငံတော်ရဲ့လူမှုအသိုက်အဝန်းကို ကြီးမားစွာသော သက်ရောက်မှုတွေရှိမယ်ဆိုရင် MIC တင်ရမယ်။ အဲဒါတွေအားလုံးစစ်ပြီးမှ ခွင့်ပြုပါတယ်။ ဘယ်လိုကန့်သတ်ချက်ထားလဲဆိုရင် နိုင်ငံတော်ပိုင်မြေအဆောက်အအုံတွေသုံးပြီး လုပ်မယ့်လုပ်ငန်းဆိုရင် MIC ကို တင်ရမယ်။ အဲဒီလို ရင်းနှီးမြှုပ်နှံမှုဥပဒေ ၃၆ နဲ့ ကန့်သတ်လိုက်ပြီးမှ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၃၆ အရ အကျုံးဝင်မယ့် လုပ်ငန်းတွေပဲ MIC ကိုတင်၊ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၃၆ နဲ့ အကျုံးမဝင်တဲ့ လုပ်ငန်းတွေကို MIC မတင်နဲ့တော့ဆိုပြီး ဖြေလျှော့ပေးလိုက်တာပါ။ သို့သော်လည်း ကျန်တဲ့ MIC တင်စရာမလိုတဲ့ လုပ်ငန်းတွေက ဥပဒေအရပေးထားတဲ့ သက်သာခွင့်တွေ၊ ကင်းလွတ်ခွင့်တွေ နိုင်ငံခြားသားတွေအတွက် မြေကို နှစ်ရှည်ငှားမယ်ဆိုရင် MIC ကိုပြန်ပြီး အတည်ပြုပါ။ အရင်ကဆို ခွင့်ပြုမိန့်အားလုံး လျှောက်ရတယ်၊ အခုကတော့ ခွင့်ပြုမိန့်လျှောက်ရတဲ့လုပ်ငန်းက နည်းသွားပါတယ်။ အတည်ပြုမိန့်က လုပ်ငန်းသိပ်မရှုပ်တော့ဘူး။ ဒါက အဓိကသိသာထင်ရှားတဲ့ ဖြေလျှော့မှုတစ်ခုပါ။

ဒုတိယအချက်က ဥပဒေသစ်မှာ MIC က တိုင်းဒေသကြီး/ပြည်နယ်အစိုးရကို လုပ်ပိုင်ခွင့်တွေ ပေးလိုက်တယ်။ အဲဒီတော့ အမေရိကန်ဒေါ်လာ ငါးသန်းအထိ ရင်းနှီးမြှုပ်နှံမယ့်လုပ်ငန်းတွေ၊ နောက်မြန်မာကျပ်ငွေနဲ့ဆိုရင် သန်း ၆၀၀၀ အထိ ရင်းနှီးမြှုပ်နှံမယ့်လုပ်ငန်းတွေဆိုရင် MIC ကိုလာပြီးတော့ အတည်ပြုစရာမလိုတော့ဘူး။ အဲဒီအတည်ပြုမိန့်တွေအားလုံးဆောင်ရွက်ပေးဖို့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေမှာ ရင်းနှီးမြှုပ်နှံမှုကော်မတီဆိုတာ ဖွဲ့ထားတယ်။ ရင်းနှီးမြှုပ်နှံမှုကော်မတီရဲ့ဥက္ကဋ္ဌကတော့ ဝန်ကြီးချုပ်ပဲ။ ဝန်ကြီးချုပ် ဦးဆောင်တဲ့ကော်မတီက အမေရိကန်ဒေါ်လာ ငါးသန်းအောက်နဲ့ မြန်မာငွေကျပ်သန်း ၆၀၀၀ အောက် လုပ်ငန်းတွေဆိုရင် သူတို့ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းမှာပဲ အတည်ပြုလို့ရတယ်။ လုပ်ငန်းရှင်တွေက ရန်ကုန်ကို လာစရာမလိုတော့ဘူးပေ့ါ။ ဒါကလည်း သိသာတဲ့ ဖြေလျှော့မှုပေ့ါ။

တတိယက အရင်ဥပဒေတုန်းက ကန့်သတ်ချက်တွေများတယ်။ နိုင်ငံခြားသားတွေကို ပိတ်ထားတဲ့ ကဏ္ဍတွေရှိတယ်။ တချို့ကဏ္ဍတွေက ပိတ်တော့ ပိတ်မထားဘူး။ သို့သော် လုပ်ချင်တယ်ဆိုရင် မြန်မာနိုင်ငံသားနဲ့ဖက်စပ်လုပ်မှ ခွင့်ပြုမယ်ဆိုပြီးတော့ ကန့်သတ်ထားတာရှိတယ်။ တချို့လုပ်ငန်းတွေဆိုရင် ဝန်ကြီးဌာနတွေကို အရင်သွားဆက်သွယ်ပြီး သဘောတူမှ လုပ်လို့ရတာတွေရှိတယ်။ အဲဒီကန့်သတ်ချက်တွေကို တတ်နိုင်သမျှ ဖြေလျှော့ပေးလိုက်တယ်။ ခြုံပြောရရင်တော့ အရင်ဥပဒေနဲ့ အခုဥပဒေ ချိန်ထိုးလိုက်မယ်ဆိုရင် အရင်ဥပဒေက အဝင်ခက်တယ်၊ MIC က ခွင့်ပြုမိန့်ရဖို့အချိန်ပေးရတယ်။ ကုန်ကျစရိတ်များတယ်။ လုပ်ငန်းတွေက MIC တင်တဲ့ပုံစံနဲ့အညီ တကယ်လုပ်လား မလုပ်ဘူးလားဆိုတဲ့ စိစစ်ကြပ်မတ်တဲ့ အပိုင်းမှာတော့ ဥပဒေမှာ ပြဋ္ဌာန်းချက် အများကြီးမပါဘူး။ ဒီအားနည်းချက်ရှိတယ်။ အခုလုပ်ထားတဲ့ဥပဒေကျတော့ အဝင်လွယ်တယ်၊ လာလုပ်ချင်တဲ့သူက နိုင်ငံခြားသားပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံသားပဲဖြစ်ဖြစ် လွယ်လွယ်ကူကူနဲ့ လုပ်ခွင့်ရမယ်။ ဒါပေမယ့် တကယ်လုပ်သလား၊ မလုပ်ဘူးလားဆိုတာ စိစစ်ကြပ်မတ်တဲ့ အပိုင်းမှာတော့ ဒီဥပဒေမှာပိုပြီးတော့ အားဖြည့်ထားတယ်။ ဒီလို လွယ်ကူသွားတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုပိုများလာတာဖြစ်ပါတယ်။ ဥပဒေသစ်က ရင်းနှီးမြှုပ်နှံသူတွေ ရသင့်ရထိုက်တာတွေ မဆုံးရှုံးအောင် အပြည့်အဝပြဋ္ဌာန်းပေးထားတယ်။

**မေး ။ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတိုးတက်ဖို့ ပြည်သူတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်ရမှာ ရှိရင်လည်း ပြောပြပေးပါ။**

ဖြေ ။ မြန်မာနိုင်ငံသားတွေက ဒီဥပဒေတွေကို ရှိမှန်းမသိတာမျိုးရှိပါတယ်။ တချို့ကျတော့ ဥပဒေရှိမှန်းသိတယ်၊ လုပ်ထုံးလုပ်နည်းတွေများတဲ့အတွက် သိပ်စိတ်မဝင်စားကြဘူး၊ ကိုယ့်ဘာသာကိုယ်လုပ်ကြတယ်။ နိုင်ငံသားအများစုက ရင်းနှီးမြှုပ်နှံမှုလုပ်ပေမယ့် ပေးထားတဲ့ အခွင့်အလမ်းကို မသုံးခဲ့ကြဘူး။ မသုံးတော့ ဥပမာအားဖြင့် MIC ရဲ့ဥပဒေအရ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဝင်ငွေခွန်ကင်းလွတ်ခွင့် ငါးနှစ်ပေးတယ်။ နိုင်ငံသားတွေအတွက် ဥပဒေရှိပြီး အသုံးမပြုကြတော့ ကင်းလွတ်ခွင့်တွေမရဘူး။ ဒါ့ကြောင့် ဒီဥပဒေကို အသုံးပြုပါ။ အခုဆို ပိုပြီးလွယ်ပါတယ်၊ မိမိတို့တိုင်းဒေသကြီး/ပြည်နယ်တွေမှာ သွားလျှောက်လိုက်ရင် ရက်ပိုင်းအတွင်းရပါမယ်။ ခံစားခွင့်တွေရမယ်။ လေ့လာဖို့အတွက်လည်း တိုင်းဒေသကြီး/ပြည်နယ်မှာရှိတဲ့ ရုံးခွဲတွေမှာ ဥပဒေစာအုပ်တွေ အကုန်ဖြန့်ထားတယ်။ ဝက်ဘ်ဆိုက်မှာလည်း မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာနဲ့တင်ထားပေးတယ်။ ဖုန်းနဲ့ဒေါင်းလုတ်လုပ်လို့ရတယ်။ ကိုယ့်နိုင်ငံသားတွေကို ဒီဥပဒေကိုအသုံးပြုပါလို့ ပြောချင်ပါတယ်။

တိုင်းပြည်က ပွင့်လင်းသွားပြီဖြစ်တဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက တစ်စစဝင်လာပြီး အနာဂတ်မှာလည်း ပိုဝင်လာဖို့ရှိတယ်။ ကျွန်တော်တို့ရုံးခွဲတွေက တိုင်းဒေသကြီး/ ပြည်နယ်အားလုံးမှာ ရှိနေပါပြီ။ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်နှစ်ခုပဲကျန်ပါတယ်။ စက်တင်ဘာလထဲမှာ နှစ်ခုလုံး ဖွင့်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံသားတွေက စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်ရင် မိမိသိချင်တာရှိရင်၊ နားမလည်တာရှိရင်၊ အကြံဉာဏ်တောင်းချင်ရင် ရုံးတွေသွားပြီးမေး၊ သိချင်တာအားလုံး အကုန်ဖြေပေးမှာဖြစ်ပါတယ်။ နောက်တစ်ချက်က ကုမ္ပဏီဥပဒေကို အမျိုးသားလွှတ်တော်က အတည်ပြုလိုက်ပြီ။ မကြာခင်မှာပဲ ပြည်သူ့လွှတ်တော်က အတည်ပြုမယ်လို့ ကျွန်တော်တို့ မျှော်လင့်တယ်။ ကုမ္ပဏီဥပဒေမှာ နိုင်ငံသားတွေ ကုမ္ပဏီထောင်ရတာလွယ်အောင် အများကြီးဖြေလျှော့ ပေးထားတယ်။ နိုင်ငံသားလုပ်ငန်းရှင်တွေ ကုမ္ပဏီကို လွယ်လွယ်ကူကူထောင်နိုင်မှာ ဖြစ်ပြီး ကုမ္ပဏီထောင်ခြင်းအားဖြင့် ကုမ္ပဏီတစ်ခု ပေးထားတဲ့အခွင့်အရေးတွေ အားလုံးကို နိုင်ငံသားတွေ လွယ်လွယ်ကူကူရမယ်။ ပြီးတော့ ကုမ္ပဏီထောင်ပြီးရင် ၂၀၁၈ခုနှစ်ထဲမှာ နိုင်ငံသားတွေ ကုမ္ပဏီမှတ်ပုံတင်မယ့်လုပ်ငန်းတွေကို အွန်လိုင်းကနေ မှတ်ပုံတင်လို့ရအောင် လုပ်နေပါတယ်။ ရုံးကို လာစရာမလိုတော့ဘူး။ နိုင်ငံသားတွေအတွက် ရှေ့လျှောက်အခွင့်အလမ်းတွေ အများကြီးပေါ်လာမှာဖြစ်ပါတယ်။

**မေး ။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ဘယ်ဒေသက ရင်းနှီးမြှုပ်နှံမှု အများဆုံးနဲ့ ဘယ်ကဏ္ဍမှာ အများဆုံးလဲသိချင်ပါတယ်။ မဝင်သေးတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရင်းနှီးမြှုပ်နှံမှုတွေဝင်အောင် ဘယ်လိုဆွဲဆောင်သွားမလဲဆိုတာလည်း သိပါရစေ။**

ဖြေ ။ တိုင်းဒေသကြီးနဲ့ပြည်နယ် အလိုက်ပြောရရင် အများဆုံးက ရန်ကုန်တိုင်းဒေသကြီးပါ၊ အရေအတွက်အားဖြင့် မြန်မာနိုင်ငံမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှု ရာခိုင်နှုန်း ၆၀ လောက်ရှိတယ်။ မန္တလေးက ရာခိုင်နှုန်း ၃၀ လောက်ဖြစ်ပါတယ်၊ ကျန်တဲ့နေရာတွေက ရန်ကုန်နဲ့ မန္တလေးလောက် မဝင်ကြဘူး။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရုံးဖွင့်လှစ်ရခြင်းရည်ရွယ်ချက်က တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေက သူတို့ကိုယ်တိုင်ဦးဆောင်ပြီး ရင်းနှီးမြှုပ်နှံမှုတွေဝင်လာအောင် လုပ်နိုင်ဖို့ပါ။ ချင်းပြည်နယ်၊ ကယားပြည်နယ်တွေက အားနည်းတယ်။ အားနည်းတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ကင်းလွတ်ခွင့်၊ သက်သာခွင့်တွေ ပိုပေးထားတယ်။ ဥပဒေအရ မဖွံ့ဖြိုးသေးတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရင်းနှီးမြှုပ်နှံမှုများများဝင်လာအောင် ဥပဒေအရ လမ်းကြောင်းဖွင့်ပေးလိုက်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တွေက မိမိကိုယ်တိုင်မိမိဆုံးဖြတ်ပြီး ဒေါ်လာ ငါးသန်း ဒါမှမဟုတ် ငွေကျပ်သန်း ၆၀၀၀ နဲ့ ကိုယ့်တိုင်းဒေသကြီး၊ ပြည်နယ်ထဲမှာ လုပ်ချင်တဲ့ နိုင်ငံသားတွေရှိရင် ချက်ချင်းခေါ်လာ ချက်ချင်းခွင့်ပြုပေးပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်တွေ မှာ ကိုယ့်တိုင်းဒေသကြီးနဲ့ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ဆွေးနွေး ပွဲတွေလုပ်ပေးတယ်။ အကြံဉာဏ်တွေ ရသွားတယ်။ လာမယ့် တစ်နှစ် နှစ်နှစ်အတွင်းမှာတော့ သိသာတဲ့ အပြောင်းအလဲတွေ မြင်ရမှာပါ။

**မေး ။ MIC ခွင့်ပြုပြီး အချို့ဒေသတွေက ကန့်ကွက်ကြတဲ့ ကုမ္ပဏီတွေကို ဘယ်လိုများ စီမံခန့်ခွဲပေးပါသလဲ။**

ဖြေ ။ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ၃၆(ဂ)အရ လုပ်မယ့်လုပ်ငန်းတစ်ခုက သဘာဝပတ်ဝန်းကျင်ကို ကြီးမားတဲ့ သက်ရောက်မှုဖြစ်စေမယ်၊ ဒေသမှာရှိတဲ့နယ်မြေခံ လူထုကိုကြီးမားတဲ့ သက်ရောက်မှုရှိမယ်ဆိုရင် MIC ကို တင်ကိုတင်ရမယ်။ MIC ကလည်း MIC ကိုမတင်ခင်မှာ နည်းဥပဒေအရ EIA/SIAအရင်လုပ်ရမယ်။ လုပ်ပြီးတော့မှ ရလဒ်အပေါ်ကြည့်ပြီး ခွင့်ပြုသင့် မသင့် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အဓိကက ဖြစ်ပေါ် လာနိုင်တဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေကို မပေါ်ပေါက်အောင် MIC အနေနဲ့ ဒီဥပဒေမှာထည့်သွင်းပြဋ္ဌာန်းပြီး ဆောင်ရွက်ထားပါတယ်။ ပြဿနာရှိမလာအောင် ကြိုတင်ကာကွယ်တဲ့ အပိုင်းဖြစ်ပါတယ်။ ဥပဒေသစ်အရ MIC က ခွင့်ပြုပြီးထားပေမယ့် ဒေသခံလူထုမကျေနပ်ရင် MIC ကိုသတင်းပို့ခွင့်ပေးထားတယ်။ သတင်းပို့ရင် ကွင်းဆင်းစိစစ်မယ်။ နယ်မြေခံလူထုနဲ့တွေ့ဆုံမယ်။ ရင်းနှီးမြှုပ်နှံသူနဲ့ တွေ့ဆုံမယ်။ ပြောတဲ့အချက်ဖြစ်နိုင်မဖြစ်နိုင် ကျွမ်းကျင်ပုဂ္ဂိုလ်တွေပါဝင်တဲ့ အဖွဲ့အစည်းနဲ့ စိစစ်မှုတွေလုပ်မယ်။ ဥပဒေသစ်မှာ ထည့်ထားပါတယ်။ တတ်နိုင်သမျှ မလိုလားအပ်တဲ့ နောက်ဆက်တွဲဆိုးကျိုးတွေ မဖြစ်အောင် ဒီဥပဒေမှာ လုပ်ထားပါတယ်။

**မေး ။ ပြီးခဲ့တဲ့အစိုးရလက်ထက်က MIC ခွင့်ပြုပြီး အခုအစိုးရလက်ထက်မှာ အချို့လုပ်ငန်းတွေ ယာယီထိန်းသိမ်းထားတာလေးတွေ ရှိပါသလား။ ဘယ်နှခုလောက်ရှိပါသလဲ။ ဒါတွေကို ဆက်ပြီးဘယ်လို ညှိနှိုင်းဆောင်ရွက်သွားမလဲ သိပါရစေ။**

ဖြေ ။ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာ ခွင့်ပြုပြီးတော့ အစိုးရအပြောင်းအလဲဖြစ်တဲ့အခါမှာ ရပ်လိုက်တဲ့စီမံကိန်းတချို့ရှိတော့ ဒီနေရာမှာရင်းနှီးမြှုပ်နှံသူမနစ်နာအောင် အခြားနေရာမှာ ပြန်ပြီးရင်းနှီးမြှုပ်နှံနိုင်အောင် ညှိနှိုင်းဆောင်ရွက်ပေးပါတယ်။ နိုင်ငံသားလုပ်ငန်းရှင်တွေကိုလည်း မနစ်နာအောင် သင့်တော်တဲ့ အဖြေရှာပြီး ညှိနှိုင်းပေးနေပါတယ်။ ခြုံပြီးပြောရရင် MIC ခွင့်ပြုပြီးမှရပ်တဲ့ စီမံကိန်းတွေ အစိုးရအပြောင်းအလဲမှာ ရှိခဲ့တယ်။ ဒါပေမယ့်လည်း နှစ်ဦးနှစ်ဖက် မနစ်နာအောင် MIC က လိုအပ်တဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေ လုပ်ပေးနေပါတယ်။

**မေး ။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအခြေအနေနဲ့ ပတ်သက်ပြီး ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

ဖြေ ။ နိုင်ငံတော်အစိုးရက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးပါတယ်ဆိုတာကို လက်ခံပြီးတော့ လိုအပ်တဲ့ လမ်းညွှန်မှုတွေ ပေးနေပါတယ်။ MIC အနေနဲ့ကလည်း အစိုးရလမ်းညွှန်တဲ့ လမ်းညွှန်ချက်တွေအပေါ် အခြေခံပြီး ဥပဒေပြင်တဲ့ကိစ္စတွေ၊ လွယ်ကူချောမွေ့အောင်လုပ်ပေးတဲ့ လုပ်ငန်းတွေ၊ MIC လာတဲ့အခါမှာကြာတယ်ဆိုတာ မဖြစ်အောင် လုပ်ပေးတယ်။ ပြုပြင်ပြောင်းလဲမှုတွေ ဆက်လုပ်ဖို့ရှိနေပါသေးတယ်။ နိုင်ငံတော်အစိုးရကလည်း တိုင်းပြည်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်အောင် လုပ်သင့်လုပ်ထိုက်တာတွေ လုပ်နေတယ်။ တစ်ဖက်က ကြိုးစားနေသလို ကိုယ့်နိုင်ငံသားတွေကလည်း ဘယ်လိုလုပ်ရင် စီးပွားရေးလုပ်ငန်းတွေ ဖြစ်ထွန်းမလဲ စဉ်းစားကြဖို့ပါ၊ လိုလားချက်တွေ ကျွန်တော်တို့ကိုပြောပါ၊ နိုင်ငံသားလုပ်ငန်းရှင်တွေအနေနဲ့ အကြံပြုပေးပါ။ ဒီလို ပူးပေါင်းပြီး လုပ်ကြမယ်ဆိုရင် တိုင်းပြည်ရဲ့စီးပွားတိုးတက်ပြီး ဒီထက်မက ပိုကောင်းလာမှာ ဖြစ်ပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူး တင်ပါတယ်။

# အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃။ )**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**
**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၄) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(4) " District Court" includes the High Court of the Region or the High Court of the State in the exercise of its ordinary original civil jurisdiction and the Court of the Self-Administered Division or the Court of the Self-Administered Zone; "

၃။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၈)၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (၃)၊ ပုဒ်မခွဲငယ်(ခ)၊ ပုဒ်မ ၄၉ နှင့် ပုဒ်မ ၅၀၊ ပုဒ်မခွဲ (၁) တို့တွင်ပါရှိသော " the High Court " ဆိုသည့် စကားရပ်များကို " the Supreme Court of the Union" ဆိုသည့် စကားရပ်များဖြင့် အသီးသီးအစားထိုးရမည်။

၄။ အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေ ပုဒ်မ ၄-က တွင်-

(က) ပုဒ်မခွဲ (၁) တွင်ပါရှိသော " The High Court " ဆိုသည့် စကားရပ်ကို " The High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ (၁) တွင်ပါရှိသော " any District Court " ဆိုသည့် စကားရပ်ရှေ့တွင် " any Court of the Self-Administered Division or any Court of the Self-Administered Zone or " ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

( ဂ ) ပုဒ်မခွဲ (၁)၊ (၂) နှင့် (၃) တို့တွင်ပါရှိသော " a District Court " ဆိုသည့်စကားရပ်ရှေ့တွင် " a Court of the Self- Administered Division or a Court of the Self- Administered Zone or " ဆိုသည့်စကားရပ်ကိုဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (၄) တွင် ပါရှိသော " the District Court" ဆိုသည့် စကားရပ်ရှေ့တွင် " the Court of the Self-Administered Division or the Court of the Self-Administered Zone or " ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၅။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေပုဒ်မ ၉ တွင် ပါရှိသော " the District Court " ဆိုသည့်စကားရပ်ကို " the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "a District Court " ဆိုသည့်စကားရပ်ကို " a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "any other District Court " ဆိုသည့်စကားရပ်ကို " any other Court of the Self-Administered Division or any other Court of the Self-Administered Zone or any other District Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၆။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေ ပုဒ်မ ၁၄ နှင့် ပုဒ်မ ၄၇ တို့တွင်ပါရှိသော " the High court" ဆိုသည့်စကားရပ်ကို " the High Court of the Region or the High Court of the State " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေ ပုဒ်မ ၄၄ တွင် ပါရှိသော " not exceeding one thousand kyats" ဆိုသည့်စကားရပ်ကို "not exceeding one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေ ပုဒ်မ ၄၅၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော " not exceeding one hundred kyats " ဆိုသည့် စကားရပ်ကို " not exceeding ten thousand kyats "ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "not exceeding ten kyats" ဆိုသည့် စကားရပ်ကို " not exceeding one thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ " not exceeding five hundred kyats " ဆိုသည့်စကားရပ်ကို " not exceeding fifty thousand kyats" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။ )**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**
**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (၁) ကို ပယ်ဖျက်ရမည်။

( ခ ) ပုဒ်မခွဲ (၅) ၌ပါရှိသော " the age of thirteen years" ဆိုသည့် စကားရပ်ကို " the age of fifteen years " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ဂ ) ပုဒ်မခွဲ (၈) ၌ ပါရှိသော " the dominions of His Britannic Majesty" ဆိုသည့် စကားရပ်ကို " the Republic of the Union of Myanmar " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မ ၄၊ ပုဒ်မ ၇၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၈၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၇၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၄၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၃ နှင့် ပုဒ်မ ၄၄ တို့တွင်ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the High Court of the Region or the High Court of the State " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ " the District Court " ဆိုသည့် စကားရပ်ကို " the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၇ တွင်ပါရှိသော " the Supreme Court of Judicature in England " ဆိုသည့်စကားရပ်ကို "the Supreme Court of the Union " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၈၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၇-က၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ပုဒ်မ ၃၇၊ ပုဒ်မ ၅၀၊ ပုဒ်မ ၅၅ ၏ ခြွင်းချက်၊ ပုဒ်မ ၅၆ နှင့် ပုဒ်မ ၅၇ တို့တွင်ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို " the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

Reference to High Court of the Region or High Court of the State.

"9. When any question of law or usage having the force of law arises at any point in the proceedings previous to the hearing of any suit under this Act by a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court or at any subsequent stage of suchsuit, or in the execution of the decree therein or order thereon, the Court may, either of its own motion or on the application of any of the parties, draw up a statement of the case and refer it, with the Court's own opinion thereon, to the decision of the High Court of the Region or the High Court of the State.

If the question has arisen previous to or in the hearing, the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court may either stay such proceedings, or proceed in the case pending such reference and pass a decree contingent upon the opinion of the High Court of the Region or the High Court of the State upon it.

If a decree or order has been made, its execution shall be stayed until the receipt of the order of the High Court of the Region or the High Court of the State upon such reference."

၇။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၁၃ နှင့် ပုဒ်မ ၁၆ တို့တွင် ပါရှိသော "a District Court" ဆိုသည့်စကားရပ်ကို "a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၁၇-က တွင် ပါရှိသော "as is exercisable in England by the King's Proctor," ဆိုသည့် စကားရပ်နှင့် "to exercise duties of King's Proctor" ဆိုသည့် စကားရပ်တို့ကို ပယ်ဖျက်ရမည်။

၉။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၅၆ တွင် ပါရှိသော "or of any Division Court" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၀။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၅၆ နှင့် ပုဒ်မ ၅၇ ၏ ခြွင်းချက်တို့တွင် ပါရှိသော " the Supreme Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၆၂ တွင်ပါရှိသော " the High Court" ဆိုသည့်စကားရပ်ကို " the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## လယ်ဝေးမြို့နယ်၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

**လယ်ဝေး ဩဂုတ် ၁၅**

နေပြည်တော်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ ညွှန်ကြားမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း မှုခင်းဖြစ်ပွားမှုလျော့နည်းစေရန်၊ ပြည်သူများ မှုခင်းအသိပညာများ ရရှိစေရန် မြို့နယ်အလိုက် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာဘုန်းတော်ကြီးကျောင်း၌ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ ရက်က ပြုလုပ်ရာ လယ်ဝေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ညွန့်က သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ အမှတ်(၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ဒုတပ်ဖွဲ့ခွဲမှူးရဲမှူးအောင်ကြီးက ယာဉ်/လမ်းစည်းကမ်း၊ မူးယစ်တပ်ဖွဲ့စု(၁၀၁)မှ ရဲအုပ်လှမင်းက မူးယစ်ဆေးဝါးဆိုးကျိုးများအကြောင်းကို ဟောပြောရာ သဲကောကြီးကျေးရွာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာလှိုင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၅၀ ခန့် စိတ်ဝင်တစားတက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေမည်

**နေပြည်တော် ဩဂုတ် ၁၅**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေမည်။ **(မိုး/ဇလ)**

# ပျက်ကျ Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံရှာဖွေတွေ့ရှိ







**နေပြည်တော် ဩဂုတ် ၁၅**

Y-8 လေယာဉ်၏ ကျန်ရှိနေသေးသည့် လေယာဉ်အစိတ်အပိုင်းများအား တပ်မတော်စစ်ရေယာဉ်များမှ ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ်မူတည်၍ လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက် ပင်လယ်ပြင်အတွင်း တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် အဆိုပါနေရာအနီး၌ ဒေသခံငါးဖမ်းစက်လှေတစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေမှုများပြုလုပ်စဉ် ခြောက်လက်မ အချင်းရှိ မော်တာတစ်ခု အပါအဝင် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုရှိ အိမ်ခြေကိုးသောင်းကျော် မီးလင်းရေး ဆောင်ရွက်မည်

**ရန်ကုန် ဩဂုတ် ၁၅**

တိုင်းဒေသကြီးနှင့် ပြည်နယ် ခုနစ်ခုရှိ အိမ်ခြေ ကိုးသောင်းကျော်ကို အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လျှပ်စစ်မီးရရှိရန် ဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနထံမှ သိရသည်။

အဆိုပါစီမံကိန်းကို ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ အိမ်ခြေပေါင်း ကိုးသောင်းကျော်ကို ယခုဘဏ္ဍာနှစ်တွင် လျှပ်စစ်မီးရရှိရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ယခု ဆောင်ရွက်မှုသည် မဟာဓာတ်အားလိုင်းပြင်ပ မိုင် ၂၀ အကွာရှိ အိမ်ခြေများကိုသာ တပ်ဆင်ဆောင်ရွက်ပေးခြင်းဖြစ်ကာ မိုင် ၂၀ အတွင်းရှိ အိမ်ခြေ များကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူ တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်းကာ ဆိုလာစွမ်းအင်၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် ရေအားလျှပ်စစ်များကို အသုံးပြုတပ်ဆင်ပေးခြင်းဖြစ်ပြီး အဆိုပါစီမံကိန်းကို ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ ၅၃ သန်းနှင့် ပြည်သူတို့၏ထည့်ဝင်ငွေများဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဈေးဌာနစည်ပင်အရာရှိအား အလုံဈေးသူ ဈေးသားများက ရဲစခန်းတွင် အမှုဖွင့်တိုင်ကြား

**ရန်ကုန် ဩဂုတ် ၁၅**

ဈေးအား အထပ်မြင့်တည်ဆောက်ခြင်း မူလနေရာ မူလအကျယ်အဝန်းအတိုင်း ဆိုင်ခန်းနေရာများ ပြန်လည်မရရှိခြင်းတို့ကြောင့် ဩဂုတ် ၁၁ ရက်က အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် အလုံဈေးသူဈေးသားများက မြို့နယ်အတွင်း လှည့်လည်၍ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ထို့နောက် ဩဂုတ် ၁၄ ရက်က ဈေးများဌာနမှ စည်ပင်အရာရှိများနှင့် ဝန်ထမ်းများက လုပ်ငန်းဆက်လက်ဆောင်ရွက်ရန် ရောက်ရှိလာစဉ် ပြဿနာဖြစ်ပွားမှု ထပ်မံဖြစ်ခဲ့သည်။

တည်ဆောက်ပြီးသည့် ဈေးအပေါ်ထပ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်မြင့်၊ အနောက်ပိုင်းခရိုင် ဈေးများဌာန ဒုတိယဌာနမှူး ဦးသောင်းတင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်တို့က ဈေးသူဈေးသားများနှင့် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြသော်လည်း ပြေလည်မှု မရရှိနိုင်သေးကြောင်း ဈေးသူဈေးသားများထံမှ သိရသည်။

"ကျွန်တော်တို့က အခုတစ်ခြမ်းမှာ ဆောက်ပြီးတဲ့ဈေးလို နှစ်ထပ်ဈေးပဲလို့ သိထားတာ၊ အခု သုံးထပ်ဖြစ်နေတဲ့အပြင် နေရာပြန်ပေးမှုမှာလည်း မူလနေရာ အကျယ်အတိုင်းမဟုတ်ဘဲ ယာယီဆိုတဲ့စကားအပေါ် ကျွန်တော်တို့က လက်မခံနိုင်ပါဘူး"ဟု ဈေးအတွင်းမှ ဦးမျိုးမင်းသူက မြန်မာ့အလင်းသတင်းအဖွဲ့သို့ ပြောကြားခဲ့သည်။

ဒုတိယဌာနမှူးက ဩဂုတ် ၁၄ ရက်က ဈေးသူဈေးသားများနှင့် တွေ့ဆုံရှင်းလင်းရာတွင် ၎င်းတို့အနေဖြင့် ဌာနက တာဝန်ပေးချက်အရ ဆောင်ရွက်ရခြင်းဖြစ်ပြီး ဈေးပုံစံအတိုင်း တည်ဆောက်၍ လောလောဆယ် ဆိုင်ခန်း ၂၁၆ ခန်းကို သူ့နေရာနှင့်သူ ယာယီပေးသွားမည်ဖြစ်ပြီး ဈေးကြီးတစ်ခုလုံး ပြန်လည်တည်ဆောက်ပြီးသွားပါက သား၊ ငါး၊ ကုန်စိမ်းနှင့် ကုန်ခြောက်အတွက် မြေညီထပ်တွင် နေရာပြန်လည်ရရှိနိုင်ရေးအတွက် ကော်မတီအတွင်းရေးမှူးထံ တင်ပြထားကြောင်း ရှင်းလင်းပြောကြားခဲ့သည်ဟု သိရသည်။



ထပ်မံ၍ ဩဂုတ် ၁၅ ရက်နံနက်ပိုင်းတွင် စည်ပင်အဖွဲ့မှ ဈေးအတွင်း တည်ဆောက်မည့် ဈေးပုံစံဒီဇိုင်း ဗီနိုင်းကို လာရောက်ချိတ်ဆွဲရာမှ ဈေးသူဈေးသားများနှင့် ထပ်မံပြဿနာဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး၊ **(အပေါ်ပုံ)** ဈေးများဌာန ဒုတိယဌာနမှူး ဦးသောင်းတင်၏ ပြောစကားအပေါ် မကျေနပ်၍ ဈေးသူဈေးသား ၅၀ ခန့်က မြို့နယ်ရဲစခန်းသို့ အမှုဖွင့်ရန် သွားရောက်ခဲ့ကြသည်။

အမှုကို ဈေးမှ ဦးသဲမောင်၊ ဒေါ်သန်းသန်းမြနှင့် ဦးလှအောင်တို့က ဦးဆောင်၍ အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်ပြီး ဦးသဲမောင်က "ဒုတိယ ဌာနမှူး ဦးသောင်းတင်က သူ့တပည့်တွေကို မှာတာ၊ ဈေးသည်တွေလာတားရင် ဝိုင်းရိုက်လို့ပြောတာ၊ အဲဒီအတွက် ခြိမ်းခြောက်မှုနဲ့ အမှုဖွင့်တိုင်ကြားထားပါတယ်"ဟု ဆိုသည်။

ပြဿနာအား ပြေလည်အေးချမ်းစေရန်နှင့် ဈေးတည်ဆောက်မှုအတွက် မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ကိုကြီးတင်**

# ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် ညီလာခံတွင် မြန်မာနိုင်ငံအား အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြု

**ရန်ကုန် ဩဂုတ် ၁၅**

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ဩဂုတ် ၁၃ ရက်က စတင်ကျင်းပလျက်ရှိသည့် (၄၁) ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်ညီလာခံ (41st World Scout Conference) တွင် ဩဂုတ် ၁၄ ရက်က မြန်မာနိုင်ငံအား ၁၆၄ နိုင်ငံမြောက် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် တရားဝင်အသိအမှတ်ပြုပွဲ အခမ်းအနားကျင်းပရာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Joao Armando Goncalves က မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်ညိုအား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် အသိအမှတ်ပြုလွှာကို လည်းကောင်း၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr.Ahmad Alhen Dawai က မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ကင်းထောက်ဆက်သွယ်ရေးမှူးချုပ် ဦးမောင်မောင်ဝင်းအား ကမ္ဘာ့ကင်းထောက်အဖွဲ့ အလံကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်း ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် ညီလာခံ (41st World Scout Conference)ကို ဩဂုတ် ၁၃ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆၀ မှ ကင်းထောက်ကိုယ်စားလှယ်များ တက်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ကိုးနိုင်ငံမှ ကင်းထောက်အဖွဲ့ချုပ် ခေါင်းဆောင်များအား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုလွှာနှင့် ကမ္ဘာ့ကင်းထောက်အလံတို့ကို ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

# မူးယစ်ဆေးဝါး ရောင်းဝယ်၊ သုံးစွဲသူသုံးဦးကို သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရ

**အင်းတော် ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကညင်းကုန်းကျေးရွာ အနောက်ဘက် တစ်ဖာလုံခန့်အကွာတွင် မြေလင်းရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲသူ သုံးဦးကို ဖမ်းဆီးခဲ့ရာ ဓားရှည်ဖြင့် ပြန်လည်ခုခံ၍ သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၃ ရက်က ကညင်းကုန်းကျေးရွာ အနောက်ဘက် တစ်ဖာလုံခန့်အကွာတွင် မူးယစ်ဆေးဝါးများ ရောင်းဝယ်သုံးစွဲနေသူများ ရောက်ရှိနေကြောင်းသတင်းအရ မြေလင်းရဲကင်းစခန်းမှူး ရဲအုပ် ထွန်းသာဝေနှင့် အဖွဲ့က သွားရောက်ဖမ်းဆီးခဲ့ရာ ကညင်းကုန်းကျေးရွာနေ မြဦး (၄၆ နှစ်)၊ သိန်းရွှေ (၄၈ နှစ်)နှင့် နီထွေး (ခ) မောင်စိုး (၃၃ နှစ်) တို့ကို မူးယစ်ဆေးဝါးသုံးစွဲလျက်တွေ့ရှိရသဖြင့် ဖမ်းဆီးရာ သိန်းရွှေအား လေးခွတစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး မြဦးက ဓားရှည်ကိုင်ဆောင်၍ ပြန်လည်ခုခံရန် ပြေးဝင်လာသဖြင့် သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ မြဦး၏ ဝဲလက်မောင်းမှ နောက်ကျောဘက်သို့ ကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက်ရရှိခဲ့ကာ မောင်စိုးမှာ တောတန်းဘက်သို့ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

အဆိုပါနေရာမှ ဘိန်းဖြူ ၀ ဒသမ ၁၄ ဂရမ်၊ ဓားရှည် နှစ်ချောင်း၊ လေးခွတစ်လက်၊ လောက်စာလုံးများအား သိမ်းဆည်းရမိခဲ့ပြီး မြဦး၊ သိန်းရွှေနှင့် ထွက်ပြေးလွတ်မြောက်နေသည့် မောင်စိုးတို့အား ပင်လည်ဘူးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**ကိုမင်း (အင်းတော်)**

# သီပေါ၌ စိတ်ကြွရူးသွပ်ဆေးဝါးများ သိမ်းဆည်းရမိ

**သီပေါ ဩဂုတ် ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့မ ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ရဲမြင့်အောင် ဦးစီးသော နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီက ဆောင်ကြဲကျေးရွာနေ အိုက်လူ၏အိမ်တွင် အိမ်ငှားနေထိုင်သော လုံးအေးဇနီး ပါနန်း နေအိမ်၌ မူးယစ်ဆေးဝါးများ ရောင်းဝယ်၊ သုံးစွဲနေကြောင်း သတင်းရရှိသဖြင့် ဆောင်ကြဲကျေးရွာ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးသည်။

ထိုသို့ရှာဖွေစစ်ဆေးရာ လုံးအေးနှင့် ပါနန်းတို့ အိပ်ခန်းခေါင်းရင်းမှ ပလတ်စတစ်ဖြင့်ထုပ်ထားသော ဘိန်းဖြူ ဆပ်ပြာခွက်တစ်ခွက်လျှင် အလေးချိန် ၁၀ ဂရမ်ခန့်ပါ ဆပ်ပြာခွက် နှစ်ခွက် စုစုပေါင်း အလေးချိန် ၂၀ ဂရမ်နှင့် အရက်ဘူးခွံအတွင်းထည့်ထားသည့် ဘိန်းဖြူ အလေးချိန် နှစ်ဂရမ် စုစုပေါင်း အလေးချိန် ၂၂ ဂရမ်၊ တန်ဖိုးငွေကျပ် ၃၉၆၀၀၀၊ အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်တစ်အိတ်လျှင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၁၃ အိတ် စုစုပေါင်းဆေးပြား ၂၆၀၀ (အလေးချိန် ၂၃၄ ဂရမ်) တန်ဖိုးငွေကျပ် ၅၂၀၀၀၀၀ နှင့် ပါနန်း၏ဘောင်းဘီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ (အလေးချိန် ၁၃ ဒသမ ၅ ဂရမ်) တန်ဖိုးငွေကျပ် ၃၀၀၀၀၀၊ လိမ္မော်ရောင် ပလတ်စတစ်ဘူးဖြင့် ထည့်ထားသော ဘိန်းဖြူ အလေးချိန် ၀ ဒသမ ၂၇၂ ဂရမ် တန်ဖိုးငွေကျပ် ၄၀၉၆ ကျပ်တို့အား ရှာဖွေတွေ့ရှိရပြီး စုစုပေါင်းဆေးပြား ၂၇၅၀ (အလေးချိန် ၂၄၇ ဒသမ ၅ ဂရမ်) တန်ဖိုးငွေကျပ် ၅၅၀၀၀၀၀ နှင့် ဘိန်းဖြူ စုစုပေါင်း အလေးချိန် ၂၂ ဒသမ ၂၇၂ ဂရမ် စုစုပေါင်း တန်ဖိုးငွေကျပ် ၄၀၀၀၉၆ ကျပ်တို့အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။



တရားမဝင်မူးယစ်ဆေးဝါးများအား ရောင်းချရန်နှင့် သုံးစွဲရန်အတွက် လက်ဝယ်ထားရှိသူ လုံးအေး (၅၀ နှစ်)၊ ဇနီး ပါနန်း(၂၃ နှစ်)နှင့် မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသော ဆိုင်စိုင်း (၂၃ နှစ်)၊ အိုက်အော(၃၂ နှစ်)တို့ လေးဦးအား သီပေါရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# H1N1 ရောဂါအကြောင်း ကျန်းမာရေးအသိပညာပေး ဟောပြော

**ဟိုမိန်း ဩဂုတ် ၁၅**
ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် ဟိုမိန်းမြို့ ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများအား ရာသီတုပ်ကွေးရောဂါ H1N1 ရောဂါအကြောင်း ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက ဟိုမိန်းတိုက်နယ်ဆေးရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး အောင်ခိုင်မြတ်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးဆန်းဝင်းက လက်ရှိဖြစ်ပေါ်လျက်ရှိသော ရာသီတုပ်ကွေးရောဂါ ကူးစက်မခံရအောင် ဂရုပြုနေထိုင်ကြရန် ပြောကြားသည်။

ထို့နောက် ဟိုမိန်းတိုက်နယ်ဆေးရုံတာဝန်ခံဆရာဝန် ဒေါက်တာမောင်မောင်သန်းက ရာသီတုပ်ကွေးရောဂါ၏လက္ခဏာများ၊ H1N1 ဗိုင်းရပ်စ်ပိုးနှင့် ပတ်သက်၍ဖြစ်စဉ်များ၊ ရောဂါကူးစက်မှုနှင့် ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများ၊ ရောဂါဖြစ်ပွားမှု မရှိအောင်ကြိုတင်ကာကွယ်လိုက်နာ ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



မွန်ပြည်နယ် မုဒုံမြို့နယ် ကလော့သော့ကျေးရွာ အထကကျောင်းတွင် မြို့နယ်ရဲမှူး မြအောင်၊မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းထွန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်လှတို့ ဩဂုတ် ၁၁ ရက်က ကျောင်းသားကျောင်းသူများကို လတ်တလောဖြစ်ပွားလျက်ရှိသည့် H1N1 တုပ်ကွေးရောဂါအကြောင်းနှင့် မူခင်းကျဆင်းရေးအကြောင်း ပညာပေးဟောပြောစဉ် (မော်လမြိုင်ကိုယ်ပွား)

# ထိုင်းရောက်မြန်မာအလုပ်သမားများ ကော့သောင်းနယ်စပ်ဂိတ်မှ ဆက်လက်ဝင်ရောက်

**ကော့သောင်း ဩဂုတ် ၁၅**
ထိုင်းနိုင်ငံအတွင်းအလုပ်သွားရောက် လုပ်ကိုင်လျက်ရှိသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားအမျိုးသား ၅၃ ဦး အမျိုးသမီး ၁၈ ဦး၊ ကလေးငယ်သုံးဦး စုစုပေါင်း ၇၄ ဦးသည် ယနေ့ ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ငါးဖမ်းလှေတစ်စင်းဖြင့် (၁၈)ကြိမ်မြောက် အသုတ်အဖြစ် ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည်။ ပြန်လည်ဝင်ရောက်လာကြသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ သက်ဆိုင်ရာဌာနများမှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက မြို့မဆိပ်ကမ်း တံတားတွင် ကြိုဆိုကြကာ လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးသည်။

ယနေ့အထိ ကော့သောင်းနယ်စပ်ဂိတ်မှ အထောက်အထားမဲ့ မြန်မာအလုပ်သမားဝင်ရောက်မှုဦးရေ စုစုပေါင်း ၁၉၆၅ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာရှိ ဗန်းမော်-မန္တလေးကားလမ်းမကြီးပေါ်၌ ရေကျော်မှုဖြစ်

**ဗန်းမော် ဩဂုတ် ၁၅**
ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာနှင့် ကောင်းတုံကျေးရွာကြားရှိ ဗန်းမော်-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ် (၂၆၃/၂) မှ (၂၆၃/၃ )အထိတွင် လည်းကောင်း၊ မိုင်တိုင်အမှတ် (၁၆၄/၅)မှ (၁၆၄/၆) အထိတွင် လည်းကောင်း ဩဂုတ် ၁၄ ရက် နံနက် ၆ နာရီခန့်က ဧရာဝတီမြစ်ရေ တစ်ပေခွဲခန့် ရေကျော်မှုဖြစ်ပွားခဲ့ရာ သွားလာရန်ခက်ခဲနေသည့် မော်တော်ယာဉ်ကြီး/ယာဉ်ငယ်များနှင့် မော်တော်ဆိုင်ကယ်များ၊ ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာနိုင်ရေး အတွက် စင်းခန်းနယ်မြေရဲစခန်းမှုစခန်းမှူး ရဲအုပ်ရွှေဝင်းမောင် ဦးစီးသောတပ်ဖွဲ့ဝင်တို့က ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09) ဖြစ်ပွားမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဩဂုတ် ၁၅**
ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီအထိ သံသယလူနာ ၁၉ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွင် H1N1 ပိုးတွေ့လူနာ ခုနစ်ဦး တွေ့ရှိခဲ့ရပြီး ဇူလိုင် ၂၁ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ကြောင်း ယနေ့ထုတ်ပြန်ချက်အရ သိရသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါလက္ခဏာဖြင့် ပြသသူဦးရေ | Influenza A(H1N1) pdm09 ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူဦးရေ | ဓာတ်ခွဲအတည်ပြု သေဆုံးသူဦးရေ |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၀ | ၀ | ၀ |
| ၂ | ကယားပြည်နယ် | ၀ | ၀ | ၀ |
| ၃ | ကရင်ပြည်နယ် | ၄ | ၂ | ၁ |
| ၄ | ချင်းပြည်နယ် | ၆၆ | ၁၃ | ၀ |
| ၅ | မွန်ပြည်နယ် | ၁၀ | ၆ | ၁ |
| ၆ | ရခိုင်ပြည်နယ် | ၃ | ၁ | ၀ |
| ၇ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ၁၄ | ၁၀ | ၀ |
| ၈ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၅ | ၂ | ၀ |
| ၉ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ၉ | ၃ | ၀ |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂ | ၇ | ၁ |
| ၁၁ | တနင်္သာရီတိုင်းဒေသကြီး | ၁၆ | ၁၁ | ၀ |
| ၁၂ | မကွေးတိုင်းဒေသကြီး | ၁၆ | ၁၀ | ၂ |
| ၁၃ | မန္တလေးတိုင်းဒေသကြီး | ၁၄ | ၁၂ | ၁ |
| ၁၄ | ပဲခူးတိုင်းဒေသကြီး | ၇၉ | ၃၇ | ၃ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး | ၃၁၀ | ၇၉ | ၇ |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၇၁ | ၃၄ | ၉ |
| ၁၇ | နေပြည်တော် | ၁၉ | ၁၅ | ၀ |
| | စုစုပေါင်း | ၆၄၈ | ၂၄၂ | ၂၅ |

H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် ယနေ့အထိသေဆုံးသူစုစုပေါင်း ၁၈ ဦးရှိကြောင်း သိရသည်။

ယနေ့ မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် H1N1ပိုးတွေ့ အတွင်းလူနာခြောက်ဦး၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့အတွင်းလူနာ ၅၁ ဦး စုစုပေါင်း ၅၇ ဦး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အများစုမှာသက်သာလျက်ရှိကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်နေသူများတွင် H1N1 ပိုးတွေ့လူနာများသာမက ပိုးမတွေ့လူနာများအား လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါကုသရေးလမ်းညွှန်များအတိုင်း ထိရောက်သောကုသမှုများရရှိရန် အထူးအလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

# မိုးရွာသွန်းပြီး ခန္တီးမြို့တတိယအကြိမ်ရေကြီးရေလျှံ၍ အိမ်ထောင်စု ၂၈၀ ကျော်ရေဘေးသင့်

**ခန္တီး ဩဂုတ် ၁၅**
ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ဒေသစိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာအထက် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအထိ ၁၅၁၃ စင်တီမီတာသို့ရောက်ရှိခဲ့ပြီး ညနေ ၅ နာရီခွဲတွင် ၁၅၁၁ စင်တီမီတာသို့ရောက်ရှိခဲ့ပြီး မြို့အနိမ့်ပိုင်း ရပ်ကွက်သုံးခုတွင် တတိယအကြိမ်မြောက် ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း ဒေသခံများထံမှ သိရသည်။

ယနေ့ညနေပိုင်းအထိ ခန္တီးအထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုကြောင့် မြစ်ရေအနည်းငယ် ပြန်တက်လာနိုင်သဖြင့် ခန္တီးမြို့နေသူများ သတိထား စောင့်ကြည့်သင့်ကြောင်း ဌာနဆိုင်ရာများနှင့် မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးထားသည်။

“မနေ့က ညမှာ ညဦးကနေ မိုးလင်းပိုင်းအထိ မိုးပြန်ကောင်းတာကြောင့် မနက်က ရေပြန်တက်လာပါတယ်။ ခုတော့ အရင်တစ်ကြိမ် ၁၅၀၆ စင်တီမီတာကိုကျော်ပြီး ၁၅၁၃ စင်တီမီတာကို ရောက်နေပါပြီ။ မြစ်ကြောင်းအောက်ကရေတွေ ထောက်နေလို့ရယ်၊ တနိုင်းဒေသဘက်က နမ့်စလိန် နမ့်ဖုတ် ရေဝေတောင်ကြော မိုးသည်းတာရယ်ကြောင့် ရေအိုင့်လာပြီး မိုးရွာလိုက် ရေတက်လိုက်ဖြစ်နေပါတယ်။ အထက်က မိုးမပြတ်ရင်တော့ ပြန်ကျဖို့ခက်ပြီး တဖြည်းဖြည်း ပြန်တက်နေဦးမယ် ထင်ပါတယ်။ ဒီနေ့ နေ့လယ်အထိ ခန္တီးမြို့ပေါ်မှာ ကမ်းနားလမ်းအနော်ရထာလမ်းတစ်ဝက်လောက်နဲ့ အထကရှေ့အနည်းငယ် သာသွားလာလို့ရပါတော့တယ်။ ရပ်ကွက်နှစ်ခုစလုံးရေဝင်



ပါတော့မယ်။ ဇီးဖြူကုန်းရပ်ကွက်က တစ်ခါမှ ရေမရောက်တဲ့ အမြင့်ပိုင်းတွေဆိုတော့ ရေလွတ်မှာပါ”ဟု ဒေသခံတစ်ဦးက ပြောသည်။

ယနေ့ညနေပိုင်းအထိ ခန္တီးမြို့အနိမ့်ပိုင်းရပ်ကွက်များရှိ ရေဘေးသင့်သူများအနေဖြင့် ယခုအခါ မြသိန်းတန်စေတီတော်ကုန်းမြေတွင် အိမ်ထောင်စု ၁၂၅ စု၊ ပေါ်မိုင်းဘုန်းတော်ကြီးကျောင်းတွင် အိမ်ထောင်စု ၈၇ စုနှင့် ဇီးဖြူကုန်းစာသင်ကျောင်းတွင် အိမ်ထောင်စု ၇၇ စု စုစုပေါင်း အိမ်ထောင်စု ၂၈၉ စု ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေကြရကြောင်း သိရသည်။

ခန္တီးမြို့အနိမ့်ပိုင်းရပ်ကွက်များ ရေဝင်ရောက်မှုကြောင့် ရွှေ့ပြောင်းလာသော ရေဘေးသင့် အိမ်ထောင်စုများအား တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် လည်းကောင်း၊ နယ်မြေခံတပ်များနှင့် လူမှုရေးအသင်းအဖွဲ့များက ထမင်းထုပ်နှင့် ခေါက်ဆွဲခြောက်ထုပ်များကိုလည်းကောင်း ဝေငှပေးခဲ့ကြောင်း သိရသည်

ရေကြီးရေလျှံမှုများကြောင့် လျှပ်စစ်မီးများကိုလည်း ဌာနဆိုင်ရာ စုပေါင်းရုံးနှင့် ရေဘေးလွတ်သည့် ကုန်းမြေများမှအပ ကျန်နေရာများတွင် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ခေတ္တမီးဖြတ်တောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ- သီဟစည်သူ**

# ပြောင်းရွှေ့လူနေအိမ်ထောင်စုများအား ဆန်ရိက္ခာဖိုး သွားရောက်ထောက်ပံ့

**ကသာ ဩဂုတ် ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ပုလွေရွှေကျေးရွာအုပ်စု ရေလယ်ကျွန်းကျေးရွာရှိ ပြောင်းရွှေ့လူနေအိမ်ထောင်စု ကိုးစုအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၉၀၃၀၀ ကို ဩဂုတ်၁၅ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရေကြောင်းကြီးကြပ်မှုကော်မတီအဖွဲ့တို့နှင့် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ဩဂုတ် ၁၅ ရက် မွန်းတည့် ၁၂ နာရီ တိုင်းတာချက်အရ ကသာမြို့ ဧရာဝတီမြစ်ရေသည် ၁၀၃၀ စင်တီမီတာသို့ ရောက်ရှိနေပြီး မြစ်ကြီးနားမြို့မှ မြစ်ရေကျလာလျှင် ကသာမြို့တွင် နောက် တစ်ရက်အတွင်း စိုးရိမ်ရေမှတ် ၁၀၄၀ သို့ ကျော်လွန်ရောက်ရှိနိုင်သည်ကို ကသာမြို့မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရှိရကြောင်း၊ ရွာသူရွာသားများအနေဖြင့် ပြောင်းရွှေ့သင့်သည်များကို ပြောင်းရွှေ့ပြီး သတိပြုနေထိုင်သင့်ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝေဝေအောင်က ပြောကြားခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်ခရစ်ကက်အသင်း ထွက်ခွာ




**ရန်ကုန် ဩဂုတ် ၁၅**

မလေးရှားနိုင်ငံ၌ ကျင်းပနေသည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ခရစ်ကက်အသင်းအား မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းဝင်း ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်၊ နည်းပြအဖွဲ့ဝင်သုံးဦးနှင့် ဘင်္ဂလား ဒေ့ရှ်နိုင်ငံသား နည်းပြတစ်ဦး၊ အားကစားသမား ၁၅ ဦးတို့သည် ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မလေးရှား နိုင်ငံသို့ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာ ဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်၊ အတွင်းရေးမှူး ဦးကြည်မင်းနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ခရစ်ကက်ပြိုင်ပွဲ၌(OVER-50)ပြိုင်ပွဲနှင့်T-20 ပြိုင်ပွဲနှစ်မျိုး ကျင်းပမည်ဖြစ်ရာ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား ငါးနိုင်ငံတို့ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း -အေကေလင်း**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မြန်မာအမျိုးသမီးအသင်း ထိုင်းကို ရှုံးနိမ့်

(၂၉)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက မလေးရှားနိုင်ငံ၌ စတင်ကျင်းပရာ မြန်မာအမျိုးသမီးအသင်းရှုံးပွဲ ကြုံတွေ့ခဲ့ရသည်။

မြန်မာအမျိုးသမီးအသင်းသည် လက်ရှိချန်ပီယံ ထိုင်းအသင်းကို အဖွင့်ပွဲတွင် သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။မြန်မာအသင်းသည် ထိုင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ချန်ပီယံဆုအတွက် ဖိအားဝင်သွားရပြီး လက်ကျန်ပွဲများတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။ မြန်မာနှင့်ထိုင်းအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ကိုးကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်ပြီး မြန်မာအသင်းသည် သုံးပွဲမြောက်ရှုံးပွဲနှင့်ရင်ဆိုင်ခဲ့ရသည်။

မြန်မာအမျိုးသမီးအသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲ လုပ်ခဲ့ပြီး တိုက်စစ်တွင် ခင်မိုးဝေနှင့် နော်အားလိုဝါးဖောကို တွဲပေးခဲ့သည်။ မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် ဝါရင့်ကစားသမားများဖြစ်သည့် သန်းသန်းထွေး၊ စန်းစန်းမော်တို့အပါအဝင် ခင်မာလာထွန်း၊ ဝင်းသီဂီထွန်း၊ မြဖူးငုံ၊ ဝေဝေအောင်တို့ဖြင့် လူစုံခဲ့သည်။ ထိုင်းအသင်းသည် ပထမပိုင်းတွင် မြန်မာအသင်း ခံစစ်ပိုင်းအားနည်းချက်ကိုအခွင့်ကောင်းယူကာ ထိုးဖောက်ခဲ့ပြီး ၁၀ မိနစ်တွင် ဒန်ဒါ၊ ၁၂ မိနစ်တွင် ဆူနီဆာတို့ ကန်သွင်းမှုများ တိုင်ထိထွက်ခဲ့၍ မြန်မာအသင်း သက်သာရာရခဲ့သည်။ ၂၄ မိနစ်တွင် မြန်မာအသင်းဂိုးစရခဲ့ပြီး ထောင့်ကန်ဘောကို ဝင်းသီဂီထွန်းက ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ထိုင်းအသင်းက ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး မြန်မာအသင်း ခံစစ်ပိုင်းအမှားများလာ၍ အခွင့်အရေးများရလာခဲ့သည်။ ၆၈ မိနစ်တွင် ထိုင်းအသင်းချေပဂိုးပြန်ရခဲ့ပြီး သောင်ဆန်ဘတ်က သွင်းယူခဲ့သည်။ ချေပဂိုးရသွားပြီး နောက်ပိုင်းတွင် ထိုင်းအသင်းကစားအားပိုကောင်းလာပြီး ၇၄ မိနစ်တွင် သောင်ဆန်ဘတ်က ဒုတိယဂိုးသွင်းယူခဲ့သည်။ ၈၂ မိနစ်တွင် ဝင်းသီဂီထွန်းက ပြစ်ဒဏ်ဘောမှ တစ်ဆင့် ချေပဂိုးပြန်သွင်းခဲ့သော်လည်း နှစ်မိနစ်အကြာတွင် ဆူရာမူနီက ထိုင်းအတွက် တတိယဂိုးသွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဩဂုတ် ၁၇ ရက်တွင် အိမ်ရှင် မလေးရှား အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- ယူအီးအက်ဖ်အေ၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားစာရင်းကို ထုတ်ပြန်လိုက်ပြီဖြစ်ရာ ဆန်ခါတင်စာရင်းတွင် ဘတ်ဖွန်၊ မက်ဆီနှင့် စီရော်နယ်ဒိုတို့ ပါဝင်လာသည်။ အီတလီနှင့် ဂျူဗင်တပ်စ်ဂိုးသမား ဘတ်ဖွန်၊ အာဂျင်တီးနားနှင့် ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီ၊ ပေါ်တူဂီနှင့် ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုတို့ကို အကဲဖြတ် နည်းပြအဖွဲ့ဝင် ၈၀ နှင့် သတင်းစာဆရာ ၅၅ ဦးတို့က ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ မက်ဆီနှင့် စီရော်နယ်ဒိုသည် ယူအီးအက်ဖ်အေဆုကို နှစ်ကြိမ်စီ ရရှိထားသည်။ အဆိုပါ ဆုပေးပွဲကို ဩဂုတ် ၂၄ ရက်တွင် မိုနာကို၌ ၂၀၁၇-၂၀၁၈ ချန်ပီယံလိဂ်အုပ်စုအဆင့် မဲခွဲပွဲတွင် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။ အဆိုပါ ယူအီးအက်ဖ်အေ၏ ထိပ်ဆုံး ၁၀ ဦး စာရင်းတွင် မန်ယူတိုက်စစ်မှူးဟောင်း မိုဗစ်ပါဝင်လာကြောင်းလည်း ဖော်ပြထားသည်။
- ခရစ္စတီယာနို ရော်နယ်ဒိုသည် တနင်္ဂနွေနေ့တွင် ယှဉ်ပြိုင်ကစားခဲ့သော စပိန်စူပါဖလား ပထမအကျော့ပွဲစဉ်အဖြစ် ခါးသီးပြိုင်ဘက် ဘာစီလိုနာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ဒိုင်လူကြီးကို တွန်းထုတ်သလိုဖြစ်ခဲ့သည့်အတွက် ငါးပွဲပယ်ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် ၎င်းသည်ဩဂုတ် ၁၇ ရက် နံနက်တွင် ယှဉ်ပြိုင်ကစားမည့် ဘာစီလိုနာအသင်းနှင့် စပိန်စူပါဖလားဒုတိယအကျော့ပွဲစဉ်ကို လွဲချော်မည်ဖြစ်ပြီး ထိုပြစ်ဒဏ်အတွက် အယူခံဝင်ရန် ၁၀ ရက်အချိန်ရှိကြောင်းလည်း ဖော်ပြထားသည်။

**ဇော်ဇော်**

# မြန်မာယူ-၂၂ အသင်း ဆီးဂိမ်းပြိုင်ပွဲ အုပ်စုဒုတိယပွဲအဖြစ် လာအိုနှင့် ယနေ့ကစားရမည်

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (က) ဒုတိယပွဲကို ဩဂုတ် ၁၆ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ဒုတိယနေ့ပွဲစဉ်များအဖြစ် ယနေ့ မြန်မာ စံတော်ချိန် ညနေ ၇ နာရီ ၁၅ မိနစ်တွင် UiTM ကွင်း၌ မြန်မာနှင့် လာအို၊ ရှာအလမ်ကွင်း၌ အိမ်ရှင်မလေးရှားနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် အုပ်စု အဖွင့်ပွဲတွင် စင်ကာပူအသင်းကို အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ရန် အခြေအနေကောင်းသွားပြီဖြစ်သော်လည်း အမှတ်ပြည့်နှင့် ဂိုးများများသွင်းယူနိုင်မည့်ပွဲများတွင် အမှားအယွင်းမရှိ အနိုင်ရထားရန် လိုအပ်နေသည်။ သို့မှသာ မလေးရှားအသင်းနှင့် အုပ်စု နောက်ဆုံးပွဲတွင် ရလဒ်ကောင်းရယူနိုင်မည်ဖြစ်သည်။ လာအိုအသင်းသည် ပထမဆုံးပွဲ ယှဉ်ပြိုင်ကစားရခြင်းဖြစ်ပြီး မြန်မာအသင်းနှင့် တွေ့ဆုံတိုင်း ခပ်မာမာကစားလေ့ရှိသောကြောင့် သတိထားရမည်ဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် ဂဝတ်ဖရိုင်းဒရစ်က "အဖွင့်ပွဲမှာ အနိုင်ရခဲ့တဲ့အတွက် ကျေနပ်ပေမယ့် ဆီမီးဖိုင်နယ်တက်ဖို့ အများကြီး ကြိုးစားရပါဦးမယ်။ လာအို၊ ဘရူနိုင်းအသင်းတို့ကလည်း တောင့်တင်းတဲ့အသင်းတွေဖြစ်ပြီး အနိုင်ရဖို့ ခက်ခက်ခဲခဲကစားရမှာပါ။ ဒီပွဲနှစ်ပွဲကလည်း စင်ကာပူနဲ့ပွဲလိုပဲ အရေးပါပါတယ်၊ အနိုင်ရဖို့ ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

**ရဲရင့်ရှိုင်း**

❍ *ကျောဖုံးမှ*

မြန်မာ့ရုပ်မြင်သံကြားအနေဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသနိုင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မီဒီယာပြန်ကြားရေးဌာနမှ သိရသည်။

ဆီးဂိမ်းပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော မြန်မာယူ -၂၂ ဘောလုံးအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၁၄ ရက်တွင် စင်ကာပူအသင်း၊ ဩဂုတ် ၁၆ ရက်တွင် လာအိုအသင်း၊ ဩဂုတ် ၁၈ ရက်တွင် ဘရူနိုင်းအသင်း၊ အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၂၁ ရက်တွင် အိမ်ရှင်မလေးရှားအသင်းနှင့် (က)အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းအုပ်စုပွဲစဉ်များ၌ ပြီးခဲ့သော ဩဂုတ် ၁၄ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့သော စင်ကာပူအသင်းနှင့်ပွဲတွင် မြန်မာ့ရုပ်မြင်သံကြားအနေဖြင့် တိုက်ရိုက်ထုတ်လွှင့်နိုင်ခဲ့သော်လည်း **(ယနေ့)**ဩဂုတ် ၁၆ ရက်တွင် ယှဉ်ပြိုင်ကစားမည့် လာအိုနှင့်ပွဲ၊ ဩဂုတ် ၁၈ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဘရူနိုင်းနှင့်ပွဲတို့တွင် အိမ်ရှင် မလေးရှားနိုင်ငံအနေဖြင့် ရုပ်သံလိုင်းများ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် မရှိသဖြင့် မြန်မာ့ရုပ်မြင်သံကြားအနေဖြင့် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်ကို မပြုလုပ်နိုင်ခဲ့ကြောင်းနှင့် အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်သည့် အိမ်ရှင်မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားမှသာ ရုပ်သံထုတ်လွှင့်မှုအစီအစဉ်များကို လုပ်ဆောင်မည်ဖြစ်၍ ယင်းပြိုင်ပွဲမှသာ MRTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအခက်အခဲအခြေအနေများကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မီဒီယာပြန်ကြားရေးအဖွဲ့ အနေဖြင့်လည်း မြန်မာနိုင်ငံမှ ပြည်သူများ အုပ်စုပွဲစဉ်များကို တိုက်ရိုက်ကြည့်ရှုခွင့်ရရှိရေး ကြားဝင်ညှိနှိုင်းဆောင်ရွက်လျက်ရှိသော်လည်း လက်ရှိအခြေအနေအထိ ထူးခြားမှုမရှိသေးဘဲ နောက်ဆုံးရုပ်သံလိုင်းမရရှိခဲ့ပါက ဆိုရှယ်မီဒီယာများမှ ရိုက်ကူးပြသနိုင်ရန် စီစဉ်လျက်ရှိသည်။ ယင်းသို့ ဆိုရှယ်မီဒီယာများမှ တိုက်ရိုက်ထုတ်လွှင့်နိုင်ရန် ကြိုးပမ်းမှုတွင်လည်း အိမ်ရှင်မလေးရှားနိုင်ငံ၏ မူပိုင်ခွင့် ဥပဒေများက ရှိနေပြန်သဖြင့် အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း MFF မီဒီယာပြန်ကြားရေးဌာနမှ သိရသည်။

မလေးရှားနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို UiTM ကွင်းနှင့် UM ကွင်းတို့၌ ကျင်းပလျက်ရှိခြင်းကြောင့် တိုက်ရိုက်ထုတ်လွှင့်မည့် ရုပ်သံအစီအစဉ်တွင် အဆင်မပြေ၍ ထည့်သွင်းထားခြင်းမရှိကြောင်းနှင့် အမျိုးသမီးအုပ်စုအဆင့် ပြိုင်ပွဲများကိုလည်း ရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပြသမှုများ ပြုလုပ်သွားမည်မဟုတ်ကြောင်း သိရသည်။


### မိဘအမည်မှန်

ပြည်မြို့၊ အထက(ခွဲ) အလက(၂)၊ အဌမတန်း(B)မှ မောင်ထူးဆက်လွင်နှင့် အမက(လွှန်) ဝါရုံကျောင်း ဆဌမတန်းမှ မအေးနန္ဒာလွင်၊ ပဥ္စမတန်းမှ မောင်တိုးဆက်လွင်၊ ပထမတန်းမှ မောင်တိုးတက်လွင်တို့၏ မိဘအမည်မှန်မှာ ဦးဇော်လွင်ဦး ၇/ပမန(နိုင်)၁၂၄၂၅၀နှင့် ဒေါ်ခင်မျိုးဝင်း ၇/ပမန(နိုင်)၂၃၅၀၅၇ တို့ ဖြစ်ပါကြောင်း။

**ဦးဇော်လွင်ဦး-ဒေါ်ခင်မျိုးဝင်း**

### ဝန်ထမ်းအလိုရှိသည်

ဗိုလ်ချုပ်အောင်ဆန်းဈေး (စကော့ဈေး)၊ ကော်ဖီဆိုင်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိပါသည်။

လစာ (ညှိနှိုင်း)

၁။ မုန့်လုပ်ကျွမ်းကျင် (ပေါင်မုန့်၊ ကိတ်မုန့်၊ Sandwich) ကျား/မ (၁) ဦး

၂။ စားပွဲထိုး ကျား/မ (၃) ဦး

မှတ်ချက်။ ။ လုပ်ငန်းအပေါ် စိတ်ဝင်စားပြီး၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ သင်ယူလိုစိတ်ရှိသူ၊ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။ လျှောက်ထားလိုသူများသည် CV Form၊ လိုင်စင်ဓာတ်ပုံ (၂) ပုံ၊ မှတ်ပုံတင်မူရင်း/မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်းထောက်ခံစာမူရင်း၊ ရပ်ကွက်ထောက်ခံစာမူရင်း ယူဆောင်လာပြီး ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းကားထွက်ပေါက်၊ ဆိုင်အမှတ် (၃၃) သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း - ၀၉ ၇၇၆၆၃၂၆၆၉၊ ၀၉ ၂၅၆၃၅၆၆၂၉**

### အမည်ပြောင်း

ဦးလင်းဇော်ဦး ၉/နထက(နိုင်) ၁၁၇၆၅၆ နှင့် ဒေါ်ဂျူဂျူးဆွေ ၇/ပခန (နိုင်)၂၅၃၀၄၀တို့၏သား အထက(ခွဲ) (၈)ပထမတန်း(A)မှ မောင်သုတထွန်းအား မောင်သူရိန်လင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

### ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ရေလဲထိန်ကျော် အလက(ခွဲ) ဆဌမတန်းမှ မောင်မြင့်သိန်းနှင့် အဌမတန်းမှ မလဲ့လဲ့ဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်သိန်း ၅/ဟမလ(နိုင်)၀၅၉၁၀၀ဖြစ်ပါကြောင်း။

**ဦးမောင်သိန်း**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဝင်းမြတ်မောင် ၁၂/မရက (နိုင်)၀၀၁၅၈၈ (CDC 64510) Passport No.MA 955868 ၏ သင်္ဘောသားလက်မှတ် (4 Ticket) Certificate No. B04682915 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း -၀၉-၇၉၁၀၃၆၇၀၀**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/6761 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မျိုးမင်းထွန်း၏ C.D.C No-57747 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးအထူးဆပ်ပါမည်။

**ဖုန်း-၀၉-၇၈၃၆၇၈၃၆၂**

### ဖခင်အမည်မှန်

ပေါက်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မစုလှိုင်ဌေး၏ ဖခင်အမည်မှန် မှာဦးကျော်ဌေးဦး ၈/ပမန(နိုင်) ၀၂၂၆၅၇ ဖြစ်ပါကြောင်း။

**ဦးကျော်ဌေးဦး**

### ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ သက်တမ်းပြည့် ဝတ်စုံ(၂၄၈၈၂)စုံနှင့် လေ့ကျင့်ရေးဝတ်စုံ(၁၄၀၀)ကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ပဲခူးမြို့တွင် (၁၅-၈-၂၀၁၇)ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး (၁၃-၉-၂၀၁၇)ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်နှင့် ၁၈-၉-၂၀၁၇ ရက်တွင် တင်ဒါဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါကလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန (၀၅၂-၂၂၀၈၁၁)နှင့် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန (၀၅၂-၂၂၂၁၂၇၂)တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**တင်ဒါခေါ်ယူရေးကော်မတီ**

### မောင်သက်ပိုင်စံ ၁၂/လသယ(နိုင်)၀၄၂၄၇၁ အား အမွေစား အမွေခံသားအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၂/၈)ရပ်ကွက်၊ ဗထူး(၇)လမ်း၊ အမှတ် (၄၃) နေ ဦးစံရွှေမြင့် ၁၂/ပဇတ(နိုင်)၀၀၀၇၆၃ နှင့် ဒေါ်လှမြတ်အေး(ခ)ဒေါ်အိလှိုင် ၁၂/လသယ(နိုင်)၀၀၃၀၁၆ တို့၏သား မောင်သက်ပိုင်စံ ၁၂/လသယ(နိုင်)၀၄၂၄၇၁သည် မိဘ၏ ပြောဆိုဆုံးမမှုများကို လိုက်နာခြင်းမရှိဘဲ ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို ပြုမူဆောင်ရွက်သွားသဖြင့် အမွေစားအမွေခံသားအဖြစ်မှ အပြီးအပြတ် စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် မောင်သက်ပိုင်စံနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်များကို မိဘမှတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင်-ဒေါ်လှမြတ်အေး ၁၂/လသယ(နိုင်)၀၀၃၀၁၆**

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအတွင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ချောင်းကောတူးဖော်ခြင်းလုပ်ငန်းခုနစ်ခု၊ တာပြုပြင်ခြင်းလုပ်ငန်းနှစ်ခုနှင့် ရေနုတ် မြောင်းနှင့် တံတားနှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းတစ်ခုတို့ကို လုပ်ငန်းဆောင်ရွက်လိုသူများမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၉-၂၀၁၇ရက်မှ ၂၀-၉-၂၀၁၇ရက်အထိ

**တင်ဒါပုံစံရောင်းချမည့်နေရာ** - တိုင်းဆည်မြောင်းဝင်း၊ ကြည်သာချမ်းမြဓမ္မာရုံ

**တင်ဒါတင်သွင်းရမည့်ရက်** - ၉-၁၀-၂၀၁၇ရက်မှ ၁၁-၁၀-၂၀၁၇ရက် ညနေ ၄နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၉-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီ

**ညွှန်ကြားရေးမှူးရုံး**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့**

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၂-၂၂၃၀၀၃၅၊ ၀၅၂-၂၂၃၀၂၆၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### အမည်ပြောင်း

မြင်းခြံမြို့နယ်၊ ကိုင်းရွာကျေးရွာမှ ဦးသောင်းဌေး၏ သားမြင်းခြံမြို့ အစိုးရနည်းပညာအထက်တန်းကျောင်းဒုတိယနှစ်မှ မောင်လူမော်အား အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ရဲရင့်အောင် ၉/တသန(နိုင်)၂၈၀၁၈၀ ဟု ပြောင်းလဲခေါ်ပါရန်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ကျောဇီ(အထက)မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးဖြစ်သော ရွာမကန်တော်ကျေးရွာ နေမဇူလှိုင်ဖြိုး၏ ဖခင် ဦးခင်မောင်ဆွေ(ခ)ဦးခင်မောင်ဝင်း ၉/တသန(နိုင်)၂၂၄၈၁၇ မှာ တစ်ဦးတည်းဖြစ်ပါသည်။

# နောက်ထပ်ပိတ်ဆို့မှုများပြုလုပ်ပါက နျူကလီးယားသဘောတူစာချုပ်မှ နုတ်ထွက်မည်ဟု အီရန်ခြိမ်းခြောက်

**ဒူဘိုင်း ဩဂုတ် ၁၅**

အမေရိကန်ပြည်ထောင်စုအနေဖြင့် အီရန်အပေါ် နောက်ထပ်အရေးယူပိတ်ဆို့မှုများ ချမှတ်လာပါက ထိုသို့ချမှတ်ပြီး နာရီပိုင်းအတွင်းမှာပင် အီရန်သည် စက်မှုထိပ်သီးအင်အားကြီးနိုင်ငံများနှင့် စာချုပ်ချုပ်ဆိုထားသည့် နျူကလီးယားသဘောတူစာချုပ်မှ နုတ်ထွက်မည်ဟု အီရန်သမ္မတ ဟာဆန်ရိုဟာနီက အင်္ဂါနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ပိတ်ဆို့အရေးယူမှုပြုလုပ်သည့် နည်းလမ်းကို ပြန်လည်အသုံးပြုလာပါက အီရန်သည်တစ်ပတ် သို့မဟုတ် တစ်လကြာအောင် စောင့်ဆိုင်းနေလိမ့်မည်မဟုတ်ဘဲ စေ့စပ်ညှိနှိုင်းမှုများ မပြုလုပ်မီမှာပင် စာချုပ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် လွှတ်တော် အစီအစဉ်တစ်ရပ်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံအပေါ်တွင် ချမှတ်ထားသည့် ပိတ်ဆို့မှုကို ဖယ်ရှားပေးခဲ့သည့်အတွက် အီရန်သည်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ဆောင်ရွက်မှုကို ထိန်းချုပ်ရန် ၂၀၁၅ ခုနှစ်တွင် အမေရိကန်၊ ရုရှား၊ တရုတ်နိုင်ငံ၊ ဥရောပသုံးနိုင်ငံတို့နှင့် သဘောတူညီခဲ့သည်။

အီရန်နိုင်ငံက ဂြိုဟ်တုတစ်စင်းကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပို့ဆောင်နိုင်သည့် ဒုံးကျည်တစ်စင်းကို လွှတ်တင်ခဲ့ပြီးနောက်တွင် ပြီးခဲ့သည့် ဇူလိုင်လ နှောင်းပိုင်းက အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဒုံးကျည်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တွင် ပါဝင်ပတ်သက်ခဲ့သည့် အီရန်ကုမ္ပဏီခြောက်ခုကို ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သည်။

ယခုလအစောပိုင်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အီရန်၊ ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံများအပေါ် ပိတ်ဆို့မှုများပြုလုပ်မည့် ဥပဒေကြမ်းကို အမေရိကန်ကွန်ဂရက်လွှတ်တော်မှတစ်ဆင့် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါဥပဒေအတွင်းပါဝင်သည့် ပိတ်ဆို့မှုများသည် အီရန်၏ ဒုံးကျည်အစီအစဉ်သာမက လူ့အခွင့်အရေးချိုးဖောက်မှုများအတွက်ပါ ရည်ရွယ်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)





# ချာလော့တက်စ်ဗီလီကိစ္စကြောင့် ထရန့်ကောင်စီမှ အမှုဆောင်အရာရှိချုပ်သုံးဦးနုတ်ထွက်

**ဝါရှင်တန် ဩဂုတ် ၁၅**

ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်းက ဗာဂျီးနီးယားပြည်နယ် ချာလော့တက်စ်ဗီလီတွင် လူဖြူအမျိုးသားရေးဝါဒီသမားများ ချီတက်စုဝေးရာမှ ပေါ်ပေါက်ခဲ့သည့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုများနှင့် ပတ်သက်၍ ထရန့်ကတုံ့ပြန်ဆောင်ရွက်မှုများပြုလုပ်ခဲ့ပြီးနောက် တနင်္လာနေ့တွင် သမ္မတဒေါ်နယ်ထရန့်၏အမေရိကန် ကုန်ထုတ်လုပ်ငန်းကောင်စီမှ အမှုဆောင်အရာရှိချုပ် သုံးဦးနုတ်ထွက်သွားခဲ့ကြောင်း သိရသည်။

နိုင်ငံရေးအရ ပြိုကွဲမှုများဖြစ်နေသည့်အခြေအနေက အကျပ်အတည်းများဖြစ်ပေါ်လာအောင် လုပ်ဆောင်နေသည့် ထိခိုက်နစ်နာမှုကို အများပြည်သူအာရုံစိုက်လာစေရန်အတွက် ကောင်စီမှနုတ်ထွက်လိုက်ခြင်းဖြစ်ကြောင်း အင်တယ်လ်အမှုဆောင်အရာရှိချုပ် ဘရိန်းကာဇန်နစ်ချ်က ဘလော့ဂ်စာမျက်နှာပေါ်တွင် ရေးသားခဲ့သည်ဟု ဖော်ပြထားသည်။

Merck and an African-American ဆေးဝါးထုတ်လုပ်ငန်းမှ အမှုဆောင်အရာရှိချုပ် ကန်နက်တ် ဖရေဇာက လူဖြူအမျိုးသားရေးဝါဒီများနှင့် အတိုက်အခံဆန္ဒပြသူများအကြား ဖြစ်ပွားခဲ့မှုအပေါ်တွင် အားရကျေနပ်ဖွယ်မရှိသည့်ထရန့်၏ တုံ့ပြန်ဆောင်ရွက်မှုကြောင့် အကြံပေးကောင်စီမှနုတ်ထွက်ရန် ဆုံးဖြတ်လိုက်ကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့်သောကြာနေ့က ချာလော့တက်စ်ဗီလီ၌ ရာနှင့်ချီသောလူဖြူအမျိုးသားရေးဝါဒီများ ဆန္ဒဖော်ထုတ်မှုများဖြစ်ပွားခဲ့ပြီး ဆန္ဒပြလူအုပ်အတွင်း ကားတစ်စီးမောင်းဝင်မှုကြောင့် လူတစ်ဦး သေဆုံးခဲ့သည်။

(ရိုက်တာ)

# ဆီးရီးယားအရေး ရိုဟာနီနှင့် ဗလာဒီမာပူတင်တို့ ဆွေးနွေး

**တီဟီရန် ဩဂုတ် ၁၅**

ဆီးရီးယားနိုင်ငံအရေး တိုးတက်မှုအခြေအနေများနှင့် ပတ်သက်ပြီး ယမန်နေ့က အီရန်သမ္မတ ဟာဆန်ရိုဟာနီနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ ဖုန်းဖြင့် ပြောဆိုဆွေးနွေးခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားနေသည့် ခြောက်နှစ်ကြာ ပဋိပက္ခအဆုံးသတ်ရန် ပူးပေါင်းညှိနှိုင်း အားထုတ်ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင်နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းမှုအခြေအနေများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအရေးတို့နှင့် ပတ်သက်ပြီး အပြန်အလှန်ပြောဆိုခဲ့ကြောင်း သိရသော်လည်း နှစ်နိုင်ငံခေါင်းဆောင်များ၏ ဆွေးနွေးချက်နှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခြင်းမရှိပေ။

ဆီးရီးယား ပြည်တွင်းစစ်ဖြစ်ပွားနေချိန်တွင် အဆိုပါအရေးကို ကူညီရန် ရုရှားနှင့် အီရန်တို့သည် ဒေသတွင်း မဟာမိတ်များဖြစ်လာကြကြောင်း သိရသည်။

ဩဂုတ်လအကုန်တွင် ကျင်းပမည့် ဆီးရီးယားငြိမ်းချမ်းရေးစကားဝိုင်းတွင် မည်သည့် အကြောင်းအရာများအား ဆွေးနွေးကြရမည်ဆိုသည်နှင့် ပတ်သက်ပြီး မူဝါဒများချမှတ်ရန် အကြိုအစည်းအဝေးအဖြစ် လွန်ခဲ့သည့် ရက်သတ္တပတ်က အီရန်၊ ရုရှားနှင့် တူရကီနိုင်ငံတို့မှ ခေါင်းဆောင်များသည် တီဟီရန်၌ ဆွေးနွေးခဲ့ကြသေးကြောင်း သိရသည်။

(ဆင်ဟွာ)

## အမေရိကန်၏ရန်ပြုမှုများကို ရပ်တန့်စေလိုကြောင်း ကင်ဂျုံအန်းပြော

**ပြုံယမ်း ဩဂုတ် ၁၅**

အမေရိကန်၏ ရန်ပြုသည့် ဆောင်ရွက်မှုများကို ရပ်တန့်ရန်ပြောကြားခဲ့ပြီး မြောက်ကိုရီးယားတပ်ဖွဲ့အား အကယ်၍ လိုအပ်ပါက တိုက်ခိုက်မှုများ အဆင်သင့်ပြုလုပ်ထားရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ပြောခဲ့သည်။

ဂူအမ်ကျွန်းအရေး မြောက်ကိုရီးယားနိုင်ငံ၏ သည်းခံမှုကို စမ်းသပ်ပါက တုံ့ပြန်ဆောင်ရွက်မှုပြုရန် အရေးကြီးသော ဆုံးဖြတ်ချက်များချမှတ်သွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းအေဂျင်စီက ဩဂုတ် ၁၅ ရက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် အလွန်များပြားသော နျူကလီးယားလက်နက်များကို မြောက်ကိုရီးယားနိုင်ငံ အနီးတစ်ဝိုက်သို့ ပြောင်းရွှေ့နေမှုနှင့် ပတ်သက်ပြီး ကင်ဂျုံအန်းက အမေရိကန်နိုင်ငံအနေဖြင့် စစ်မက်မဖြစ်ပွားရေး မှန်ကန်သည့် ရွေးချယ်မှုကို ဦးစွာဆောင်ရွက်သင့်ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အကယ်၍လိုအပ်ပါက အလုပ်သမားပါတီမှ ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် ချက်ချင်းတိုက်ပွဲဝင်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(ဆင်ဟွာ)

## မြောက်ကိုရီးယားသို့ ဒုံးကျည်တွန်းအားပေးစက် ရောင်းချခဲ့ခြင်းကို ယူကရိန်းငြင်းဆို

**ကီယက်ဗ် ဩဂုတ် ၁၅**

ယူကရိန်းနိုင်ငံ ကုမ္ပဏီတစ်ခုက မြောက်ကိုရီးယားနိုင်ငံအား ဒုံးကျည်တွန်းအားပေးစက်ကိရိယာရောင်းချမှုနှင့် ပတ်သက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကော်မတီအတွင်းရေးမှူး အိုလက်ခ်ဆန်ဒါတာချီနော့ဗ်က ငြင်းဆိုလိုက်ကြောင်း သိရသည်။

ပြည်ပမီဒီယာများ၏ သတင်းဖော်ပြမှုသည် လက်တွေ့လုံးဝမကျကြောင်း၊ ယူကရိန်းနိုင်ငံမှ မြောက်ကိုရီးယားနိုင်ငံအား ဒုံးကျည်တွန်းအားပေးစက်ကိရိယာ ရောင်းချခဲ့သည်ဟု ပြောခြင်းသည် သက်သေအထောက်အထားလုံးဝမရှိကြောင်း ဒေသတွင်းမီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုတွင် တာချီနော့ဗ်က ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံသည် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို လုံးဝထောက်ခံသဖြင့် မြောက်ကိုရီးယားသို့ ဒုံးကျည်တွန်းအားပေးစက်ကိရိယာအပြင် အန္တရာယ်ရှိသည့် မည်သည့် စက်ပစ္စည်းကိရိယာကိုမှ ရောင်းချခြင်းပြုမည် မဟုတ်ကြောင်း တာချီနော့ဗ်က ဆက်လက်ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံမှ ကုမ္ပဏီများသည် စစ်လက်နက်မှောင်ခိုဈေးကွက်မှ မြောက်ကိုရီးယားနိုင်ငံအား ဒုံးကျည်တွန်းအားပေးစက်ကိရိယာ ရောင်းချခဲ့သည်ဟု အမေရိကန်နိုင်ငံ နယူးယောက်တိုင်းမ်သတင်းဌာနက ယမန်နေ့က ဖော်ပြခဲ့ကြောင်း သိရသည်။ (ဆင်ဟွာ)



## ဆီရီယာလီယွန်းကျွန်းနိုင်ငံလေးတွင် မြေပြိုမှုဖြစ်ပွားရာ လူ ၂၀၀ ထက်မနည်းသေဆုံးနိုင်

**ဖရီးတောင်း ဩဂုတ် ၁၅**

ဆီရီယာလီယွန်းကျွန်းနိုင်ငံလေး၏ မြို့တော် ဖရီးတောင်း ဆင်ခြေဖုံး ဒေသများတွင် ဩဂုတ် ၁၄ က မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူ ၂၀၀ ထက်မနည်းသေဆုံးခဲ့ပြီး နေအိမ်များလည်း မြေပြိုမှုများကြား နစ်မြုပ်သွားခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ရဲတပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များလည်း မြေပြိုမှုဖြစ်ပွားခဲ့ရာ တောင်ကုန်းထူထပ်သည့် ရီဂျန်မြို့လေးတွင် အပျက်အစီးများကြား ပိတ်မိနေသော လူများကို ရှာဖွေလျက်ရှိကြောင်း သိရသည်။ သေဆုံးသူ ၂၀၅ ဦး၏ ရုပ်အလောင်းများကိုလည်း မြို့တော် ဖရီးတောင်းရှိ ရေခဲတိုက်သို့ ပို့ဆောင်ခဲ့ကြောင်း ကြက်ခြေနီအဖွဲ့က ပြောခဲ့သည်။

မြေပြိုမှုတွင် ပိတ်မိနေသော ရုပ်အလောင်းများကို ထပ်မံရှာဖွေတွေ့ရှိနိုင်သည့် အခြေအနေရှိသောကြောင့် သေဆုံးသူအရေအတွက်မှာ မြင့်တက်လာနိုင်ကြောင်း ကြက်ခြေနီအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အဘူဘာကာတာရာဝယ်လီက ပြောခဲ့သည်။

အဆိုပါနေရာတွင်ဖြစ်ပွားခဲ့သော မြေပြိုမှုမှာ အလွန်ဆိုးရွားသောကြောင့် များစွာစိတ်မကောင်းဖြစ်ရကြောင်း၊ အဆိုပါဒေသကို အစောင့်အကြပ်များချထားပြီး လူများကို ကယ်တင်နိုင်ရေး ကြိုးစားရမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဗစ်တာဖို့ဟ်က ပြောခဲ့သည်။ **(ရိုက်တာ)**

## ဘာကီနာဖာဆိုပစ်ခတ်မှုတွင် ၁၈ ဦး ထက်မနည်းသေဆုံး

**အောက်ကဒိုဂူ (ဘာကီနာဖာဆို) ဩဂုတ် ၁၅**

အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်အဖြစ် သံသယရှိသူများက ဘာကီနာဖာဆိုမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ပစ်ခတ်မှုပြုလုပ်ခဲ့ပြီး ဝင်ရောက်စီးနင်းမှုပြုလုပ်ခဲ့ရာ ၁၈ ဦးထက်မနည်းသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ သို့သော်လည်း လုံခြုံရေးတပ်ဖွဲ့များက တိုက်ခိုက်သူများကို အသေပစ်သတ်နိုင်ခဲ့ပြီး အဆောက်အအုံအတွင်း ပိတ်မိနေသူများကို ကယ်တင်နိုင်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဩဂုတ် ၁၄ ရက်က ဖော်ပြခဲ့သည်။

"ဒါဟာအကြမ်းဖက်တိုက်ခိုက်မှုတစ်ခုပါ"ဟု ဆက်သွယ်ရေးဝန်ကြီး ရယ်မီဒန့်ဂျီနူက ဩဂုတ် ၁၄ ရက်က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

အနောက်အာဖရိကရှိ အခြားနိုင်ငံများနည်းတူ ဘာကီနာဖာဆို သည်လည်း ဂျီဟတ်အုပ်စု၏ ပစ်မှတ်ထားတိုက်ခိုက်ခြင်းကို ခံခဲ့ရကြောင်း သိရသည်။ တိုက်ခိုက်မှုအများဆုံးဖြစ်ပွားသည့် ဒေသမှာ မာလီနှင့်ထိစပ်လျက်ရှိသော မြောက်ပိုင်းနယ်စပ်ဒေသ တစ်လျှောက်ဖြစ်ကြောင်း သိရသည်။ အဆိုပါဒေသတွင် အိုင်အက်စ်စစ်သွေးကြွတို့ ဆယ်စုနှစ် တစ်ခုထက်မနည်း လှုပ်ရှားမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ဝင်ရောက်စီးနင်းမှုတွင် သေဆုံးခဲ့သူများမှာ ပြင်သစ်နိုင်ငံသား တစ်ဦးလည်းပါဝင်ကြောင်း သိရသည်။ ထို့အပြင် ကနေဒါမှ တစ်ဦး၊ ကူဝိတ်မှ နှစ်ဦး၊ နိုင်ဂျီးရီးယားမှ တစ်ဦး၊ ဆီနီဂေါမှ တစ်ဦး၊ တူရကီနှင့် လက်ဘနွန်တို့မှ တစ်ဦးစီနှင့် ဘာကီနာဖာဆိုမှ ခုနစ်ဦးတို့လည်းပစ်ခတ်မှုတွင် သေဆုံးခဲ့ကြောင်း ဘာကီနာဖာဆိုနိုင်ငံခြားရေးဝန်ကြီး အယ်လ်ဖာဘာရီက သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။ **(ရိုက်တာ)**

## ကုလသမဂ္ဂအရေးမယူမီကပင် တရုတ်နိုင်ငံက မြောက်ကိုရီးယားအား စီးပွားရေးပိတ်ဆို့မှုပြုလုပ်ခဲ့

**ပေကျင်း ဩဂုတ် ၁၅**

မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်စမ်းသပ်မှုပြုလုပ်ခဲ့သည့်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အပြစ်ပေးအရေးယူသည့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် ကုန်သွယ်ရေးပိတ်ဆို့မှုပြုလုပ်ရန် ယခုလအတွင်း၌ မဲပေးခဲ့သည်ဖြစ်ရာ ထိုသို့မဆုံးဖြတ်မီကပင် တရုတ်နိုင်ငံသည် ၎င်း၏သံကုန်သည်များအား မြောက်ကိုရီးယားနိုင်ငံမှကုန်ကြမ်းများကို ဆက်လက်ဝယ်ယူခြင်းမပြုရန် ဖိအားပေးခဲ့ကြောင်း တရုတ်ကုန်သည်နှစ်ဦးက ပြောကြားခဲ့သည်။

တိုက်ချင်းပစ်ဒုံးကျည်များစမ်းသပ်ခဲ့သည့်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယားနိုင်ငံအား အရေးယူဆောင်ရွက်သည့်အနေဖြင့် ဩဂုတ် ၆ ရက်တွင် မြောက်ကိုရီးယားနိုင်ငံမှ ကျောက်မီးသွေး၊ သံ၊ ခဲနှင့်ပင်လယ်စာများတင်ပို့မှုကို ပိတ်ဆို့ခဲ့ကြသည်။

**(ရိုက်တာ)**

# လောင်းလှေကိုလှော် ရီးလေးလေးရီးလေးယို......

**တင်လင်းအောင်**

**ဒေသတွင်း အဝန်းအဝိုင်းတစ်ခုအဖြစ် အာဆီယံအဖွဲ့ကြီးကို လေ့လာဆန်းစစ်ရန် ဒီထက်ပိုကောင်းသော အချိန်ရှိအုံ့မထင်။ အာဆီယံအဖွဲ့ကြီးအဖြစ် လျှောက်လှမ်းလာခဲ့တာ ဘယ်လောက်တောင် ခရီးပေါက်ခဲ့ပြီလဲ။ နောက်ထပ်ဘယ်ကိုများခရီးဆက်ဦးမလဲ။ အတိအကျဆိုရမယ်ဆိုရင် အာဆီယံအဖွဲ့ကြီးတည်ထောင်ခဲ့တာ နှစ်ပေါင်း ၅၀ ရှိခဲ့ပါပြီ။ အာဆီယံအဖွဲ့ကြီးစတင်တည်ထောင်ခဲ့တဲ့ အချိန်ကတည်းက ယခုအချိန်အထိ ကမ္ဘာ့စင်မြင့်ထက်မှာ တော်ဝင်ပန်းအဖြစ် ဝင့်ဝင့်ကြွားကြွားရပ်တည်ခဲ့ပါတယ်။**

အလုံးစုံသဘောတရားမူဘောင်များနဲ့ ကျားကန်ပေးထားပြီး တည်ငြိမ်ရေးကိုရှေးရှုတဲ့နိုင်ငံတစ်နိုင်ငံအနေနဲ့ မလေးရှားနိုင်ငံဟာ အာဆီယံအဖွဲ့ကြီးနဲ့ အခြားသော ဘက်ပေါင်းစုံအဖွဲ့အစည်းများအတွက် အောင်မြင်တဲ့လမ်းကြောင်းကိုသွားရာမှာ အမြဲတမ်းတက်ကြွတဲ့အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ပါဝင်တာကိုတွေ့ရမှာဖြစ်ပါတယ်။

မလေးရှားနိုင်ငံဟာ ဒေသတွင်းအဝန်းအဝိုင်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ သတ်မှတ်ထားတဲ့ လုပ်နိုင်စွမ်းစံနှုန်းထက်ပိုမိုခရီးရောက်အောင်လုပ်နိုင်ခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဆိုလည်း မမှားပါဘူး။ ထို့အပြင် အနာဂတ်ရှုမျှော်စွမ်းလည်းကြီးမားလှတဲ့ နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါတယ်။ ဒီအချက်တွေကြောင့် မလေးရှားနိုင်ငံဟာ ဒေသတွင်းမှာ တခြားသောနိုင်ငံအစိတ်အပိုင်းများပေါင်းစည်းမှုထက် ပိုမိုအင်အားကောင်းအောင် ကြိုးစားရမှာဖြစ်ပါတယ်။

အနာဂတ်ကိုထုဆစ်ပုံဖော်နေရင်းနဲ့ အတိတ်တွေဟာ ပြီးဆုံးခဲ့ပါပြီ။ အတိတ်ကသင်ခန်းစာတွေယူရင်းနဲ့ အနာဂတ်ကို ဆက်လက်တည်ဆောက်ကြရမှာဖြစ်ပါတယ်။ ၁၉၆၉ခုနှစ် အဓိကရုဏ်းဖြစ်ပြီးနောက် မလေးရှားနိုင်ငံဟာ စီးပွားရေးမူဝါဒသစ်တစ်ရပ်ကို စတင်ခဲ့ပါတယ်။ စတင်ခဲ့တဲ့ စီးပွားရေးဆိုင်ရာမူဝါဒဟာ ဆင်းရဲမှုကိုတိုက်ဖျက်ပြီး နိုင်ငံတွင်းရှိ စီးပွားရေးကို ပြန်လည်ထိန်းညှိပေးခဲ့ပါတယ်။ နှစ်ပေါင်း ၃၀ ကြာပြီးနောက် အနာဂတ်မျှော်မှန်းချက် ၂၀၂၀အတိုင်းလိုက်နာကျင့်သုံးခဲ့ပါတယ်။ အနာဂတ်မျှော်မှန်းချက် ၂၀၂၀ မှာ ပါတဲ့ အချက်တွေအတိုင်းလိုက်နာကျင့်သုံးခဲ့တဲ့ မလေးရှားနိုင်ငံဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်နိုင်ငံဖြစ်လာပါပြီ။

အခုဆိုရင် ခရစ်နှစ်၂၀၂၀ကိုရောက်ဖို့ နီးကပ်လာပါပြီ။ ကောင်းပြီ။ ခရစ်နှစ်၂၀၂၀ပြီးရင်ဘာဆက်လုပ်မလဲ။ လာမယ့် ခရစ်နှစ် ၂၀၅၀မှာဖြစ်လာမယ့် ကမ္ဘာကြီးဟာ ယနေ့ကမ္ဘာကြီးနဲ့ တူချင်မှတူမှာပေါ့။ တိုးတက်မှုတွေ ပြောင်းလဲမှုတွေ အံ့မခန်းဖြစ်ရင်လည်းဖြစ်နေမှာပေါ့။ ကျိန်းသေတာကတော့ အခုခေတ်နဲ့ နောင်လာမယ့်ခေတ်တွေမှာ ကွာဟမှုတွေ၊ ပြောင်းလဲမှုတွေ၊ မတူညီမှုတွေဖြစ်နေမယ်ဆိုတာပါပဲ။ အဲလို မတူညီမှုတွေ၊ ကွဲပြားမှုတွေဖြစ်လာမယ့် အနာဂတ်မှာ ဘယ်အရာက လမ်းပြပေးမှာလဲ။

အဲဒါကြောင့် မလေးရှားနိုင်ငံမှာ လူငယ်တွေကို အနာဂတ်မှာ ဘယ်လိုနိုင်ငံမျိုးလိုချင်သလဲဆိုတာနဲ့ပတ်သက်ပြီး စီမံကိန်းတွေချပြီးဆောင်ရွက်နေပါပြီ။ အမျိုးသားပြောင်းလဲရေး ၂၀၅၀ဆိုတဲ့ စီမံကိန်းဟာ ခရစ်နှစ် ၂၀၂၀မှသည် ၂၀၅၀ အထိ ဘယ်လိုနိုင်ငံမျိုးဖြစ်စေချင်သလဲဆိုသည့်အတိုင်းအကောင်အထည်ဖော်မယ့် အစပျိုးအနာဂတ်စီမံကိန်းတစ်ခုဖြစ်တယ်ဆိုတဲ့အတိုင်း နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအဖြစ် အကောင်အထည်ပေါ်လာမယ်ဆိုရင်တော့ ကမ္ဘာမှာ စီးပွားရေးဖွံ့ဖြိုးတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာအောင်

> **အာဆီယံဒေသတွင်း နိုင်ငံတစ်နိုင်ငံရဲ့အောင်မြင်မှုဟာ အခြားဒေသတွင်းနိုင်ငံတွေအတွက်လည်း ကောင်းမွန်တဲ့ရလဒ်များကို ဆောင်ကြဉ်းပါတယ်။ ထို့အတူပဲ ဒေသတွင်းနိုင်ငံ တစ်နိုင်ငံကျရှုံးခဲ့ပါကလည်း အခြားနိုင်ငံများအတွက် ဆိုးကျိုးကိုဖြစ်စေနိုင်ပါတယ်။ အာဆီယံရဲ့စွမ်းအားဟာ အတူတကွ ပေါင်းစည်းမှုပါ။**

ဆက်လက်ကြိုးစားရမှာပေါ့။ ကျိန်းသေတာကတော့ မလေးရှားပြည်သူအားလုံးက လာမည့်အနာဂတ်မှာ တရားမျှတမှုရှိပြီး ရေရှည်တည်မြဲတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်စေချင်ရုံသာမက ယှဉ်ပြိုင်မှု၊ စည်းလုံးမှု၊ ပျော်ရွှင်မှုတွေနဲ့ ပြည့်နေစေချင်တဲ့နိုင်ငံတစ်နိုင်ငံလည်း ဖြစ်စေချင်တယ်ဆိုတာ မြေကြီးလက်ခတ်မလွဲနိုင်ပါဘူး။

အနာဂတ်မှာ သမားရိုးကျနည်းလမ်းတွေကိုကျော်ဖြတ်ပြီး ချမ်းသာကြွယ်ဝမှုတွေ၊ ဝင်ငွေမညီမျှမှုတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ အဆင့်အတန်းမီတဲ့ပညာရေးရရှိမှုတွေ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်မှုဆိုင်ရာတွေ၊ လူနေမှုအဆင့်အတန်း မြင့်မားမှုတွေ၊ အများပြည်သူဆိုင်ရာ ပို့ဆောင်ရေးမြှင့်တင်မှုတွေ၊ အားကစားကဏ္ဍတွေမှာ အောင်မြင်မှုရရှိမှုတွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေအားကောင်းဖို့တွေ၊ သိပ္ပံနည်းကျ သုတေသနလုပ်ငန်းတွေမှာ ကြီးမားတဲ့ရင်းနှီးမြှုပ်နှံမှုတွေ စသည်ဖြင့် အခြားအခြားသောအရာတွေမှာလည်း တိုးတက်ပြောင်းလဲမှုတွေ ဖြစ်စေချင်တာပါပဲ။

တိုးတက်ချင်တဲ့ လူ့ဘောင်အဖွဲ့အစည်းဟာ အိပ်မက်တွေကို




အတူတကွမက်သလို တာဝန်တွေကိုလည်း အတူတကွခွဲဝေယူကြရစမြဲပါ။ ထို့အတူ အာဆီယံအဖွဲ့ကြီးဟာလည်း ခရစ်နှစ် ၂၀၅၀ကို တဖြည်းဖြည်းချင်းနင်းဝင်ရောက်လာမှာပါ။ ဒီအချိန်ဟာ အာဆီယံအဖွဲ့ကြီး လာမည့်ခရစ်နှစ် ၂၀၅၀မှာ ဘယ်လိုပုံစံဖြစ်ချင်လဲဆိုတာနဲ့ပတ်သက်ပြီး ပြည်သူတွေကို မေးဖို့အကောင်းဆုံးအချိန်ပဲဖြစ်ပါတယ်။ ထို့အတူ အာဆီယံအဖွဲ့ကြီးဟာလည်း စည်းလုံးညီညာအောင်ကြောင်းဖြာဆိုတဲ့အတိုင်း တစ်စိတ်တစ်ဝမ်းတည်းအတူတကွ ရပ်ဝန်းတစ်ခုအဖြစ် ရှေ့ခရီးကို ချီတက်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။

မဝေးတော့သော အနာဂတ်ကာလတွေမှာလည်း ခေတ်မီအလိုအလျောက်လုပ်ဆောင်တဲ့စက်တွေ၊ စက်ရုပ်တွေ၊ မတူကွဲပြားခြားနားတဲ့ ကျွမ်းကျင်မှုလိုအပ်ချက်တွေ၊ သင့်တင့်လျောက်ပတ်တဲ့ အလုပ်သမားအင်အားတွေ၊ ကြီးမားတဲ့လူ့အဖွဲ့အစည်းမှသည် သေးငယ်တဲ့မိသားစုပုံစံသို့ ပြောင်းလဲလာမှုတွေ၊ ကမ္ဘာ့ကုန်သွယ်ရေးမှာ ထုတ်လုပ်နိုင်စွမ်းပြောင်းလဲလာမှုတွေ စတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရတော့မှာဖြစ်ပါတယ်။

ဒီလိုမျိုး ပြောင်းလဲလာမှုတွေအပေါ် နိုင်ငံအသီးသီးက ကိုယ့်နည်းကိုယ့်ဟန်နဲ့ ချဉ်းကပ်လာသော်လည်း အတူတကွလုပ်ဆောင်ရမည့်ကဏ္ဍတွေ အမြောက်အမြားရှိတယ်ဆိုတာကို ငြင်းမရပါဘူး။ တစ်ယောက်အားနဲ့ ယူသော်မရ တစ်သောင်းအားနဲ့ယူမှုရမယ့် ကိစ္စတွေဟာ အာဆီယံအဖွဲ့ကြီး ပေါ်ပေါက်လာခြင်းရဲ့ ရည်ရွယ်ချက်တစ်ခုလို့ဆိုရင်မှားမယ်လို့မထင်ပါဘူး။ ဟုတ်ပါတယ်။ အာဆီယံအဖွဲ့ကြီးဟာ နောင်လာမယ့် ၃၃ နှစ်အတွင်းမှာ ကမ္ဘာ့ထုတ်လုပ်နိုင်စွမ်းအား အကောင်းဆုံးရပ်ဝန်းတစ်ခု အမှန်စင်စစ်ဖြစ်လာမှာ ယုံမှားသံသယရှိစရာမဟုတ်ပါဘူး။

နောင်လာမယ့် ငါးနှစ်အတွင်းမှာ အာဆီယံအဖွဲ့ကြီး ဘယ်လိုပုံစံဖြစ်လာတာကိုကျွန်တော်တို့ ကြိုက်သလဲ။ လက်ရှိမျိုးဆက်တွေဟာ ကြီးလေးတဲ့တာဝန်ကြီးတွေကို ယုံကြည်စွာထမ်းဆောင်ရင်း အနာဂတ်အာဆီယံကြီးကို ပုံဖော်နေတယ်လို့ဆိုရင် မှားမယ်မထင်ပါဘူး။ ယဉ်ကျေးမှုမြင့်မားတဲ့ အချုပ်အခြာပိုင်နိုင်ငံ ၁၀ နိုင်ငံစုစည်းထားတဲ့ အာဆီယံအဖွဲ့ကြီးဟာ တိုးတက်မှုအတွက် အစဉ်လုပ်ဆောင်နေတဲ့အဖွဲ့ကြီးဖြစ်ပြီး အချင်းချင်းယုံကြည်မှုများနဲ့ မျိုးဆက်တစ်ဆက်မှ နောင်မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းလွှဲပြောင်းနေတဲ့ အစဉ်အလာကြီးမားတဲ့ အဖွဲ့ကြီးလည်းဖြစ်ပါတယ်။

မိတ်ဆွေကို ရွေးချယ်လို့ရတယ်။ သို့သော်လည်း အိမ်နီးချင်းကို ရွေးချယ်လို့မရဘူးလို့ဆိုတဲ့ ဆိုရိုးစကားအတိုင်း အာဆီယံအဖွဲ့ကြီးဖြစ်တည်လာဖို့ အိမ်နီးချင်းနိုင်ငံတွေရဲ့ ကံကြမ္မာဟာ ပထဝီအနေအထားအရ ကြိုတင်သတ်မှတ်ထားပြီးသားလည်းဖြစ်ပါတယ်။

အာဆီယံဒေသတွင်းနိုင်ငံတစ်နိုင်ငံရဲ့ အောင်မြင်မှုဟာ အခြားဒေသတွင်းနိုင်ငံတွေအတွက်လည်း ကောင်းမွန်တဲ့ရလဒ်များကို ဆောင်ကြဉ်းပါတယ်။ ထို့အတူပဲ ဒေသတွင်း နိုင်ငံတစ်နိုင်ငံကျရှုံးခဲ့ပါကလည်း အခြားနိုင်ငံများအတွက် ဆိုးကျိုးကိုဖြစ်စေနိုင်ပါတယ်။ အာဆီယံရဲ့ စွမ်းအားဟာ အတူတကွ ပေါင်းစည်းမှုပါ။ စည်းလုံးခြင်းသည် အင်အားဆိုတဲ့အတိုင်း နိုင်ငံ အချင်းချင်း ယုံကြည်မှုတွေနဲ့ အတူတကွရှိနေမယ်ဆိုရင် ကမ္ဘာကြီးရဲ့ အန္တရာယ်ရန်စွယ်ဟူသမျှနဲ့ ကျရောက်လာမယ့် စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်မှာဖြစ်ပါတယ်။

စီးပွားရေးအရပြောရမယ်ဆိုရင်လည်း အာဆီယံစီးပွားရေးအသိုက်အမြုံကိုတည်ထောင်ပြီးဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုတွေပိုမိုလိုအပ်ပါတယ်။ လျော့နည်းသွားလို့မရပါဘူး။ ဘရီးဇစ်ကိစ္စကို မှန်ကန်တဲ့နည်းလမ်းနဲ့ နမူနာယူရမှာဖြစ်ပါတယ်။ ကုန်သွယ်ရေးအခက်အခဲအဆီးအတားတွေကို လျှော့နည်းအောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အခွန်ကင်းလွတ်ခွင့်ရော၊ အခွန်နဲ့ပါနှစ်မျိုးစလုံးနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

စီးပွားရေးမှာပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုလုပ်ဆောင်ရင်းတစ်ဖက်ကလည်း ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်လက်ခံရမှာဖြစ်ပါတယ်။ စည်းကမ်းတင်းကျပ်မှုတွေ လျှော့သင့်သလောက်လျှော့ရမှာဖြစ်ပါတယ်။ ပြီးတော့လည်း ပြိုင်ဆိုင်မှုကြီးမားပြီး အကျိုးအမြတ်ထုတ်တဲ့ခေတ်ထဲမှာ ဉာဏမူပိုင်ခွင့်ဆိုင်ရာ ကာကွယ်မှုတွေလည်းရှိရမှာဖြစ်ပါတယ်။ မှန်ကန်ပြီး တရားမျှတတဲ့ ယှဉ်ပြိုင်မှုတွေဟာ အဖွဲ့ဝင်နိုင်ငံတွေကို ရှေ့ဆက်သွားစေဖို့ မောင်းနှင်အား တစ်ခုပဲဖြစ်ပါတယ်။

အာဆီယံအဖွဲ့ကြီးအနေနဲ့ ရှေ့ကိုဆက်လက်လျှောက်လှမ်းရင်း လက်ရှိလိုအပ်ချက်တွေကိုလည်း ဖြည့်စွမ်းသွားရမှာဖြစ်သလို လတ်တလောရင်ဆိုင်နေရတဲ့ နိုင်ငံရေးစိန်ခေါ်မှုတွေ၊ လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုတွေ၊ စီးပွားရေးဆိုင်ရာစိန်ခေါ်မှုတွေကိုလည်း ကျော်လွှားသွားရမှာဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများက အဆိုပါစိန်ခေါ်မှုတွေကို အမျိုးသားရေးကိစ္စရပ်အဖြစ်သဘောပိုက်ပြီး အာဆီယံအဖွဲ့ကြီးကို အောင်ကြောင်းဝေဖြာစေဖို့အတွက် ပြိုင်တူတွန်းလှေျင်ရွှေ့နိုင်ပါတယ်ဆိုတဲ့အတိုင်း တက်ညီလက်ညီ ကြိုးစားသွားရမှာဖြစ်ပါတယ်။

အာဆီယံတည်ထောင်သူများရဲ့ ဆန္ဒနဲ့အညီ နောင်လာမည့် နှစ် ၅၀မှာ အာဆီယံအဖွဲ့ကြီးကို ကမ္ဘာ့စင်မြင့်ထက်မှာ တော်ဝင်ပန်းအဖြစ် ဝင့်ဝင့်ကြွားကြွားဆက်လက်ရပ်တည်ဖို့ နောင်မျိုးဆက်သစ်များက အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ အတူတကွရင်ဆိုင်ကျော်ဖြတ် ဆက်လက်လျှောက်လှမ်းရင်း "လောင်းလှေကိုလှော် ရီးလေးလေးရီးလေးယို" ပါပဲဗျာ။

# မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်း**
**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်။ )**
**၁၃၇၈ ခုနှစ်၊ လ ရက်**
**( ၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

၁။ ဤဥပဒေကို မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(က) **မြန်မာ့တိုင်းရင်းဆေးပညာ**ဆိုသည်မှာ အပင်ထွက်၊ တိရစ္ဆာန်ထွက်၊ရေထွက်၊မြေထွက်၊တွင်းထွက် ပစ္စည်းများဖြင့် ဖော်စပ်ထားသော ဆေးဝါးများ၊ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယ၊ နက္ခတ္တနယဟူသော နယကြီးလေးပါးနှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအသီးသီး၏ ရိုးရာတိုင်းရင်းဆေးကုထုံးနည်းစနစ်များကို အသုံးပြု၍ လူသားတို့၏ သက်ရှည်ကျန်းမာ ရောဂါဘယကင်းဝေးစေရေးအတွက် ရောဂါရှာဖွေခြင်း၊ ရောဂါ ကြိုတင်ကာကွယ်ခြင်း၊ ရောဂါကုသခြင်း၊ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ လေ့ကျင့်သင်ကြားခြင်းစသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအားလုံးတွင် ပါဝင်ဆောင်ရွက်နိုင်သောပညာရပ်ကို ဆိုလိုသည်။

(ခ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီကိုဆိုလိုသည်။

(ဂ) **နာယကအဖွဲ့**ဆိုသည်မှာ ကောင်စီ၏ နာယကအဖွဲ့ကို ဆိုလိုသည်။

(ဃ) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဆိုလိုသည်။

(င) **ကောင်စီဝင်**ဆိုသည်မှာ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဝင်တစ်ဦးဦးကို ဆိုလိုသည်။

(စ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီက ဤဥပဒေအရထုတ်ပေးသည့် တိုင်းရင်းဆေးဆရာမှတ်ပုံတင်လက်မှတ်ကို ဆိုလိုသည်။

(ဆ) **မှတ်ပုံတင်တိုင်းရင်းဆေးဆရာ** ဆိုသည်မှာ တိုင်းရင်းဆေးဆရာ မှတ်ပုံတင်စာရင်းတွင် အမည်တင်သွင်းခြင်းခံရပြီး တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းခံရသူကို ဆိုလိုသည်။

(ဇ) **ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင်၊ အထူးဆေးကုသခွင့်လိုင်စင်၊ ကန့်သတ်ဆေးကုသခွင့်လိုင်စင်နှင့်ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်တို့ကို ဆိုလိုသည်။

(ဈ) **အထွေထွေဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီကအသိအမှတ်ပြုထားသော မှတ်ပုံတင်တိုင်းရင်းဆေးဆရာအား သတ်မှတ်ချက်နှင့်အညီ ကောင်စီကထုတ်ပေးသည့် ဆေးကုသခွင့် လိုင်စင်ကို ဆိုလိုသည်။

(ည) **အထူးဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီကအသိအမှတ်ပြုထားသည့် ပြည်တွင်းတိုင်းရင်းဆေးတက္ကသိုလ်တစ်ခုခုမှ အပ်နှင်းထားသော (သို့မဟုတ်) ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာတိုင်းရင်းဆေးကောင်စီက အသိအမှတ်ပြုထားသော ဘွဲ့လွန်ဒီဂရီနှင့် ဘွဲ့လွန်ဒီပလိုမာရရှိပြီး အရည်အချင်းပြည့်မီ၍ ကျွမ်းကျင်မှုရှိသည်ဟု ကောင်စီက သတ်မှတ်ခြင်းခံရသော မှတ်ပုံတင်တိုင်းရင်းဆေးဆရာအား ကောင်စီကထုတ်ပေးသည့်ဆေးကုသခွင့်လိုင်စင်ကို ဆိုလိုသည်။

(ဋ) **ကန့်သတ်ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာတိုင်းရင်းဆေးကောင်စီက အသိအမှတ်ပြုသောတိုင်းရင်းဆေးပညာဘွဲ့ရရှိသည့် နိုင်ငံသား(သို့မဟုတ်)နိုင်ငံတကာတိုင်းရင်းဆေးဆရာအား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေးထားသော ဆေးကုသခွင့်လိုင်စင်ကိုဆိုလိုသည်။

(ဌ) **ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအစဉ်အလာအတိုင်း ကုသသည့်စနစ်များကို ကောင်စီက စာတွေ့လက်တွေ့စိစစ်၍ ရောဂါအမျိုးအစား၊ကုသခွင့်ပြုသည့်ဒေသတို့ဖြင့် ကန့်သတ်၍ ယာယီ ထုတ်ပေးထားသော ဆေးကုသခွင့်လိုင်စင်ကို ဆိုလိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) အရည်အသွေးပြည့်ဝ၍ထိရောက်မှုနှင့် လုံခြုံမှုရှိသော တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်၊

(ခ) တိုင်းရင်းဆေးဆရာများအား မိမိတို့၏ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းများကို လိုက်နာစေရေး ကြီးကြပ်ထိန်းသိမ်းနိုင်ရန်၊

(ဂ) တိုင်းရင်းဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ်လေ့လာသင်ယူ ဆည်းပူးနိုင်စေရန်၊

(ဃ) တိုင်းရင်းဆေးဆရာများ၏ ဆေးပညာအရည်အသွေးနှင့် ဂုဏ်သိက္ခာကိုထိန်းသိမ်းမြှင့်တင်နိုင်ရန်၊

(င) ပြည်သူများအတွက်အရည်အသွေးပြည့်ဝပြီး အစွမ်းထက်မြက်၍ ဘေးဥပါဒ်ကင်းသော တိုင်းရင်းဆေးဝါးများထွက်ပေါ်လာရေးဆောင်ရွက်ရန်နှင့် အရည်အသွေးထိန်းသိမ်းသောကိစ္စရပ်များ ဆောင်ရွက်ရန်၊

(စ) တိုင်းရင်းဆေးပညာနှင့် သက်ဆိုင်သောအယူအဆသဘောတရားများ၊ ကုထုံးနည်းစနစ်များ၊ ဆေးဝါးများစသည့် အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲနိုင်စေရန်၊

(ဆ) တိုင်းရင်းဆေးဝါးဥပဒေအရ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများ ခွင့်ပြုချက်နှင့်ပတ်သက်၍ ကောင်စီမှ ပါဝင်ကြီးကြပ်ကွပ်ကဲနိုင်စေရန်၊

(ဇ) တိုင်းရင်းဆေးပညာ၏ သမားစဉ်ကုထုံးနည်းစနစ်များ၊ အစွမ်းထက်တိုင်းရင်းဆေးဝါးများကို တိမ်မြုပ်ပျောက်ကွယ်မှု မရှိစေရေး၊ ပိုမိုတိုးတက်ပြန့်ပွားစေရန်နှင့် ကာကွယ်ထိန်းသိမ်းရန်၊

(ဈ) တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေး၊တိုင်းရင်းဆေးပညာရှင်များစည်းလုံးညီညွတ်ရေးအတွက် အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရာတွင် ဦးဆောင်မှုပေးနိုင်ရန်၊

*(ဆက်လက်ဖော်ပြပါမည်)*

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှ အဆက်***

( ၁) ရုပ်ဆင်းအင်္ဂါ ပြည့်စုံခြင်း "ဥပဓိသမ္ပတ္တိဂုဏ်"

( ၂) တည်ငြိမ်ရင့်ကျက်ခြင်း "ထိရဂုဏ်"

( ၃) လောကီလောကုတ္တရာ ဗဟုသုတကြွယ်ဝခြင်း "ဗာဟုသစ္စဂုဏ်"

( ၄) ကျန်းမာကြံ့ခိုင်ခြင်း "အာရောဂျဂုဏ်"

( ၅) ဖွဲ၊ လုံ့လ၊ ဝီရိယနှင့် ပြည့်စုံခြင်း "အာရဒ္ဓဝီရိယဂုဏ်"

( ၆) ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှုခြင်းများနှင့် ပြည့်စုံခြင်း "နာယကဂုဏ်"

( ၇) နည်းပရိယာယ် ကျွမ်းကျင်မှုဂုဏ် "ဥပါယကောသလ္လဂုဏ်"

( ၈) မိမိမှားမှန်းသိလျှင် အလျှော့ပေးခြင်း "သောဝစဿတာဂုဏ်"

(ဆ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားမိဘနှစ်ပါးမှ ဖွားမြင်သူ ဖြစ်သည့် အပြင် ရဟန်းရှင်လူအများ၏ ရိုသေလေးစားမှုကို ခံယူထိုက်သော ဆရာတော် ဖြစ်ရမည်။

( ဇ) တက္ကသိုလ်၏စီမံခန့်ခွဲရေး၊ သင်ကြားရေး အစရှိသော လုပ်ငန်းအရပ်ရပ်ကို ဦးစားပေး ဆောင်ရွက်နိုင်သူဖြစ်ရမည်။

၁၉။ (က) တက္ကသိုလ်ပါမောက္ခချုပ်သည် အောင်လက်မှတ်၊ ဒီပလိုမာလက်မှတ်၊ ဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့နှင့် တက္ကသိုလ်ပညာရပ်ဆိုင်ရာ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များကို ချီးမြှင့်အပ်နှင်းရမည်။

( ခ) ပုဒ်မခွဲ(က)အရ လက်မှတ်နှင့်ဘွဲ့များ ချီးမြှင့်အပ်နှင်းချိန်တွင် ပါမောက္ခချုပ်မတက်ရောက်နိုင်သည့်အခါ ပါမောက္ခချုပ်ကိုယ်စား ဒုတိယပါမောက္ခချုပ် ဆရာတော်က လက်မှတ်နှင့်ဘွဲ့များကို ချီးမြှင့်အပ်နှင်းနိုင်သည်။

၂၀။ ကောင်စီသည် တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၂၁။ တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ ခန့်အပ်ရမည်။

၂၂။ တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ထေရဝါဒဗုဒ္ဓဘာသာဝင် ဖြစ်ရမည်။

( ခ) အသက် ၄၀ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

( ဂ) စီမံခန့်ခွဲရေးဆိုင်ရာ အတွေ့အကြုံရှိသူ ဖြစ်ရမည်။

(ဃ) အောက်ပါ သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် ပြည့်စုံရမည်-

( ၁) တက္ကသိုလ်တွင် ပါမောက္ခရာထူးဖြင့် လုပ်သက် အနည်းဆုံးသုံးနှစ်ပြည့်ပြီးသူ၊

( ၂) ဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးရာထူးဖြင့် လုပ်သက် အနည်းဆုံးသုံးနှစ်ပြည့်ပြီးသူ၊

( ၃) အခြားတက္ကသိုလ်တစ်ခုခုတွင် ပါမောက္ခရာထူးဖြင့် အနည်းဆုံးသုံးနှစ် တာဝန်ထမ်းဆောင်ခဲ့သူ။

**အခန်း(၇)**
**ပညာရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၂၃။ တက္ကသိုလ်၏ ပညာသင်ကြားရေးလုပ်ငန်းနှင့် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ကောင်စီသည် အောက်ပါအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) တက္ကသိုလ် ပညာရေးအဖွဲ့၊

( ခ) တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့။

၂၄။ တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့များတွင်ပါဝင်သော နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် အဖွဲ့ဝင်သည် ကောင်စီက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၅။ ကောင်စီသည် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၂၆။ တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့သည် အနည်းဆုံး နှစ်လလျှင်တစ်ကြိမ် အစည်းအဝေးပြုလုပ်၍ သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို ညှိနှိုင်းဆုံးဖြတ်ပြီး အနီးကပ်ဆုံးကောင်စီအစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူရမည်။

**အခန်း(၈)**
**တက္ကသိုလ်ဝန်ထမ်းဖွဲ့စည်းပုံ**

၂၇။ ဝန်ကြီးဌာနသည် တက္ကသိုလ်၏ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲထားရှိရမည်။

၂၈။ ဝန်ကြီးဌာနသည် ဝန်ထမ်းဖွဲ့စည်းပုံတွင်ပါရှိသည့် ရာထူးများအလိုက် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၂၉။ ဝန်ထမ်းဖွဲ့စည်းပုံတွင် လိုအပ်ချက်အရ နိုင်ငံ့ဝန်ထမ်း မဟုတ်သောရဟန်းတော်များနှင့် လူပုဂ္ဂိုလ်ပညာရှင်များ ခန့်အပ်ရာတွင် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့က အဆိုပြုရွေးချယ်သူကို ကောင်စီက ခန့်အပ်ရမည်။

၃၀။ ဝန်ထမ်းဖွဲ့စည်းပုံအရ ခန့်အပ်ခြင်းခံရသည့်-

(က) ရဟန်းတော်များသည် ကောင်စီကသတ်မှတ်သည့် လှူဒါန်းထောက်ပံ့မှုကို လက်ခံခွင့်ရှိသည်။

( ခ) နိုင်ငံ့ဝန်ထမ်း မဟုတ်သူများသည် ကောင်စီက သတ်မှတ်သည့်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

**အခန်း(၉)**
**ဘဏ္ဍာရေး**

၃၁။ တက္ကသိုလ်၏ ကုန်ကျစရိတ်များကို နိုင်ငံတော်၏ဘဏ္ဍာငွေမှ ကျခံသုံးစွဲရမည်။

၃၂။ တက္ကသိုလ်သည် ပြည်တွင်းပြည်ပ အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံနိုင်သည်။

၃၃။ တက္ကသိုလ်သည် ရငွေနှင့် သုံးငွေများကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းထိန်းသိမ်းထားရှိခြင်းများ ပြုလုပ်ရမည်။

၃၄။ တက္ကသိုလ်သည် အလှူရန်ပုံငွေပဒေသာပင် ထူထောင်ပြီး နိုင်ငံတော်က အခါအားလျော်စွာ ချမှတ်ထားသည့် ရန်ပုံငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိစ္စရပ်တစ်ခုစီအတွက် လိုအပ်သလို ခွဲဝေသုံးစွဲနိုင်သည်။

၃၅။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ပေးအပ်သော စာရင်းစစ်အဖွဲ့ဖြင့် တက္ကသိုလ်၏ ငွေစာရင်းများနှင့် ပစ္စည်းစာရင်းများကို နှစ်စဉ်ပုံမှန် စစ်ဆေးခံရမည်။ လိုအပ်ချက်ရှိပါက လိုအပ်ချက်နှင့်အညီ စစ်ဆေးခံရမည်။

**အခန်း(၁၀)**
**အထွေထွေ**

၃၆။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၀/၉၈) အရ ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ကောင်စီသည် အမိန့်၊ ညွှန်ကြားချက်နှင့် တက္ကသိုလ်ပဋိညာဉ်ကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၃၈။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၀/၉၈)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်မည့်ကိစ္စ တွေ့ဆုံဆွေးနွေး

**ဘားအံ ဩဂုတ် ၁၅**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း၌ ပြည်နယ်အစိုးရအဖွဲ့က တည်ဆောက်မည့် ကျောက်မီးသွေးသုံးလျှပ်စစ်စက်ဓာတ်အားပေးရုံ တည်ဆောက်ရေးကိစ္စနှင့်ပတ်သက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဝတ်ကြီးကျေးရွာအုပ်စု သုံးအိမ်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၁၃ ရက်က ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် ကရင်ပြည်နယ် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးစိုးလှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွဋ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင်၊ အမျိုးသားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ ဦးစောမိုးမြင့်၊ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြတ်ဝင်း၊ ဘားအံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းတို့က ဒေသခံကျေးရွာနေပြည်သူများအား တွေ့ဆုံပြီး ဝန်ကြီးက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများမှလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်ရှင်းလင်းပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွဋ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့ဘက်မှရပ်တည်၍ လွှတ်တော်တွင် တင်ပြနေမှုများရှိကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသားသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ ဦးစောမိုးမြင့်က ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် မိမိပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်ကိစ္စတွင်လည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

**မင်းသူ/ထွန်းထွန်းထွေး (ဘားအံ)**

# ဆင်းရဲနွမ်းပါးသော ကျေးရွာမူလတန်းကျောင်းများသို့ စာရေးကိရိယာများလှူဒါန်းလျက်ရှိ

**တွံတေး ဩဂုတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တွံတေးမြို့နယ် ကျောင်းသားဟောင်းများ ပညာရေးဖောင်ဒေးရှင်းမိသားစုတို့ ပူးပေါင်း၍ မြို့နယ်အတွင်းမှ ဆင်းရဲနွမ်းပါးပြီး ပညာရေးချို့တဲ့သော ကျောင်းများသို့ စာရေးကိရိယာများ လစဉ်လှူဒါန်းပေးလျက်ရှိရာ ဘုရားကြီးကျေးရွာအုပ်စု မြောက်သံကြိုးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ ကျောင်းသုံးစာရေးကိရိယာများ ဩဂုတ် ၁၃ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းပွဲတွင် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေနိုင်ဦးနှင့် ကျောင်းသားဟောင်းများ ပညာရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအတွက် စတုတ္ထတန်းပြဌာန်းစာအုပ်များ၊ ဗလာစာအုပ်၊ စာရေးကိရိယာများ၊ မိုးကာအင်္ကျီများ၊ ဝိုက်ဘုတ်နှင့် စာရေးခုံများ စုစုပေါင်း ငွေကျပ် လေးသိန်းကျော်ဖိုးကို လှူဒါန်းခဲ့သည်။

တွံတေးမြို့နယ် ကျောင်းသားဟောင်းများ ပညာရေးဖောင်ဒေးရှင်းကို ၂၀၁၆ ခုနှစ်မှစတင်၍ ဖွဲ့စည်းခဲ့ပြီး မြို့နယ်အတွင်းမှ သင်ကြားရေးတွင် အခက်အခဲရှိသော ကျောင်းများသို့ တစ်လလျှင် တစ်ကျောင်းနှုန်းဖြင့် လိုက်လံလှူဒါန်းပေးခဲ့ရာ ယခုအချိန်တွင် ၁၅ ကြိမ်၊ ၁၅ ကျောင်းကို လှူဒါန်းပြီးဖြစ်ကြောင်း၊ စုစုပေါင်း ငွေကျပ်သိန်း ၈၀ ကျော်ရှိပြီဖြစ်ကြောင်း၊ မြို့နယ်အတွင်းမှ ဆင်းရဲနွမ်းပါးပြီး ပညာရေးတွင် အမှန်တကယ် လိုလိုလားလားရှိသော တက္ကသိုလ်ဝင်တန်း၊ ဆဋ္ဌမတန်းနှင့် ပဉ္စမတန်းမှ ကလေးများကိုလည်း လစဉ်ပညာသင်ထောက်ပံ့စရိတ်များ ပေးထားပြီး တက္ကသိုလ်ဘွဲ့တစ်ခုခုရသည်အထိ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာရေးဖောင်ဒေးရှင်းတွင် စေတနာရှင် ကျောင်းသား ကျောင်းသူဟောင်းများ၊ ဆရာ ဆရာမများနှင့် အလှူရှင်များ လှူဒါန်းသော အလှူငွေများဖြင့် စုပေါင်းလှူဒါန်းနေ ခြင်းဖြစ်ကာ ရပ်နီးရပ်ဝေးမှ စိတ်ပါဝင်စား၍ ပါဝင်လှူဒါန်းလိုသော အလှူရှင်များ အနေဖြင့်လည်း တွံတေးမြို့နယ် ကျောင်းသား ကျောင်းသူဟောင်းများ ပညာရေး ဖောင်ဒေးရှင်း ဖုန်း-၀၉-၇၈၂၉၉၇၈၈၂၊ ၀၉-၇၉၀၂၀၅၁၆၆ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း ဖောင်ဒေးရှင်းတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မျိုးလှိုင် (တွံတေး)**



# တက္ကသိုလ်ဝင်တန်းအောင် အာခါတိုင်းရင်းသား ကျောင်းသား ကျောင်းသူ ၂၅၇ ဦးအား ဂုဏ်ပြု

**တာချီလိတ် ဩဂုတ် ၁၅**

အာခါတိုင်းရင်းသားလူငယ်များ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန်နှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ရှေ့ဆက်သွားရမည့် ဘဝခရီးလမ်းအတွက် လမ်းကြောင်းမှန်ကို ရွေးချယ်တတ်စေရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် အာခါတိုင်းရင်းသား ကျောင်းသားကျောင်းသူ ၂၅၇ ဦးတို့အား ဂုဏ်ပြုပွဲကို တာချီလိတ်မြို့ဝမ်ကောင်းရပ်ကွက်ရှိ သွယ်ဟော့ပေ့ါခန်းမ၌ ဩဂုတ် ၁၂ ရက်က ကျင်းပခဲ့သည်။



ဂုဏ်ပြုပွဲတွင် ရှမ်းပြည်နယ် အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားဗေလက အမှာစကားပြောကြားပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးအေးမင်းဦး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် အာခါတိုင်းရင်းသားအကြီးအကဲ ဦးမင်းညိုတို့က ချီးကျူးဂုဏ်ပြုစကား ပြောကြားကာ တာဝန်ရှိသူများက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ် ၁၂ မြို့နယ်မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် အာခါတိုင်းရင်းသား ကျောင်းသား ကျောင်းသူ ၂၇၅ ဦးအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနား အစီအစဉ်ကို ဩဂုတ် ၁၃ ရက်တွင်လည်း ဆက်လက်ကျင်းပခဲ့ပြီး ပြည်နယ်အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားဗေလ၊ အာခါတိုင်းရင်းသား အကြီးအကဲ ဦးမင်းညိုနှင့် တာဝန်ရှိသူများက အာခါတိုင်းရင်းသား ကျောင်းသူ ကျောင်းသားများအား အာခါဘိုးဘေးတို့၏ အိမ်တော်၊ အာခါရိုးရာစားသောက်ဆိုင်၊ အာခါဇန်းမွှန်ဟိုတယ်နှင့် အာခါဈေး စသည့်နေရာများသို့ လေ့လာရေးခရီးအဖြစ် လိုက်လံပို့ဆောင်ပေးကာ ခရီးစဉ်တစ်လျှောက်တွင် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အာခါတိုင်းရင်းသား ကျောင်းသား ကျောင်းသူ ၂၅၇ ဦး ဖြေဆိုအောင်မြင်ခဲ့ပြီး ၎င်းတို့အနက် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူတစ်ဦး၊ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ငါးဦး၊ တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၅၆ ဦးနှင့် ရိုးရိုးအောင်မြင်ခဲ့သူ ၁၉၃ ဦး ရှိကြောင်း သိရသည်။ တက္ကသိုလ်ဝင်တန်းအောင် အာခါတိုင်းရင်းသား ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအစီအစဉ်ကို ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်က ကျိုင်းတုံမြို့တွင် ပထမအကြိမ် ကျင်းပခဲ့ပြီး ယခုနှစ် ဂုဏ်ပြုပွဲမှာ ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# တာမွေမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၁၅**

တာမွေမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းကို ဩဂုတ် ၁၄ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် မြို့မရဲစခန်းမှ ရဲမှူး လှဘုန်းကျော်က အမှာစကားပြောကြားပြီး မီးသတ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသားများ မီးသတ်စွမ်းရည်မြင့်မားရေးအတွက် စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် မြို့နယ်အတွင်းရှိ အရန်မီးသတ် ၅၀ တက်ရောက်ကြောင်း သိရသည်။

**လှလှ**

# စိုက်ပျိုးရေးတက္ကသိုလ်ရှိ ထူးချွန်သူများအား ပညာသင်ဆုနှင့် သုတေသနဆုများချီးမြှင့်

**နေပြည်တော် ဩဂုတ် ၁၅**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများအတွက် Mitsubishi Corporation မှ ချီးမြှင့်သည့် Mitsubishi ပညာသင်ဆုနှင့် သုတေသနဆုများအတွက် ကြိုတင်ဆုပေးပွဲအခမ်းအနားကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင် အစည်းအဝေးခန်းမ၌ ဩဂုတ်လ ဒုတိယပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

"Mitsubishi Corporation အနေဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမတွေ၊ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား ကျောင်းသူတွေကို ပညာသင်ဆုနဲ့ သုတေသနဆုတွေ ပေးအပ်ချီးမြှင့်ခဲ့တာ ဆယ်စုနှစ် နှစ်ခုရှိခဲ့ပြီဖြစ်ပါတယ်။ ဆုချီးမြှင့်ခြင်းခံရတဲ့ သူတွေက ၎င်းတို့ သက်ဆိုင်ရာအတန်းတွေရဲ့ ထိပ်ဆုံးအတော်ဆုံးစာရင်းဝင်



သူတွေဖြစ်ကြတဲ့အတွက် Mitsubishi ပညာသင်ဆုဟာ အနာဂတ်စိုက်ပျိုးရေးကဏ္ဍမှာ တာဝန်ယူကြမယ့် လူငယ် လူတော်တွေကို မြေတောင်မြှောက်ပေးနေခြင်းဖြစ်တယ်လို့ ယုံကြည်ပါတယ်၊ နောင်တွင်လည်း Mitsubishi Corporation နဲ့ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောကြားသည်။

Mitsubishi Corporation သည် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများစွာတွင် စိုက်ပျိုးရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍစသည့် ကဏ္ဍမျိုးစုံတွင် ပါဝင်ဆောင်ရွက်နေသည့် ကော်ပိုရေးရှင်း ကြီးတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့အဆင့်ကော်ပိုရေးရှင်းကြီးဖြစ်သည်နှင့်အညီ လုပ်ငန်းပမာဏမှာလည်း ကြီးမားကြောင်း၊ မိမိတို့ လုပ်ငန်းများရှိသည့် နိုင်ငံတိုင်းတွင် Corporate Social Responsibility (CSR) ကို အလေးထား လုပ်ဆောင်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် စိုက်ပျိုးရေးကဏ္ဍအပေါ် များစွာတည်မှီနေသောကြောင့် အဆင့်မြင့်ပညာရေးကဏ္ဍရှိ စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအား ပညာသင်ဆုနှင့် သုတေသနဆုများချီးမြှင့် ပေးအပ်နေခြင်းဖြစ်ကြောင်း၊ Mitsubishi Corporation ၏ ဒုတိယအမှု ဆောင်အရာရှိချုပ် Mr. Akira MURAKOSHI က ပြောသည်။

Mitsubishi ပညာသင်ဆုရရှိခဲ့သူ များထဲမှ အထူးချွန်ဆုံးလူငယ်များကို ရွေးချယ်၍ နိုင်ငံခြားပညာတော်သင် စေလွှတ်ပေးခြင်းအစီအစဉ် (သို့မဟုတ်) ဘွဲ့ရသွားသည့်အခါ၌ Mitsubishi Corporation တွင် အလုပ်ခန့်ထားခြင်း အစီအစဉ် စသည့်အစီအစဉ်တစ်ခုခု ဖော်ဆောင်ပေးနိုင်ပါက ကျောင်းသား ကျောင်းသူများ ပိုမိုကြိုးစားလာကြမည်ဖြစ်ကြောင်း ဆုရရှိသူတစ်ဦးက ပြောသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မေမိုးသဲ**



# အလှမယ်ပြိုင်သူများအတွက် ကြိုတင်ပြင်ဆင်မှုသည် အရေးကြီးဆုံးဟု အမရာငြိမ်းပြောကြား

— ဝေလင်း —

Miss Myanmar International 2017 မှာ ထရိန်နာတစ်ယောက်အဖြစ် ပြုလုပ်နေပြီး Miss Myanmar Internationalနှင့် လက်တွဲကာ နှစ်စဉ် အလှမယ်များအား မိမိတွေ့ကြုံဖြတ်သန်းခဲ့ရသော ပြိုင်ပွဲအတွေ့အကြုံများကို မျှဝေသင်ကြားပို့ချနေသည့် Miss Myanmar International 2015 အလှမယ် အမရာငြိမ်းက ပြိုင်ပွဲများ ဝင်ပြိုင်လိုစိတ်မရှိတော့ကြောင်း ပြောသည်။

ပြိုင်ပွဲဝင်များကို လေ့ကျင့်ရင်း ကူညီနိုင်သည်များကို ကူညီပေးလျက်ရှိသည့် အမရာငြိမ်းက ပြိုင်ပွဲတစ်ခုတွင် ဒိုင်လုပ်ပေးအပြီး မရရှိသည့် ပြိုင်ပွဲဝင်များအတွက် ထပ်တူခံစားပေးရင်း စိတ်မကောင်းဖြစ်ရခြင်းကြောင့် ပွဲများတွင် ဒိုင်အဖြစ် လုပ်ကိုင်ရန် ငြင်းဆိုထားရကြောင်း ၎င်းက ပြောသည်။ "ကိုယ်ပြိုင်တဲ့အခါလည်း Winner ကို မှန်းပြီး ပြိုင်ခဲ့တယ်။ ကျွန်မက ကမ္ဘာ့ပြိုင်ပွဲကြီးလေးပွဲထဲက တစ်ခုဖြစ်တဲ့ Miss International မြန်မာဖြစ်ခဲ့တဲ့အတွက် အခြားပွဲပြိုင်မယ်ဆိုရင် Miss Universe နဲ့ Miss World ကျန်တယ်။ ဒါပေမယ့် ဆုမရမှာလည်း စိုးရိမ်တယ်။ ကိုယ့်ထက်ငယ်တဲ့သူတွေ ပိုပြီး သင့်လျော်မယ့်သူတွေကိုလည်း ရစေချင်တယ်။ ဒါကြောင့် ပြိုင်ပွဲတွေမှာ မပြိုင်ဖြစ်တော့ဘူး"ဟု ၎င်းက ပြောသည်။

အမရာငြိမ်းက သူ့အနေဖြင့် Miss International ဆုသည် ကံကောင်း၍သာ ရရှိခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်များအားလုံးသည် အရည်အချင်းပြည့်စုံသူများဖြစ်ကြကြောင်း၊ နောက်ပိုင်းတွင် Miss တစ်ဦး၊ မော်ဒယ်တစ်ဦးအနေဖြင့် သိက္ခာရှိစွာဖြတ်သန်းရန်ရည်ရွယ်ထားကြောင်း သိရသည်။

"အလှမယ်တစ်ယောက်က အားလုံးသိကြတဲ့အတိုင်းပဲ Body, Beauty, Brain တွေအတွက် ပြင်ဆင်ထားမှုတွေ ရှိရမယ်။ ပြီးတော့ မုဒိတာပွားတဲ့စိတ်၊ အများအကျိုးလိုလားတဲ့ စိတ်ဓာတ်၊ ပရဟိတ စိတ်ဓာတ် အဲဒါလေးတွေ မွေးမြူထားသင့်ပါတယ်။ ပြိုင်ပွဲတိုင်းမှာတော့ အနိုင်၊ အရှုံးနှစ်ခုပဲရှိတာပါ။ အနိုင်ရခဲ့ရင်လည်း အောင်မြင်မှုအတွက် ကိုယ့်စိတ်ကို ထိန်းချုပ်နိုင်ရမယ်။ ရှုံးခဲ့ရင်လည်း အဲဒီအရှုံးအတွက် ရင်ဆိုင်ရဲရမယ်။ ကောင်းစွာလက်ခံနိုင်ရမယ်။ အခုဆို ညီမတို့ပြိုင်ပွဲက တကယ့်ပြည်တွင်းပွဲ ကျင်းပတဲ့ အချိန်နဲ့တကယ့် Final ပွဲကျင်းပတဲ့ အချိန်က တအားနီးကပ်လွန်းတယ်။ အဲဒီတော့ ပြိုင်ပွဲဝင်တွေ အားလုံးက မြန်မာပြည်တွင်း ပြိုင်ပွဲအတွက် မစဉ်းစားခင်ကတည်းက အစစအရာရာ Perfect ဖြစ်နေဖို့လိုအပ်ပါတယ်"ဟု အမရာငြိမ်းက ပြောသည်။

အမရာငြိမ်းသည် ၂၀၁၅ ခုနှစ် စက်တင်ဘာလမှာ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင်ကျင်းပသည့် ITE HCMC 2015 ခရီးသွားပြပွဲ၊ နိုဝင်ဘာလ မလေးရှားနိုင်ငံတွင်ကျင်းပသော ASEAN Explore Quest Malaysia (AEQM)၊ ၂၀၁၆ ခုနှစ် မတ်လတွင် ဂျာမနီနိုင်ငံတွင်ကျင်းပသော ကမ္ဘာ့အကြီးဆုံး ခရီးသွားပြပွဲ ITB Berlin 2016 တို့ကို တက်ရောက်ကာ မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ။

# အနုပညာအစ်ကိုပြေတီဦး၏ စိတ်ဓာတ်ပိုင်းအားပေးမှုတွေက

## ဆေးစက်ကျရာအရှုပ်ထင်လာ

— ဝေလင်း —

ဒါရိုက်တာ မောင်တင်ဦး ဖွင့်လှစ်သည့် "အနုပညာနှလုံးအိမ်" သင်တန်းကို ၂၀၁၀ -၁၁ ခုနှစ်တွင် သင်တန်းတက်ရောက်ပြီး ၂၀၁၂ ခုနှစ်မှ စတင်ကာ ဆရာရင်းဖြစ်သူ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး ) ရိုက်ကူးသည့် "အားလုံးက ဟော့မှ ကြိုက်တယ်" "ရုပ်ရှင် ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ရာမှ အနုပညာအလုပ်တွေကိုလုပ်ကိုင်ရင်းဆက်တိုက်လုပ်ကိုင်ခဲ့သူ တစ်ဦးရှိသည်။ သူသည် ဇာတ်ကား ၁၀၀ ကျော်တွင် ဇာတ်ပို့ /ဇာတ်ရန် အဖြစ် သရုပ်ဆောင်ခဲ့ပြီး ခေါင်းဆောင်အဖြစ် ဗီဒီယို ဇာတ်ကားနှစ်ကားတွင် သရုပ်ဆောင်ခဲ့သူ ဆုထက်ကုဋ္ဌေပင် ဖြစ်သည်။ သို့သော် သူမနာမည်ထက် မင်းသမီး သူငယ်ချင်း၊ ဇာတ်ဆောင်များအား ပံ့ပိုး အားပေးကောင်းသူတစ်ဦးအဖြစ် မြန်မာဇာတ်ကားကြည့်ဖူးသူတိုင်း သူ့ကို ချစ်ကြသည်။

လက်ရှိတွင် MRTV -4 က ရိုက်ကူးမည့် "ပျော်ရွှင်ခြင်းဝိညာဉ်" ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။ "ထိုင်း ဒါရိုက်တာ ရိုက်မှာပါ။ ညီမအတွက်တော့ ဒီဇာတ်လမ်းတွဲလေးက ပထမဆုံးရိုက်ကူးဖြစ်တဲ့ ဇာတ်လေးပါ။ ကာရိုက်တာကတော့ နှစ်ကိုယ်ခွဲ သရုပ်ဆောင်ရမယ်လို့ပြောပါတယ်။ ဇာတ်ညွှန်းကတော့ ညီမလက်ထဲမှာ ရောက်နေပါပြီ သေချာတော့ မဖတ်ရသေးပါဘူး။ သေချာတာကတော့ ညီမက အဆိုတော် ကောင်မလေးဘဝရယ်၊ ရိုးရိုးသာမန် မိန်းကလေးတစ်ယောက်အဖြစ်နဲ့ သရုပ်ဆောင်ရမှာပါ။ ဇာတ်ကားအတွက်ကတော့ သူတို့ဘက်က ပြောတဲ့အတိုင်း အဝတ်အစားကအစ အားလုံးသူတို့ပဲ စီစဉ်ပြီး ရိုက်မှာပါ။ ဇာတ်လမ်းတွဲကို တခြားသူတွေကတော့ ဒီဩဂုတ် ၁၁ ရက်မှာစရိုက်ပါတယ်။ ညီမကတော့ ရိုက်မယ့် ရက်တွေကို သတ်မှတ်ပေးထားတယ်။ သရုပ်ဆောင်တွေကတော့ ဝင့်ယမုံလှိုင်၊ ကျော်စုတို့ပါမယ်"ဟု ဆိုသည်။

အနုပညာအလုပ်များကို လုပ်ကိုင်ရင်း ထိုးနှက်တိုက်ခိုက်မှုများ၊ ဝေဖန်မှုများ၊ ယှဉ်ပြိုင်နေရမှုများကြောင့် စိတ်ဓာတ်ပိုင်းတွင် ကျရှုံးခဲ့ရပြီး ဝါရင့်သရုပ်ဆောင် ပြေတီဦး၏ ဖေးမအားပေးကူညီမှုကြောင့် ပြန်လည်ရပ်တည်နေနိုင်ခဲ့ကြောင်း ပြောသည်။

"စိတ်ဓာတ်တွေကျခဲ့တာတော့ အမှန်ပါပဲ။ ညီမက စိတ်ဓာတ်ပိုင်းပျော့ညံ့တဲ့ သူလို့ပြောလို့ရမယ်။ ဒီအလုပ်ကို စလုပ်ကတည်းက ကိုယ့်ကိုစိတ်ပျက်လောက်စေတဲ့ အရာတွေ အများကြီးကြုံခဲ့ဖူးပါတယ်။ အဲ့လိုအချိန်မှာ ကိုပြေတီဦးက လွန်ခဲ့တဲ့ ၂၀၁၅ ခုနှစ်လောက်က ရိုက်ကွင်းမှာ ညီမ ငိုနေတုန်း အစ်ကိုက သူတုန်းကလည်းဒီလိုပဲ၊ စိတ်ဓာတ်တွေကျခဲ့ဖူးတယ်။ ဒါပေမယ့် တစ်ခုသောစကားက အစ်ကို့ကို ခွန်အားဖြစ်စေခဲ့တယ်။ လောကကြီးမှာလူဆိုတာ သူနေရာနဲ့သူ ရှိပြီးသားပါတဲ့။ လူတိုင်းအတွက် တစ်နေရာမဟုတ် တစ်နေရာဆိုတာ သူ့ဘာသာသူ အသီးသီးရှိပြီးသားပါတဲ့။ ကိုယ့်နေရာမှာ ကိုယ်လုပ်ရမယ့်အလုပ်တွေရှိတယ်တဲ့။ အဲ့ဒါကြောင့် ငါ့ညီမလည်း ကိုယ့်နေရာမှာ ကိုယ်ရှိဖို့အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားပါဆိုပြီး အားပေးစကားလေး ပြောခဲ့ဖူးတယ်။ အဲ့ဒီစကားလေးကြောင့် အခုအထိ ကိုယ့်နေရာကနေ ကိုယ်လုပ်နိုင်တဲ့ အနုပညာကို ကျတဲ့နေရာကနေလုပ်ဆောင်မှာပါ" ဟု ဆုထက်ကုဋ္ဌေက ပြောကြားသည်။

"ပဉ္စလက်ရှာ " ဇာတ်လမ်းတွဲတွင်လည်း သဘာဝဇာတ်ရုပ်ကို ပီပြင်စွာ သရုပ်ဆောင်ထားပြီး ပရိသတ် မှတ်မိလွယ်မယ့် ရုပ်ပုံမျိုးမဟုတ်ဘဲ အသားမည်းမည်းနဲ့ သာမန်မိန်းမတစ်ယောက်အဖြစ် သရုပ်ဆောင်ထားခဲ့ကြောင်း သိရသည်။



# အနုပညာရှင် ၂၀၀ ကျော်ဖြင့် ဝတ်စုံပေါင်း ၃၀၀ ကျော်ပြသမည့်

## ဖက်ရှင်ပြပွဲကျင်းပမည်

စိန်တို့ဖြင့် အလှဆင်ထားသည့် ဝတ်စုံများအပြင် အခြားနောက်ဆုံးပေါ်ဖက်ရှင်ပြပွဲကို အောက်တိုဘာ ၁၀ ရက်တွင် Gandamar Grand Ballroom တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ၂၀၀၆ခုနှစ်ကတည်းက နှစ်စဉ် ဒီလိုပွဲကြီးတွေ ပြုလုပ်လာတာ အခုတစ်ကြိမ်လုပ်မယ့်ပွဲနဲ့ဆို ခြောက်ကြိမ်မြောက် ဖြစ်ပါတယ်။ ကိုအောင်မြတ်သူကိုယ်တိုင် ဖန်တီးချုပ်လုပ်ထားတဲ့ ဝတ်စုံပေါင်း ၃၀၀ ကျော်ကို ပြသသွားမယ့်အပြင် အနုပညာရှင် ၂၀၀ တို့က ဝတ်ဆင်ပြသဖျော်ဖြေသွားဖို့ ရည်ရွယ်ထားပါတယ်။ ကျွန်တော်တို့ Aroma အနေနဲ့ ပြီးခဲ့တဲ့နှစ်တွေကထက် ပိုမိုထူးခြားမှုတွေ ဒီပွဲမှာ တွေ့ရမယ်လို့ ကျွန်တော် ရဲရဲကြီး ပြောရဲပါတယ်။ စိန်အစစ်တွေနဲ့ ချုပ်လုပ်ထားတဲ့ ဝတ်စုံတွေကိုလည်း ပြသသွားဖို့ ပြင်ဆင်နေပါတယ်။ တစ်နှစ်နဲ့ တစ်နှစ်မတူအောင် ထူးခြားတဲ့ ဒီဇိုင်းတွေကို ပြဖို့ရည်ရွယ်ထားပါတယ်"ဟု စိန်လင်း (Aroma) က ပြောသည်။

အဆိုပါ ပြပွဲတွင် မြန်မာ ထိုင်မသိမ်း၊ အနောက်တိုင်းမင်္ဂလာဝတ်စုံများ၊ ပွဲတက်ဝတ်စုံများကို ဖန်တီးချုပ်လုပ်ပြသသွားမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့ဖြစ်ကြောင်း သိရှိရသည်။

ယင်းပွဲသို့ လာရောက်ကြည့်ရှုသူ မင်္ဂလာမောင်နှံများအတွက် အထူးအစီအစဉ်အဖြစ် မင်္ဂလာပွဲကို ပြုလုပ်လိုပါက အရစ်ကျစနစ်ဖြင့် ပြုလုပ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။



# နားလည်မှုရလာလို့ ရန်မဖြစ်ကြတော့တဲ့ ကောင်းပြည့်နဲ့ သန္တာဗိုလ်

မေတ္တာမျှခဲ့သည့်ကာလ ငါးနှစ်ခန့်ရှိလာသည့်အချိန်တွင် နားလည်မှုရရှိထားကြသဖြင့် အဆင်ပြေလျက်ရှိသည်ဟု သန္တာဗိုလ်က အချစ်ရေးကိုဖွင့်ဟပြောကြားသည်။ ယခုနောက်ပိုင်းတွင် ဇာတ်ကားအတော်များများ ပူးတွဲသရုပ်ဆောင်ဖြစ်နေသည့် ကောင်းပြည့်နှင့် သန္တာဗိုလ်တို့မှာ နှစ်ကိုယ်တူလက်တွဲရန် ရည်ရွယ်ထားသော်လည်း အချိန်ကာလကို တိတိကျကျသတ်မှတ်ရန် တိုင်ပင်လျက်ရှိကြောင်း လက်တွဲပြီး ငါးနှစ်အကြာတွင် ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

အနုပညာလုပ်ငန်းများကို အတူတကွသရုပ်ဆောင်ရန် ကမ်းလှမ်းခံရခြင်းအတွက် ကြည်နူးမိပြီး တစ်ယောက်နှင့်တစ်ယောက် သဏ္ဍာန်တူစေရန် သရုပ်ဆောင်ရာတွင် ချစ်သူနှင့်အတူ သရုပ်ဆောင်ရခြင်းမှာလည်း စိတ်လှုပ်ရှားကြောင်း ၎င်းကပြောသည်။

အချစ်ရေးသည် ဘဝအတွက် အဓိကမဟုတ်သော်လည်း အရေးကြီးသည့် အကြောင်းတရားတစ်ခုဖြစ်ကြောင်း စိတ်ပူပန်မှု၊ သဝန်တိုမှုများကြောင့် ယခင်ကမကြာခဏ ရန်ဖြစ်ခဲ့ရသော်လည်း အချိန်တစ်ခုဖြတ်သန်းခဲ့ပြီးနောက် တည်ငြိမ်လာပြီဖြစ်ကြောင်း သန္တာဗိုလ်က အချစ်ရေးနှင့်ပတ်သက်၍ ဆိုသည်။

သန္တာဗိုလ်သည် မိမိအမည်ဖြင့် ကိုယ်ပိုင်အမှတ်တံဆိပ်တစ်ခုကို ထုတ်လုပ်လိုသော်လည်း အချိန်အခက်အခဲ၊ အရင်းအနှီး အခက်အခဲများကြောင့် ထင်သလောက်ခရီးမပေါက်သေးကြောင်း၊ အနုပညာလုပ်ငန်းဆိုသည်မှာ ပရိသတ်အားပေးမှုကြောင့် ရပ်တည်နေရပြီး ဘဝတစ်လျှောက်လုံးအတွက် လုပ်ငန်းလေးတစ်ခုလုပ်ကိုင်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။ **ဝေလင်း**

## အဆိုတော် X-Box ၏ ဇာတ်ကားများ ထွက်ရှိမည်



လူငယ်အကြိုက် အဆိုတော် X-Box က “9” ဆိုသည့် ပထမတေးအယ်လ်ဘမ်ကို မေ ၂၀ ရက်က ထွက်ရှိခဲ့ပြီး ဒုတိယအယ်လ်ဘမ်အဖြစ် “99”တေးစီးရီးကို နိုဝင်ဘာလတွင် MPC တေးထုတ်လုပ်ရေးမှ ထွက်ရှိမည်ဖြစ်သည်။ စီးရီးအပြင် MPC အနေနှင့် ရုပ်ရှင် ဗီဒီယိုများကိုလည်း ရိုက်ကူးသွားမည်ဟု သိရသည်။

“ကျွန်တော်ရဲ့ second album ကို နိုဝင်ဘာမှာထုတ်ဖို့လုပ်နေပါတယ်။ အဲ့ဒါပြီးရင်တော့ ရုပ်ရှင်ဇာတ်ကားကြီးကတော့ တစ်ကား၊ ဗီဒီယိုငါးကားစာချုပ်နဲ့ ရိုက်ဖို့ ရှိတယ်။ အချိန်ကာလကတော့ နှစ်နှစ် စာချုပ်ထားပါတယ်။ အဲ့ဒါလေးတွေ မတိုင်ခင်မှာတော့ သီချင်းနှစ်ပုဒ်ကို online ကနေပြီး ပရိသတ်ကို အရင်နားထောင်ခိုင်းမယ်။ သီချင်းနှစ်ပုဒ်ကပုံစံမတူတဲ့အတွက် ပရိသတ်တွေ ရွေးစရာရမယ့် သဘောပေါ့”ဟု ၎င်းကပြောသည်။

“ရွတ်”က ရပ်ပါတွေအကြိုက်ပေါ့။ “အပြင်တွေလျှောက်မသွားနဲ့”က အချစ်သီချင်းပေါ့ “ရွတ်”ကို ဒီလကုန်ခါနီး အွန်လိုင်း တင်မယ်။ “အပြင်တွေလျှောက်မသွားနဲ့” သီချင်းကိုနောက်လမှာတင်မယ်”ဟု ပြောသည်။

ဇာတ်လမ်းများရိုက်ကူးခြင်းကို ဒါရိုက်တာများနှင့်တိုင်ပင်ကာ ပရိသတ်အဆင်ပြေဆုံးဖြစ်မည့် ကာရိုက်တာများကို ရွေးချယ်သွားမည်ဟု ဆိုလာပြီး X -box က အနုပညာသက်တမ်းရလာသည်နှင့်အမျှ အသက်ကြီးလာသည်နှင့်အမျှ ရေးသားသီဆိုသည့် ပုံစံများလည်း အနည်းငယ်စီလိုက်ပါပြောင်းလဲလာရကြောင်း ပြောသည်။ ထို့ပြင် လူငယ်များကိုလည်း ဘဝကပေးသည့် အခွင့်အရေးများကို လက်လွှတ်မခံဘဲ ဖမ်းဆုပ်နိုင်ရန် အရေးကြီးကြောင်း ပြောသည်။ **ကိုလင်း**

## အွန်လိုင်းတင်ထားသည့် “တာဝန်အရ” သီချင်းများအပေါ် ရှင်းပြခဲ့တဲ့ ဝိုင်းလေး



“အိပ်မက်ဆုံရာ” တေးသီချင်းဆိုပြိုင်ပွဲကနေ ဂီတလောကထဲကို ဝင်ရောက်ခဲ့ပြီး နိုင်ငံကိုယ်စားပြု အလှမယ်တစ်ယောက်အဖြစ် အနုပညာလုပ်ငန်းများကို ဆက်တိုက်လုပ်ကိုင်နေသူ အဆိုတော် အလှမယ် ဝိုင်းလေးက “တာဝန်အရ” ဟု အမည်ပေးထားသော Music vedio ကို Bseven Intertainment ကနေထွက်ရှိခဲ့ပြီး ပရိသတ်တွေ နှစ်သက်အားပေးမှု အများဆုံးရရှိကြောင်း သိရသည်။

“အပြင်မှာရောင်းရင်ဝယ်ချင်မှဝယ်မယ် Online တွေ Network တွေ ခေတ်စားလာတော့ ဒေါင်းကျတယ်။ နောက်ပြီး online ကနေဖြန့်တာက ပရိသတ်လက်ထဲအမြန်ဆုံးရောက်နိုင်တာ ဒီတစ်နည်းပေါ့၊ အဲ့ဒါကြောင့် Online ကနေဖြန့်မယ်ပေါ့နော်။ အခုဒီသီချင်းလေးကို ဒါရိုက်တာနေဟိန်းက ရိုက်ပေးပြီး ပိုင်တံခွန်နဲ့ Story ပုံစံလေး လုပ်ထားပါတယ်။ သီချင်းတစ်ပုဒ်ပေါက်ဖို့ဆိုတာ အလွန်ခက်ခဲတယ်။ အထူးသဖြင့် “လက်ခံပြီးသား”ဆိုတဲ့ ကိုယ်တိုင်ရေးတဲ့သီချင်းလေးကို ပရိသတ်အကြိုက်ဆုံးလို့ ပြန်ကြားရတဲ့အတွက် ဒုတိယအခွေအတွက်ရေးဖို့ခွန်အားဖြစ်ခဲ့ရတယ်။ ဒုတိယအခွေအတွက် သီချင်းရေးထားတာ ရှစ်ပုဒ်ရပြီ။ အဓိကတော့ ပရိသတ်တွေကြောင့်ပဲအရာရာကို ကျော်လွှားနိုင်မယ်လို့ မြင်တယ်။ ကိုယ်တိုင်ရေးထားတာကြတော့စာသားရော သံစဉ်ပါ ကိုယ်ပဲဆိုတော့ သီချင်းသွင်းတဲ့အခါမှာ ဆိုရတာပိုပြီးတော့ လွယ်တယ်။ တစ်ခါတလေကျတော့ကိုယ်တိုင်ကြီးပဲရေးနေရင် ရိုးသွားတာမျိုးတွေရှိတယ်။ ခံစားချက်တွေခွဲမထွက်နိုင်တဲ့အခါကျရင် ပရော်ဖက်ရှင်နယ်တေးရေးဆရာတွေရဲ့ပညာကိုယူရတယ်။ နောက်ပိုင်းခံစားမှုဘက်ကို ဦးတည်တဲ့သီချင်းတွေကို ပိုပြီးရွေးချယ်ဖြစ်တယ်”ဟု ဆိုသည်။

သူမအနေနှင့် ပရဟိတတွေလုပ်ဖြစ်နေပြီး အချို့ Miss ပွဲများတွင် ဒိုင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်နေရကြောင်း အဆိုပါပွဲများနှင့်ပတ်သတ်ပြီး “ပြိုင်ပွဲမှာ ဒိုင်လုပ်ပေးရတာတွေ ရှိတယ်။ အဲဒီလိုအချိန်ကျရင်တော့ ညီမဖြတ်သန်းခဲ့တဲ့ ကာလအားဖြင့် ကိုယ်ကြုံခဲ့တဲ့ပြိုင်ပွဲ အတွေ့အကြုံတွေ လေ့လာတယ်။ ကိုယ့်ထက်ကြီးတဲ့ စီနီယာတွေ ဆရာမတွေရဲ့အကြံဉာဏ်ယူပြီးတော့ ညီမ ဒိုင်လုပ်ပါတယ်။ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းနဲ့ အမှတ်ပေးရတယ်။ ပရိသတ်ရဲ့အဆုံးအဖြတ်ရွေးချယ်မှုလည်း အဓိကကျပါတယ်”ဟု ပြောသည်။ **ကိုလင်း**

## တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ ကမ္ဘာ့ဆင်များနေ့ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

ဩဂုတ် ၁၂ ရက်က ကျရောက်သော ကမ္ဘာ့ဆင်များနေ့ အခမ်းအနားကို တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ရှိ ဆင်စခန်း၌ ယင်းနေ့က ကျင်းပခဲ့ကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) သို့ လာရောက်လည်ပတ်ကြသည့် ပြည်မြို့ ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူ ၁၀၅ ဦးအား ကမ္ဘာ့ဆင်များနေ့အကြောင်းနှင့် ပတ်သက်သည့် အသိပညာများ ဟောပြောခြင်း၊ အပြည်ပြည်ဆိုင်ရာ ဆင်များနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြခြင်းနှင့် ရတနာတစ်ပါးဖြစ်သည့် ဆင်များကို ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြရန် တိုက်တွန်းနှိုးဆော်ခြင်းတို့ဖြင့် ကမ္ဘာ့ဆင်များနေ့ အခမ်းအနားကို ကျင်းပခဲ့သည်။

ထို့နောက် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ရှိ ဆင်စခန်း၌ ဆင်လိမ္မာလေးများ၏ အကနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေခဲ့ပြီး လာရောက်လည်ပတ်ကြသည့် ဧည့်သည်တော်များနှင့် ကျောင်းသား ကျောင်းသူများအား ကမ္ဘာ့ဆင်များနေ့ အမှတ်တရအဖြစ် Key Chain များ လက်ဆောင်ပေးခြင်း၊ လက်ကမ်းစာ စောင်များ ပေးဝေခြင်းနှင့် Europe & Asia Commercial Company Limited မှ Lion Energy Drink အချိုရည်များ ဧည့်ခံတိုက်ကျွေးခြင်းတို့ ပြုလုပ်ခဲ့ကြောင်း တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) အုပ်ချုပ်ရေးမှူး ဦးသိန်း မင်းအောင်ထံမှ သိရသည်။

**သတင်း - ဟိန်းထက်ဇော်(မြန်မာ့အလင်း)**



ဓာတ်ပုံ - TMA

## တရားမဝင် မြန်မာအလုပ်သမား ၁၇ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေး

**ဗန်းမော် ဩဂုတ် ၁၅**

တရုတ်နိုင်ငံအတွင်း တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမား ၁၇ ဦးအား မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးသည့် အခမ်းအနားကို ဩဂုတ် ၁၁ ရက်က ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ရှိ တရုတ်-မြန်မာနယ်စပ်ဂိတ်အမှတ်(၂)တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ တရားမဝင်အလုပ်သမား ၁၇ ဦးကို လွှဲပြောင်းပေးရာတွင် တရုတ်နိုင်ငံရင်ကျန်းခရိုင် ရဲလဝကဌာနမှူး မစ္စတာရင်းယီဖုန်း ဦးဆောင်သည့် တာဝန်ရှိသူများက လွယ်ဂျယ်မြို့လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၂)မှ ဒုရဲမှူး အောင်လှိုင်နှင့် တပ်ဖွဲ့ဝင်များ၊ လဝကဌာနစုမှူး ဦးခိုင်မြင့်၊ နယ်မြေရဲစခန်းမှ ဒုရဲအုပ်ညီညီထွေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများထံ မြန်မာလုပ်သားများကို လွှဲပြောင်းပေးခဲ့သည်။ ပြန်လည်လွှဲပြောင်းခဲ့သော မြန်မာလုပ်သား ၁၇ ဦးအား စစ်ဆေးမေးမြန်းချက်အရ တရုတ်နိုင်ငံအတွင်းသို့ အလုပ်သွားရောက်လုပ်ကိုင်စဉ် တရားဝင်နေထိုင်ခွင့်စာအုပ်များ ပြုလုပ်ထားခြင်းမရှိသဖြင့် တရုတ်ရိုင်ငံမှ မြန်မာရိုင်ငံသို့ လွှဲပြောင်းပေးခြင်းခံရကြောင်း သိရသည်။ အဆိုပါ မြန်မာအလုပ်သမား ၁၇ ဦးအား ဩဂုတ် ၁၂ ရက်တွင် မိမိနေထိုင်ရာ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာရန် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံး H1N1 အဝါရောင်အဆင့်သတ်မှတ်

### ဒေသခံအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ကျန်းမာရေးပညာပေးမှုများလုပ်ရန် တိုက်တွန်းထား



**မုံရွာ ဩဂုတ် ၁၅**

H1N1ကူးစက်ရောဂါနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးကို အဝါရောင်အဆင့် သတ်မှတ်လိုက်ပြီးသည့်နောက် ကူးစက်ရောဂါ ဆက်လက်မပြန့်ပွားရန် အထူးလိုအပ်လာသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင်နှင့် မြို့နယ်များမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်များအနေဖြင့် ဒေသတွင်းရှိ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို လုပ်ဆောင်ကြရန် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့က ဩဂုတ် ၁၂ ရက်က ထုတ်ပြန်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြင့်ကြည် လက်မှတ်ရေးထိုး၍ ထုတ်ပြန်ထားသည့် အဆိုပါထုတ်ပြန်ချက်တွင် ဆားလင်းကြီးမြို့နယ် မြေစွန်းကျေးရွာမှ ဒေသခံတစ်ဦးသည် H1N1 ဖြစ်ပွားပြီး မန္တလေးဆေးရုံတွင် သေဆုံးသွားခဲ့သလို ရွှေဘိုမြို့ အောင်ချမ်းသာရပ်နေ အမျိုးသမီးတစ်ဦးသည်လည်း H1N1 ဖြစ်ပွားပြီး မန္တလေးဆေးရုံတွင် ဆေးကုသခံယူနေကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးကို H1N1 ရောဂါနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးကို အဝါရောင်အဆင့် သတ်မှတ်လိုက်သည်ဟု မုံရွာပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးငြိမ်းထံမှသိရကြောင်း၊ ထို့ကြောင့် H1N1 ရောဂါ ဆက်လက်မဖြစ်ပွားစေရန် အထူးလိုအပ်လာသဖြင့် ခရိုင်နှင့် မြို့နယ်များမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်များအနေဖြင့် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ H1N1 နှင့်ပတ်သက်သော ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို အင်တိုက်အားတိုက်လုပ်ဆောင်ကြရန် တိုက်တွန်းကြောင်း ဖော်ပြထားသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ငါးကောင်ရေနှစ်သိန်းခွဲ စုပေါင်းမျိုးစိုက်ထည့်

**ညောင်လေးပင် ဩဂုတ် ၁၅**

ညောင်လေးပင်မြို့နယ်အတွင်း ရေရှည်စဉ်ဆက်မပြတ် ငါးရိက္ခာရရှိစေရေးအတွက် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၁၂ ရက်က မုက္ခမူကျေးရွာတံတားအနီး မုက္ခမူချောင်း၌ ပြုလုပ်ခဲ့ပြီး ငါးမြစ်ချင်း ကောင်ရေ ၂၅၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ ငါးမျိုးစိုက်ထည့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးမြင့်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ ဦးညီညီထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် ရေလုပ်သားများ စုပေါင်း၍ ငါးမျိုးများစိုက်ထည့်ခဲ့ကြသည်။ **ခင်ကို(ကျောက်တံခါး)**

ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဘဝလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွား တိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို "ပြည်သူ့ဝန်ထမ်းကြိုးပမ်းကြည့်ညီ" အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

# ဒီဇိုင်းအသစ်ဖြင့် ဆန်းသစ်တီထွင်လာသော ပင်လယ်သမုဒ္ဒရာနှင့် မြစ်ရေစီးအားသုံး တာဘိုင်များမှ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ထုတ်လုပ်နိုင်တော့မည်

## မြတ်ဇော် (စက်မှု)

*ယမန်နေ့မှအဆက်*

**လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနည်းစဉ်**

NT-2 Turbine အမျိုးအစားသည် ဒီဇိုင်းအသစ်ထုတ်လုပ်ထားသည့် Hydrodynamic ရေအားသုံးတာဘိုင်ဖြစ်သည်။ အဆိုပါ တာဘိုင်အနေဖြင့် ရေစီးအား 3~4 Knots (1.542 M/sec မှ 2.056 M/sec) ရှိ ရေစီးအားအတွင်း ညင်သာစွာလည်ပတ်နိုင်အောင် ဒီဇိုင်းပြုလုပ်ထားပါသည်။ တာဘိုင်များလည်ပတ်ရာမှ ရရှိသော လည်ပတ်မှု စွမ်းအင်ကို Hydraulic Pressure အဖြစ် ပြောင်းလဲပါသည်။ အဆိုပါ Pressure ကို ရေပေါ်ဗောမှတစ်ဆင့် ဖြတ်သန်း၍ Cable များဖြင့် ထိန်းချုပ်ဌာန (Control Station) သို့ Cable များဖြင့် ပေးပို့ပါသည်။ အဆိုပါ Pressure အား ရေအောက်လျှပ်စစ် Cable ကြိုးများဖြင့် လျှပ်စစ်ဓာတ်အား အဖြစ်ပြောင်းလဲ၍ ဗဟိုပင်မထိန်းချုပ်ဌာနသို့ ပေးပို့ကာ ကုန်းမြေပေါ်တွင် လျှပ်စစ်ဓာတ်အား ပေးပို့အသုံးပြုနိုင်ရန် စီမံထားပါသည်။

**NOVA NT-001 NT-002**

**ဒီရေအားသုံးလျှပ်စစ်ထုတ်စက် (Tidal Current Generator)နှင့် မြစ်ရေစီးအားသုံး လျှပ်စစ်ထုတ်စက် (River Current Generator)**

ဒီရေအားသုံး လျှပ်စစ်ထုတ်စက်နှင့် မြစ်ရေစီးကြောင်းအားသုံးလျှပ်စစ်ထုတ်စက်တို့ကို မြစ်ရေစီးအားအနည်းဆုံး 2 mi/hr (mile per hour) ရှိသော မြစ်ရေထဲတွင် ချထားအသုံးပြုနိုင်ရန် ဒီဇိုင်းပြုလုပ်ထားသော တာဘိုင်ဒလက် (Tails) များဖြင့် တပ်ဆင်အသုံးပြုမည်ဖြစ်သည်။ တာဘိုင်နှင့် ဒလက်ကို မြစ်ရေအနက် အနည်းဆုံး 9.8 ft ~ 32.8 ft (3 meter မှ 10 meter) အတွင်းအသုံးပြုနိုင်ရန် အရွယ်အစားအမျိုးမျိုးပြုလုပ်ထားပါသည်။

သမုဒ္ဒရာရေအနက်နှင့် မြစ်ရေစီးကြောင်း၏ အနေအထားအမျိုးမျိုးကိုလိုက်၍ လှေများ၊ ရေပေါ်ဗော (Buoys) များ၊ တံတားများ (Bridges) တွင် တပ်ဆင်အသုံးပြုသွားနိုင်ပါသည်။ NOVA NT-001 ကို လှေများ၊ ရေပေါ်ဗောများနှင့်တွဲဖက်ချိတ်ဆက်အသုံးပြုနိုင်ရန် ဒီဇိုင်းပြုလုပ်ထားသည်။ ယင်းလှေများနှင့် ရေပေါ်ဗောများကို မျောပါမသွားစေရန် မြစ်၏ ရေအောက်ကြမ်းပြင်တွင် ကျောက်ဆူးများဖြင့် ကျောက်ချထားရန် ဆောင်ရွက်ရမည်ဖြစ်သည်။ NOVA NT-001 နှင့် NT-002 ၏ ကိုယ်ထည်ကို FRP (Fibre Reinforced Plastic) သို့မဟုတ် Steel ဖြင့် တည်ဆောက်ထားသည်။ NT-002 မှာ တံတားများဖြင့် တွဲဖက်အသုံးပြုရန် ဒီဇိုင်းထုတ် ထားသော အမျိုးအစားဖြစ်ပါသည်။

**အသုံးပြုမှု**

ပင်လယ်ရေစီးကြောင်းအားများသည် ရေပြင်ညီရွေ့လျားမှု (Horizontal Motion) ကို ဖြစ်ပေါ်စေပါသည်။ ပင်လယ်ရေအတက်အကျသည် ဒေါင်လိုက်ရွေ့လျားမှု (Vertical Motion) ကို ဖြစ်ပေါ်စေပါသည်။ မြစ်ရေစီးကြောင်းသည် မြင့်ရာမှနိမ့်ရာသို့ စီးဆင်းပါသည်။ မြစ်ရေစီးကြောင်း၏ ဦးတည်ချက် (Direction) မှာ မြင့်ရာမှ နိမ့်ရာသို့ တစ်သတ်မတ်တည်း စီးဆင်းနေပါသည်။ သို့သော် မြစ်ရေစီးနှုန်း (Flow Speed) မှာ နေရာအနေအထားကိုလိုက်၍ ပြောင်းလဲစီးဆင်းနေပါသည်။

NOVA စွမ်းအင်ကုမ္ပဏီအနေနှင့် ရေစီးအားမှ စွမ်းအင်ထုတ်လုပ်မှုနည်းပညာကို (၁၀၀%) အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကမ္ဘာ့မြေထုမှ စွမ်းအင်ထုတ်လုပ်မှု နည်းပညာအဖြစ် ဒီရေစီးကြောင်း၊ မြစ်ရေစီးကြောင်းမှ စွမ်းအင်ထုတ်လုပ်နိုင်သော နည်းပညာများ ဖန်တီးနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါနည်းပညာရရှိသုံးစွဲနိုင်ပြီဖြစ်၍ ကမ္ဘာ့လူသားများအနေဖြင့် အနာဂတ်တွင် $CO_2$ ထုတ်လုပ်မှုရှိသော ရုပ်ကြွင်းလောင်စာ (Fossil Fuel) နှင့် နျူကလီးယားပစ္စည်းစွန့်ပစ်မှု အန္တရာယ်များရှိသည့် စွမ်းအင်ထုတ်ယူ အသုံးပြုမှုများ အပေါ် လုံးဝမှီခိုအားထားစိုးရိမ်စရာမလိုဘဲ ရေစီးအားသုံး စွမ်းအင်အသစ်များကို ရရှိအသုံးပြုနိုင်ပြီ ဖြစ်ပါသည်။

**သမုဒ္ဒရာစွမ်းအင်ထုတ်လုပ်ပုံ**

**ထိန်းချုပ်ဌာန** (Control Station)

သမုဒ္ဒရာစွမ်းအင်ထုတ်လုပ်ရန်အတွက် ထိန်းချုပ်ဌာန (Control Station) ကို ရေပြင်အထက်မီတာ (၂၀) အမြင့်တွင် တည်ဆောက်ရမည်ဖြစ်ပါသည်။ ထိန်းချုပ်ဌာနတွင် ဓာတ်အားထုတ်လုပ်မည့် စက်ရုံလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် လိုအပ်သော အစီအမံများဆောင်ရွက်ထားရှိမည်ဖြစ်ပါသည်။

ဓာတ်အားထုတ်လုပ်မည့်စက်ရုံတွင် ဓာတ်အားထုတ်စက် (Generator) ဟိုက်ဒရောလစ် အားသုံးမော်တာ (Hydra -ulic Motor) နှင့် Power Cable, Control Cable, ထိန်းချုပ်ယူနစ်များ (Control Panels) နှင့် ထိန်းချုပ်ခန်းတို့ ပါဝင်ပါသည်။ ဓာတ်အားပေးစက်ရုံ၏ ပြုပြင်ထိန်းသိမ်းရေးနှင့် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များအတွက် ရဟတ်ယာဉ်ဆင်းသက်နိုင်ရန် ရဟတ်ယာဉ်ကွင်းကို ဒေါင်လိုက်ရေပေါ်ဗော၏ ထိပ်တွင်တည်ဆောက်ထားပါသည်။

**ဒေါင်လိုက်ရေပေါ်ဗော** (Vertical Buoy)

သမုဒ္ဒရာရေစီးအားသုံး လျှပ်စစ်ဓာတ်အားထုတ်စက်ရုံ (Ocean Current Generator) ၏ အဓိကအဆောက်အအုံမှာ ဒေါင်လိုက်ရေပေါ်ဗော (Vertical Buoy) ဖြစ်ပါသည်။ ဒေါင်လိုက်ရေပေါ်ဗော၏ အလျားမှာ 120 meter (393.7 ft) ရှိပြီး ရေအောက်တွင်ထားရှိအသုံးပြုရန် ဒီဇိုင်းပြုလုပ်ထားပါသည်။ သမုဒ္ဒရာရေစီးကြောင်းအတွင်း မျောပါသွားမှုမရှိစေရန်နှင့် ရေစီးအားအတွင်း ဒေါင်လိုက်တည်ငြိမ်မှု ရှိနေစေရန် ကျောက်ဆူးများ၊ Weight တုံးများ၊ ဆိုင်းကြိုးများဖြင့် ထိန်းထား၊ ဆိုင်းထားပေးပါသည်။ ဤကဲ့သို့ပြုလုပ်ထားခြင်းဖြင့် ထိန်းချုပ်ဌာန (Control Station) အား တည်ငြိမ်မှုရှိစေရန်နှင့် ဒီရေနှင့် လှိုင်းများရိုက်ခတ်မှုဒဏ်မှ ကာကွယ်ပေးထားနိုင်ပါသည်။

ဒေါင်လိုက်ရေပေါ်ဗောအတွင်းပိုင်းတွင် Power Cable များကို Hydraulic Pump များနှင့် ဆက်သွယ်ပေးထားပြီး Turbine Shaft များနှင့် ချိတ်ဆက်ပေးထားပါသည်။ တာဘိုင်ဝင်ရိုး (Turbine Shaft) များတွင် ဖြစ်ပေါ်လာသော လည်ပတ်မှုစွမ်းအင်ကို Hydraulic Pressure အဖြစ်ပြောင်းလဲအသုံးပြုနိုင်ရန် ဒီဇိုင်းပြုလုပ်ထားပါသည်။

**ကျောက်ဆူးနှင့် အထိန်း** Weight **တုံးများ**

(Anchors and Weights)

ဒေါင်လိုက်ရေပေါ်ဗောအား ပင်လယ်ရေမျက်နှာပြင်၏ ရေအတက်အကျအလိုက် တည်ငြိမ်မှုရရှိစေရန်နှင့် ရွေ့လျားမှုမရှိစေရန်အတွက် ကျောက်ဆူးများနှင့်အထိန်း Weight တုံးများဖြင့် ရေအောက်ကြမ်းပြင်မှနေ၍ ဆိုင်းကြိုးများဖြင့် ဆိုင်းထားပေးပါသည်။ ပင်လယ်ရေအောက် ကြမ်းပြင်ရှိ ပင်လယ်နွံများ၊ ကျောက်ဆောင်များနှင့် ကျောက်တန်းများ တည်ရှိမှုအနေအထားအရ အသုံးပြုမည့် ကျောက်ဆူးများကို ပုံစံပြောင်းလဲသုံးစွဲသွားရန် လိုအပ်ပါသည်။



သင်္ဘောတွင်တပ်ဆင်အသုံးပြုမည့် ရေစီးအားသုံးတာဘိုင်များ

**တာဘိုင်** (Turbine)

ပင်လယ်ရေစီးအားသုံး တာဘိုင်၏ ပုံသဏ္ဍာန်မှာ ရေစီးအားတွင် လှုပ်ရှားနိုင်မည့် ငါးပုံသဏ္ဍာန်ကို အခြေခံ၍ (Hydrodynamic Shape) ဒီဇိုင်းပြုလုပ်ထားပါသည်။

တာဘိုင်ကိုယ်ထည်ကို သံမဏိ (Steel) သို့မဟုတ် FRP (Fibre Reinforced Plastic) ဖြင့် ပြုလုပ်ထားပါသည်။ ရေယက် (Propellers) များကို တိမ်းစောင်းသော အနေအထားဖြင့် ကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားပါသည်။ တာဘိုင်ကိုယ်ထည်ကို အခေါင်း (Hollow) ပြုလုပ်ထားပြီး ကိုယ်ထည်ကိုဖြတ်၍ ရေများလွတ်လပ်စွာစီးဆင်းနိုင်ရန်နှင့် တာဘိုင် ကိုယ်ထည်တည်ငြိမ်မှု ရှိနေစေရန် ပြုလုပ်ထားပါသည်။ ရေယက်များ (Propellers) ၏ အရွယ်အစားနှင့် ပုံသဏ္ဍာန်ကို ပြုလုပ်မည့် တာဘိုင်ကိုယ်ထည်၏ ဇရိယာအပေါ်မူတည်၍လိုက်လျောညီထွေမှုရှိစေရန် ဒီဇိုင်းပြုလုပ်ရမည် ဖြစ်ပါသည်။

**အမေးနှင့်အဖြေ** (Q & A)

**အမေး။** ။Knots (kn) ၏ အဓိပ္ပါယ်မှာ အဘယ်နည်း။

**အဖြေ။** ။Knots (kn) ဆိုသည်မှာ ရေစီးအားအမြန်နှုန်းကို တိုင်းတာသောယူနစ်ဖြစ်ပါသည်။ တစ်နာရီလျှင် (mile per hour) စီးဆင်းသွားသော ရေ၏ရွေ့လျားမှုကိုမိုင်နှုန်းဖြင့်ဖော်ပြ ခြင်းဖြစ်ပါသည်-

1 knots = 1.852km/h ဖြင့် ညီမျှပါသည်။
1 knots = 1.151 mile/h ဖြင့်လည်း ညီမျှပါသည်။
(1knots = 1852 M/h)
= 0.5144 M/sec
= 1.687 ft/sec

**အမေး။** **။အသုံးချနိုင်မှုစွမ်းရည်** (Efficiency) **အမြင့်ဆုံးစွမ်းအင်** (Energy) **အမျိုးအစားကိုဖော်ပြပါ။**

အဖြေ။ ။သမုဒ္ဒရာရေစီးကြောင်းစွမ်းအင်နှင့် သမုဒ္ဒရာအပူစွမ်းအင်တို့ဖြစ်ပါသည်။

**အမေး။** **။ပင်လယ်သမုဒ္ဒရာမှ စွမ်းအင် ၁၀၀ ရာခိုင်နှုန်း ရရှိဖို့ဆိုတာ ဘယ်လောက်သေချာနိုင်ပါသလဲ။**

အဖြေ။ ။ကမ္ဘာမြေကြီးလည်ပတ်ခြင်း မရပ်တန့်သရွေ့ ကမ္ဘာ့သမုဒ္ဒရာရေစီးကြောင်းတွေ ရှိနေမှာဖြစ်ပါတယ်။ အဲဒီသမုဒ္ဒရာရေစီးကြောင်းတွေက ရေစွမ်းအင်ကို ထုတ်ယူရရှိနေမှာ ဖြစ်ပါတယ်။

**အမေး။** **။တာဘိုင်ကို ပင်လယ်ထဲချထားသည့်အခါ တာဘိုင်ရေယက်များနှင့် ပင်လယ်ရေမှော်များ (Kelp) ကပ်ငြိလုံးထွေး၍ တာဘိုင်လည်ပတ်မှုကို ထိခိုက်စေနိုင်မှု ရှိ/မရှိ။**

အဖြေ။ ။တာဘိုင်၏ ရေယက်များကို ပင်လယ်ရေမှော် (Kelp) များ ကပ်ငြိလုံးထွေး၍ တာဘိုင်လည်ပတ်မှုမထိခိုက်စေရန် ရေယက် (Propeller) များကို ဒီဇိုင်းထုတ်လုပ်ထားပါသည်။

**အမေး။** **။သမုဒ္ဒရာအတွင်း၊ မြစ်အတွင်းဓာတ်အားထုတ်စက်ရုံများ ဆောက်လုပ်ခြင်းက ရေပြင်ညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်ပါသလား။**

အဖြေ။ ။-ရေပြင်ညစ်ညမ်းမှု လုံးဝမရှိစေပါ။ ဓာတ်အားထုတ်စက်မှ စွန့်ပစ်ပစ္စည်းများ စွန့်ထုတ်မှုလုံးဝမရှိပါ။

**အမေး။** **။ပင်လယ်ရေ(သို့)မြစ်ရေမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရန်အတွက် ရေစီးအားအမြန်နှုန်း မည်မျှရှိရန် လိုအပ်ပါသလဲ။**

အဖြေ။ ။ရေစီးအားအမြန်နှုန်း 3knots မှ 4knots အတွင်းသာ လိုအပ်ပါသည်။

(3 knots = 1.5432 M/sec
= 5.061 Ft/sec)
(4 knots = 2.057
M/sec = 6.748 Ft/sec)

**အမေး။** **။လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် မည်သည့်နေရာ များတွင် စမ်းသပ်မှုများပြုလုပ်ခဲ့ပါသလဲ။**

အဖြေ။ ။ဂျပန်နိုင်ငံ Kuroshio ပင်လယ်ရေစီးကြောင်းအတွင်းနှင့် ကိုရီးယားနိုင်ငံ Jintao ရေစီးကြောင်းများအတွင်း စမ်းသပ်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

**အမေး။** **။NOVA Turbine များကို အသုံးပြု၍ လျှပ်စစ် ဓာတ်အားပမာဏမည်မျှ အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်နိုင်ပါသလဲ။**

အဖြေ။ ။စမ်းသပ်မှုများအရ လျှပ်စစ်ဓာတ်အား 200 kW ကို အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်ဆောင်ရွက်ထားနိုင်ပါသည်။

**အမေး။** **။NOVA** Turbine **ဖြင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို အခြားမည်သည့်နေရာများတွင်လည်းဆောင်ရွက်၍ ရပါသလား။**

အဖြေ။ ။မြစ်အတွင်းရှိ တံတား (Bridges) များ၊ ရေပေါ်ဗော (Buoys) များ၊ သမုဒ္ဒရာရေစီးကြောင်းများအတွင်း ဒီရေစီးကြောင်းနှင့် မြစ်ရေစီးကြောင်းများ အတွင်းတွင်လည်း ဆောင်ရွက်ရပါသည်။

**အမေး။** **။ယခုစမ်းသပ်မှုများအတွင်း အကောင်းဆုံးနေရာများကမည်သည့်နေရာများဖြစ်ပါသလဲ။**

အဖြေ။ ။ဂျပန်နိုင်ငံ Kuroshio ရေစီးကြောင်းအတွင်း၊ မက္ကစီကို ပင်လယ်ကွေ့ရေစီးကြောင်း၊ မြောက်အမေရိကတိုက် မစ္စစ္စပီ-မစ်ဆူရီမြစ်အတွင်း၊ နိုင်းမြစ်နှင့် အမေဇုန်မြစ်အတွင်းတို့ဖြစ်ပါသည်။

**အမေး။** **။ရေပေါ်ဗောနှင့် တာဘိုင်များအနေဖြင့် ပင်လယ်သမုဒ္ဒရာနှင့် မြစ်ချောင်းများအတွင်းရှိ ရေသတ္တဝါများကို ထိခိုက်ပျက်စီးစေနိုင်ပါသလား။**

အဖြေ။ ။ရေသတ္တဝါများအနေဖြင့် တာဘိုင်များနှင့် တိုက်မိခြင်းများ မရှိနိုင်ပါ။

**အမေး။** **။NOVA** ၏ Turbine **များကို ရေသတ္တဝါများ ထိခိုက်ပျက်စီးမှုမရှိစေရန် အထူးပြုဒီဇိုင်း ပြုလုပ်ထားပါသလား။**

အဖြေ။ ။Turbine ၏ဒီဇိုင်းကို ကြီးမားသော ငါးကြီးတစ်ကောင်၏ ပုံစံအတိုင်းအခြေခံ၍ ပြုလုပ်ထားပါသဖြင့် ငါးသတ္တဝါငယ်များရှင်သန်ပေါက်ဖွားစေရန် အထောက်အကူပြုမည် ဖြစ်ပါသည်။

စွမ်းအင်လိုအပ်လျက်ရှိသော ကမ္ဘာ့နိုင်ငံအသီးသီးအတွက် ကမ္ဘာကြီးလည်ပတ်နေပြီး ဒီရေအတက်အကျရှိနေသ၍ ဤစနစ်ကို အသုံးပြုနိုင်မည်ဖြစ်ရာ ပင်လယ်ကမ်းခြေ ထိစပ်နယ်မြေများစွာရှိပြီး မြစ်ချောင်းပေါများသည့် မြန်မာနိုင်ငံအတွက်လည်း ဤစနစ်ဖြင့် စွမ်းအင်လိုအပ်မှုကို တစ်စိတ်တစ်ပိုင်း အထောက်အကူပေးနိုင်လိမ့်မည်ဟု ယူဆရပါသည်။

ယခုလာမည့် မကြာမီကာလအတွင်း စက်မှုဝန်ကြီးဌာနအနေဖြင့် ရေအရင်းအမြစ်များပေါများသည့် မြန်မာနိုင်ငံ၏ မြစ်ကြီးများအတွင်း ချထားအသုံးပြုနိုင်မည့် ရေစီးအားသုံးတာဘိုင်များကို ထုတ်လုပ်ဆောင်ရွက်သွားရန် မျှော်မှန်းဆောင်ရွက်ထားပါကြောင်း အသိပေးအပ်ပါသည်။

## မှုခင်းသတင်းတိုများ

### ဘားအံမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ထုံးအိုင်ရဲစခန်းအပိုင် နယ်မြေအတွင်း၌ ဩဂုတ် ၁၃ ရက်က မူးယစ်ဆေးဝါးမှု သုံးမှုဆက်တိုက်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဘားအံမြို့နယ် ကော့သိုက်ကျေးရွာအစွန် လယ်ကွင်းအစပ်ရှိ ဆိတ်ခြံအတွင်း မူးယစ်ဆေးဝါးများရောင်းချနေကြောင်း သတင်းအရ ထုံးအိုင်နယ်မြေရဲစခန်းမှူး ရဲအုပ်ညီညီမိုး ဦးစီးသည့် နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် သက်သေများက ဝင်ရောက်ရှာဖွေရာ စိန်မြင့်(၂၃ နှစ်)အား စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားနှင့်အတူ ဖမ်းမိပြီး ယင်းနေ့ညနေ ၃ နာရီခွဲခန့်တွင် ထုံးအိုင်နယ်မြေရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ဘားအံမူးယစ်တပ်ဖွဲ့စု (၁၁)မှ ရဲအုပ် စိုးနိုင်နှင့်အဖွဲ့တို့ ပူးပေါင်း၍ ကော့သိုက်ကျေးရွာနေ မောင်အေး(ခ)မောင်ကွ(ခ)ကာဆင်(၅၇ နှစ်)၏နေအိမ်သို့ ဆက်လက်ရှာဖွေရာမှ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ ကိုလည်းကောင်း၊ ညနေ ၄ နာရီကျော်တွင် ရဲအုပ်ညီညီမိုး ဦးစီးသည့် နယ်ထိန်းတပ်ဖွဲ့ဝင်များက နောင်ထလုံးကျေးရွာအုပ်စု ကော့ဒိုက်ပြင်ကျေးရွာနေ မန်းညွန့်စိန်(ခ)နူတ်ခမ်းမွေးနေအိမ်သို့ ဆက်လက်ရှာဖွေရာ မန်းညွန့်စိန်မှာ ထွက်ပြေးသွားခဲ့ပြီး နေအိမ်အတွင်းတွေ့ရသူ စောဝင်းဝင်း(၂၂ နှစ်)ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၂ ပြားကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်များမှ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူများဖြစ်သည့် စိန်မြင့်၊ မောင်အေး(ခ)မောင်ကွ(ခ) ကာဆင်၊ စောဝင်းဝင်းနှင့် မန်းညွန့်စိန်(ပြေး)တို့အား ထုံးအိုင်နယ်မြေရဲစခန်းတွင် အမှုဖွင့်ကာ ထွက်ပြေးသွားသူအား ဖမ်းဆီးနိုင်ရေးနှင့် ကွင်းဆက်များဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

### တိုက်ကြီးမြို့နယ်တွင် တရားမဝင်ကျွန်းသစ်ခွဲခြမ်းများ သိမ်းဆည်းရမိ

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်လမ်းပေါ် ဇရပ်ဖြူကျေးရွာအနီး၌ တရားမဝင် ကျွန်းခွဲခြမ်းများ တင်ဆောင်လာသော ကင်တာယာဉ်တစ်စီးကို မြို့နယ်သစ်တောဦးစီးဌာနက ဩဂုတ် ၁၂ ရက်က ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမြင့်သူ၊ တောအုပ်ကြီး ဦးတင်မြတ်နှင့် သစ်တောဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် တာဝန်ထမ်းဆောင်စဉ် ဇရပ်ဖြူရွာအနီး ရန်ကုန်-ပြည်ကားလမ်းဘေးတွင် မိုးကာအစိမ်းအုပ်၍ ရပ်ထားသော MON 1A/ ---- ကင်တာယာဉ်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရာမှ ကားပေါ်တွင် တရားမဝင် ကျွန်းသစ်ခွဲခြမ်း ၁၈ ခြမ်း (အလေးချိန် ၃ ဒသမ ၄၀၆ တန်)ကို ပိုင်ရှင်မဲ့တွေ့ရှိရသဖြင့် တိုက်ကြီးမြို့နယ် သစ်တောရုံးသို့ သယ်ဆောင်ပြီး ဥပဒေအရ အမှုဖွင့်ထားသည်။ **ထွန်းလှိုင်(မြိုင်)**

### မူးယစ်ဆေး သုံးစွဲနေသူနှစ်ဦးအား ဖမ်းဆီးရမိ

မိုးကောင်းမြို့နယ် နမ္မတီးမြို့တွင် မူးယစ်ဆေးဝါးသုံးစွဲနေသူနှစ်ဦးအား ဩဂုတ် ၁၂ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ နမ္မတီးနယ်မြေရဲစခန်းမှူး၏ ညွှန်ကြားချက်အရ ဒုရဲအုပ်နှင့်နယ်ထိန်းတပ်ဖွဲ့ဝင်များက နမ္မတီးမြို့ ကံလှကျေးရွာ မြို့မရပ်ကွက်နေ ဇော်မင်းဝင်း(၃၂နှစ်)၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဇော်မင်းဝင်းထံမှ မူးယစ်ဆေးဝါးဟုယူဆရသော ဖြူ/ဝါရောင်အမှုန့် အလေးချိန် ၂ ဂရမ်ခန့်ကို တွေ့ရှိပြီး ၎င်း၏နေအိမ်သို့ မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသော သက်နိုင်ထွန်းကိုပါ တွေ့ရသဖြင့် ၎င်းတို့နှစ်ဦးအား နမ္မတီးနယ်မြေရဲစခန်း၌ အမှုဖွင့်ထားသည်။ **သန်းလွင်ဦး(ပြန်/ဆက်)**

### ယာဉ်တိုက်မှုဖြစ်၍ လူတစ်ဦးသေဆုံး

ကျိုက်ထိုမြို့နယ်အတွင်း ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ် လက်ပြကျေးရွာအနီး၌ လမ်းကူးသူအား ယာဉ်ဖြင့်တိုက်မိ၍ လမ်းဖြတ်ကူးသူသေဆုံးမှု ဩဂုတ် ၁၃ ရက်က ဖြစ်ပွားခဲ့သည်။ ရန်ကုန်ဘက်မှ မော်လမြိုင်ဘက်သို့ ယာဉ်မောင်းဆန်းထွန်း(၃၂)နှစ် မောင်းနှင်လာသည့် UD Counter ယာဉ်က ကားလမ်း၏ယာဘက်သို့ လမ်းဖြတ်ကူးလာသူ နယ်မြေခံအင်ဂျင်နီယာတပ်ရင်း ပုသိမ်ကြီးမြို့နေ တပ်သားမျိုးမင်းနောင်အား တိုက်မိခဲ့ခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် မျိုးမင်းနောင်မှာ ပြင်းထန်ဒဏ်ရာများရရှိခဲ့၍ ကျိုက်ထိုပြည်သူ့ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဆန်းထွန်းအား ကျိုက်ထိုမြို့မ ရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

### မန်ကျည်းသီးတက်ခူးရာမှ ပြုတ်ကျသေဆုံးမှုဖြစ်ပွား

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အမှတ်(၁)ရပ်ကွက် ထန်းတောကျေးရွာ၌ မန်ကျည်းသီးတက်ခူးသူတစ်ဦး အပင်ပေါ်မှပြုတ်ကျသေဆုံးမှု ဩဂုတ် ၁၃ ရက်က ဖြစ်ပွားခဲ့သည်။ လူတစ်ဦး မန်ကျည်းပင်ပေါ်မှ ပြုတ်ကျသေဆုံးကြောင်း သတင်းအရ မလှိုင်မြို့မရဲစခန်းမှ ဒုရဲအုပ်နေဝင်းမြင့်က သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မောင်စိုးမိုးဟိန်း(၁၆ နှစ်)ဖြစ်ပြီး ထန်းတောကျေးရွာ ကျောင်းသစ်ဘုန်းတော်ကြီး ကျောင်းအတွင်းရှိ မန်ကျည်းပင်ပေါ်သို့တက်၍ မန်ကျည်းသီးခူးစဉ် အမြင့် ၂၅ ပေခန့်မှ ပြုတ်ကျသဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မလှိုင်မြို့မရဲစခန်း၌ သေမှုသေခင်းဖွင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော် (မလှိုင်)**

### မင်းလှမြို့တွင် စိတ်ကြွရူးသွပ်ဆေးဝါးများ ဖမ်းဆီးရမိ

သရက်ခရိုင် မင်းလှမြို့နယ်အတွင်း တရားမဝင် မူးယစ်ဆေးဝါး ရောင်းချသုံးစွဲရန် လက်ဝယ်ထားရှိသူနှစ်ဦးကို ဩဂုတ် ၁၃ ရက်က ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ မကွေးနယ်မြေရဲစခန်းတွင် ဖမ်းဆီးရမိထားသော မူးယစ်ဆေးဝါးအမှုမှ ကွင်းဆက်ဖော်ထုတ်ချက်အရ မင်းလှမြို့နယ် ရွာတော်ကျေးရွာနေ မသီတာအေး(၄၅ နှစ်)၏ ဈေးဆိုင်သို့ အမှတ်(၁၅)မူးယစ်တပ်ဖွဲ့စုမှ ဒုရဲအုပ်သိန်းဇော်လတ်၊ ခရိုင်ရဲတပ်ဖွဲ့(မကွေး)မှ မှုခင်းနှိမ်နင်းရေးရဲအုပ်နှင့် မင်းလှရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်မင်းထိုက်တို့ ဦးဆောင်သည့်အဖွဲ့က သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၅ ပြားကို ဖမ်းမိခဲ့ပြီး မသီတာအေး၏ ထွက်ဆိုချက်အရ မင်းလှမြို့ ရုံးရပ်ကွက်နေ သိန်းလွင်(၄၃ နှစ်)၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀ ကို ထပ်မံဖမ်းမိခဲ့၍ ၎င်းတို့နှစ်ဦးအား ဆက်လက်စစ်ဆေးရန် မကွေးရဲစခန်းသို့ ခေါ်ဆောင်သွားကြောင်း သိရသည်။ **ကိုသက်(အထက်မင်းလှ)**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားသူကြီးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံရှင်း

**မကွေး ဩဂုတ် ၁၅**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး ပြည်နယ် တရားရေးဦးစီးမှူးများ၏ (၁၃) ကြိမ်မြောက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများ ရှင်းလင်းသည့် အခမ်းအနားကို မကွေးတိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။




အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ် တရားရုံးများမှ တရားသူကြီးများ စုစုပေါင်း ၆၇ ဦးတက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်းက အမှာစကားပြောကြားပြီး (၁၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးများ၏ မှာကြားချက်များကို လည်းကောင်း၊ တရားလွှတ်တော်တရားသူကြီး ဦးမြင့်သိန်းနှင့် ဒေါ်နုယဉ်တို့က တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ တရားရေးဦးစီးမှူး ဦးအယ်၊ တိန်းဘောမ်မှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များကို လည်းကောင်း ရှင်းလင်းဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။ **မေသူလွင် (မကွေးကိုယ်ပွား)**

## ယာဉ်မီးအချက်ပြမှုမှန်ကန်စေရေး မန္တလေးမြို့၌ ကွင်းဆင်းပညာပေး

**မန္တလေး ဩဂုတ် ၁၅**

ယာဉ်မောင်းသူများအနေဖြင့် မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌ မောင်းနှင်ရာတွင် နောက်မှကျော်တက်လိုသောယာဉ်ကို ရှေ့ယာဉ်က ကျော်တက်နိုင်ကြောင်း အချက်ပြရာ၌ ရှေ့ယာဉ်၏ လက်ယာဘက်မီးဖြင့် မှန်ကန်စွာအချက်ပြသည့်စနစ်ကို စက်တင်ဘာ ၁ ရက်မှစ၍ တစ်နိုင်ငံလုံး တစ်ပြေးညီ ပြောင်းလဲကျင့်သုံးမည်ဖြစ်ရာ ယာဉ်မောင်းသူများအား အသိပညာပေးမှုကို မန္တလေးမြို့မန္တလေး-ရန်ကုန် အမြန်လမ်းမကြီး တံခွန်တိုင်တိုးဂိတ်၌ဩဂုတ် ၁၂ ရက်က ဆောင်ရွက်ခဲ့သည်။




ပညာပေးမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ အမှတ်(၃)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးကံသိန်းဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် လမင်းမော်တော်ယာဉ်မောင်းအတတ်သင်ကျောင်းမှ ကျောင်းအုပ်ကြီး ဦးလွင်လွင်ထွန်းနှင့် ယာဉ်မောင်းနည်းပြဆရာများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ယာဉ်မောင်းသူများအား မှန်ကန်သော မီးအချက်ပြစနစ်အကြောင်း ရှင်းလင်းပြောကြားကာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ ပညာပေးအစီအစဉ်များကို မန္တလေး-ပြင်ဦးလွင်လမ်း၊ မန္တလေး-စစ်ကိုင်း-မိုးကုတ်-တောင်ကြီးလမ်းများမှ မြို့ဝင်မြို့ထွက်ဂိတ်များတွင်လည်း ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း လမင်းမော်တော်ယာဉ်မောင်း အတတ်သင်ကျောင်း ကျောင်းအုပ်ကြီးထံမှ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## တရားမဝင်နွားရောင်းဝယ်မှုများကြောင့် နွားပွဲဈေးများတွင် ရောင်းဝယ်သူနည်းလာ

**မလှိုင် ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်း တရားမဝင် နွားရောင်းဝယ်နေမှုများကြောင့် မလှိုင်မြို့ အမှတ်(၃)ရက်ကွက် နယ်မြေ(၁၂)ရှိ နွားပွဲဈေးသို့ လာရောက်ရောင်းဝယ်သူ နည်းပါးလာလျက်ရှိကြောင်း သိရသည်။



အဆိုပါ နွားပွဲဈေးသည် ငါးရက်တစ်ကြိမ်ခင်းကျင်းရောင်းချသည့်ဈေးဖြစ်ပြီး နှစ်ပေါင်း ၇၀ ခန့် သက်တမ်းရှိပြီဖြစ်သည်။ ထိုနွားပွဲဈေးတွင် ယခင်က ဈေးနေ့ရက်တိုင်း မြို့နယ်တွင်းမှ ကျေးလက်ဒေသများနှင့် အခြားမြို့နယ်များမှ တောင်သူများပါ လယ်ယာလုပ်ငန်းခွင်၌ အသုံးပြုရန် နွားများကို လာရောက် ရောင်းဝယ်ကြသကဲ့သို့ အချို့သားသတ်လိုင်စင်စီများမှလည်း အဆိုပါနွားပွဲဈေးနေ့ရက်တိုင်း လာရောက်ရောင်း/ဝယ်မှုများ ရှိခဲ့သည်။

ယခုအခါတွင် နွားပွဲစားများမှတစ်ဆင့် တရားမဝင် နွားရောင်းဝယ်မှုများသာ အဖြစ်များနေပြီး ရောင်းသောနွားများကို အခြားမြို့ကြီးများအထိ တင်ပို့ရောင်းဝယ်မှုများ ရှိနေခြင်းကြောင့် နွားပွဲဈေးနေ့ရက်များတွင် လာရောက်ရောင်းဝယ်သူများ နည်းပါးလာခြင်းဖြစ်ကြောင်း နွားရောင်းဝယ်သူများထံမှ သိရသည်။

“နွားပွဲစားလုပ်ကိုင်လာတာ နှစ်ပေါင်း ၃၀ ကျော်ပြီ။ ယခုနှစ်မှာ ကျေးလက်ဒေသများက နွားဖြင့်စိုက်ပျိုးကြတဲ့ တောင်သူတွေရဲ့ကျေးရွာများအထိ နွားပွဲစားတွေက ဈေးပိုပေး ဝယ်ယူပြီး အခြားမြို့ကြီးများကို တရားမဝင် တင်ပို့ရောင်းဝယ်သူတွေကြောင့် အခုလို နွားပွဲဈေးနေ့တွေမှာ ရောင်းဝယ်သူ နည်းပါးလာတာပါ။ ဒီလို တရားမဝင် အခြားမြို့ကြီးတွေကို တင်ပို့ရောင်းချနေသူတွေကို သက်ဆိုင်ရာတာဝန်ရှိသူများက အရေးယူစေချင်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့ အညာဒေသ နွားပွဲဈေးတွေ ပြန်ပြီး အသက်ဝင်ရှင်သန်လာမှာဖြစ်သလို နွားပွဲဈေးကို လေလံရရှိသူလုပ်ငန်းရှင်များအဖို့လည်း အဆင်ပြေမှာပါ”ဟု နွားပွဲဈေးတွင် အရောင်းအဝယ်လုပ်ကိုင်သူတစ်ဦးက ပြောသည်။

၂၀၁၇ နှစ်ဆန်းပိုင်းမှစ၍ နွားပွဲဈေး လေလံဆွဲလုပ်ကိုင်နေသူ ဦးကျော်ရွှေက “နွားပွဲဈေးကို ကျပ်သိန်းသုံးရာနဲ့ လေလံဆွဲလုပ်ကိုင်နေတာပါ။ နွားပွဲကို နွားများလာရောက်ရောင်းဝယ်လိုရင် ကွင်းဝင်ကြေးအနေနဲ့ နွားတစ်ကောင် ၁၅၀၀ ကျပ်ဖြစ်ပြီး နွားအရောင်းအဝယ်ဖြစ်ရင် ရောင်းသူအနေနဲ့ ၃၀၀၀ ကျပ်၊ ဝယ်မယ့်သူက ၃၅၀၀ ကျပ်ကို ပေးဆောင်ပြီးမှ ရောင်းဝယ်ရမှာဖြစ်ပါတယ်။ အရင်တုန်းကဆိုရင် နွားပွဲဈေးနေ့ရောက်တာနဲ့ တောင်သူ၊ နွားပွဲစားတွေက နွားပွဲဈေးအထိ လာရောက်ရောင်းဝယ်လို့ လေလံဆွဲလုပ်ကိုင်သူများအနေနဲ့ အဆင်ပြေပါတယ်။ အခုဆိုရင် လေလံဈေးနှုန်းက မြင့်တက်နေပေမယ့် နွားပွဲဈေးနေ့မှာ နွားအကောင် ၁၀၀ တောင် လာရောက်ရောင်းဝယ်တာမရှိပါဘူး”ဟု ပြောသည်။

တရားမဝင် နွားရောင်းဝယ်ခြင်းများကြောင့် နွားပွဲဈေးများ ပျောက်ကွယ်သွားပါက ရသင့်ရထိုက်သော လေလံအခွန်အခများ နစ်နာမှုရှိနိုင်ခြင်းနှင့် နှစ်ပေါင်းများစွာကတည်းက ရှိခဲ့သည့် အညာနွားပွဲဈေးများ ပြန်လည်အသက်ဝင်လာစေရေးအတွက် တရားမဝင် နွားရောင်းဝယ်ကြသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အရေးယူဆောင်ရွက်ပေးစေလိုကြောင်း နွားရောင်းဝယ်နေကြသည့် ပွဲစားများက ပြောသည်။

**ကျော်ကျော်(မလှိုင်)**

# ရေသယံဇာတထိန်းသိမ်းရေးနှင့် သစ်တောများ၏ အခန်းကဏ္ဍ

ဒေါက်တာသောင်းနိုင်ဦး (သစ်တောသုတေသန)၊ ဓာတ်ပုံ-မေမိုးသဲ

*ယမန်နေ့မှအဆက်*

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများ ထာဝစဉ်တည်တံ့စေရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တိုးပွားရရှိစေရန်အတွက် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဟူ၍ အဆင့်ဆင့်ခွဲခြားသတ်မှတ်လျက် နှစ် (၃၀) အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ) ကို ရေးဆွဲပြီး အကောင်အထည်ဖော်လျက်ရှိသည်။ ယခုနှစ်ပိုင်းများအတွင်း ထင်ရှားသည့် သစ်တောထိန်းသိမ်းရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအနက် အောက်ဖော်ပြပါ လုပ်ငန်းများသည် ရေသယံဇာတ ထိန်းသိမ်းရေး၊ ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသ ထိန်းသိမ်းရေးအတွက် အလွန်အရေးပါသော လုပ်ငန်းများဖြစ်သည်-

- ❖ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ ပဲခူးရိုးမဒေသတွင် သစ်ထုတ်လုပ်မှု (၁၀) နှစ် ရပ်ဆိုင်းခြင်းနှင့် သစ်တောများ အရှိန်အဟုန်ဖြင့် စိုက်ပျိုး၊ ထိန်းသိမ်းပြုစုခြင်း၊
- ❖ ရေဝေရေလဲသစ်တောများ ထိန်းသိမ်းခြင်းနှင့် ရေဝေရေသစ်တောစိုက်ခင်းများ တည်ထောင်ခြင်းများ အပါအဝင် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၇-၂၀၁၈ မှ ၂၀၂၇-၂၀၂၈) ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စတင်အကောင်အထည်ဖော်ခြင်း၊
- ❖ မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများ၊ ရေချိုကန်ကြီးများ (ဥပမာ အင်းလေးကန်၊ အင်းတော်ကြီးကန်၊ မိုးယွန်းကြီးအင်း စသည်) ၏ ရေဝေရေလဲဒေသကြီးများ၊ ကမ်းရိုးတန်းဒေသများနှင့် တောင်တန်းဒေသကြီးများ (အပူပိုင်းဒေသရှိ တောင်တန်းများအပါအဝင်) အတွက် အထူးလုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊
- ❖ သစ်တောများ တိုးပွားစေရန်ရည်ရွယ်လျက် အမြဲတမ်းသစ်တောနယ်မြေများကို နိုင်ငံ့ရေိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို နိုင်ငံ့ရေိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းနိုင်ရန် စနစ်တကျ အစီအစဉ်ရေးဆွဲ ဆောင်ရွက်လျက်ရှိခြင်း၊
- ❖ သစ်တောသုတေသနဌာန ရေဆင်းတွင် ရေခေတ်ခွဲခန်းတည်ထောင်၍ အဓိက မြစ်ကြီးများနှင့် ရေချိုကန်ကြီးများ၏ ရေအရည်အသွေး စဉ်ဆက်မပြတ် သုတေသနပြု တိုင်းတာစမ်းသပ်အကဲဖြတ်ခြင်း၊

အဆိုပါ လုပ်ငန်းစဉ်များသည် နိုင်ငံ၏ ရေသယံဇာတ အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကို တိုးပွားစေရုံသာမက အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များဖြစ်သည့် Nationally Determined Contribution (NDC) ကဲ့သို့သော ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးဆိုင်ရာ ကတိကဝတ်များကိုပါ ဖြည့်ဆည်းပေးလျက်ရှိသည်။


မုန်းချောင်းရေလှောင်တမံအား တွေ့ရစဉ်

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ခြောက်နှင့် ရေသယံဇာတ**

သဘာဝသယံဇာတများဖြစ်သည့် ရေ၏ မရှိမဖြစ်အရေးပါမှုကြောင့် ကုလသမဂ္ဂ **စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ခြောက်**တွင် "လူသားတိုင်း သန့်ရှင်းသော သောက်သုံးရေ ရရှိရေး၊ ရေသယံဇာတ စဉ်ဆက်မပြတ်စီမံခန့်ခွဲမှု ဖြစ်ပေါ်လာစေရေးနှင့် ရေဆိုးများ စီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးလာစေရေး" ဟူ၍ ဖော်ပြထားပါသည်။ အဆိုပါ ပန်းတိုင် အောင်မြင်စေရေးအတွက် အောက်ဖော်ပြပါ ရည်မှန်းချက်များကို ချမှတ်ခဲ့ပါသည်-

- ❖ ၂၀၃၀ ပြည့်နှစ်တွင် လုံခြုံစိတ်ချ၍ လူတိုင်းသုံးစွဲနိုင်သော သောက်သုံးရေကို လူတိုင်းရနိုင်ရမည်၊
- ❖ ၂၀၃၀ ပြည့်နှစ်တွင် လုံလောက်၍ မျှတမှုရှိသော ရေဆိုးမိလ္လာစနစ်၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးစနစ် အောင်မြင်စေရမည်၊
- ❖ ၂၀၃၀ ပြည့်နှစ်တွင် ရေထုညစ်ညမ်းမှုများ လျှော့ချခြင်း၊ အမှိုက်ပုံနှင့် အညစ်အကြေးများ ဖယ်ရှားခြင်း၊ အန္တရာယ်ရှိသည့် ဓာတုပစ္စည်းများ အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်း၊ ရေဆိုးရေညစ်ပမာဏ တစ်ဝက်ထိ လျှော့ချခြင်းနှင့် ကမ္ဘာအနှံ့ စိတ်ချစွာဖြင့် ရေပြန်လည်သုံးစွဲနိုင်အောင် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရမည်၊
- ❖ ၂၀၃၀ ပြည့်နှစ်တွင် ကဏ္ဍအသီးသီး၌ ရေသုံးစွဲမှု ထိရောက်စွာ ဆောင်ရွက်နိုင်ပြီး ရေရှားပါးမှုကို ဖြေရှင်းရန်အတွက် ရေချိုကို စနစ်တကျ စဉ်ဆက်မပြတ်သုံးစွဲခြင်း၊ ရေရှားပါးမှုဒဏ် ခံစားနေရသော လူဦးရေအရေအတွက် သိသာစွာ လျှော့ချနိုင်ရမည်၊
- ❖ ၂၀၃၀ ပြည့်နှစ်တွင် ကဏ္ဍအားလုံးပူးပေါင်းပါဝင်သည့် ရေသယံဇာတစီမံအုပ်ချုပ်မှု အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်၊
- ❖ ၂၀၂၀ ပြည့်နှစ်တွင် ရေနှင့် ဆက်စပ်နေသော ဂေဟစနစ်များထိန်းသိမ်းခြင်း၊ သစ်တောများ၊ တောင်တန်းများ၊ ရေဝပ်ဒေသများနှင့် မြစ်ချောင်းအင်းအိုင်များကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရေသယံဇာတ ကြွယ်ဝစေရန် ဆောင်ရွက်မည်၊
- ❖ ၂၀၃၀ ပြည့်နှစ်တွင် ရေတူးဖော်ခြင်း၊ ရေအသုံးချခြင်း၊ ရေဆိုးများပြန်လည်သန့်စင်ခြင်းနှင့် ပြန်လည်အသုံးပြုခြင်းနည်းပညာများအပါအဝင် ရေနှင့် ရေဆိုးမိလ္လာစနစ်များနှင့် ဆက်စပ်သည့်စွမ်းဆောင်ရည် တည်ဆောက်ခြင်း ဆောင်ရွက်နိုင်ရမည်၊
- ❖ ရေသယံဇာတများနှင့် ရေဆိုးမိလ္လာစနစ်များ စီမံအုပ်ချုပ်ရာတွင် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် ကူညီပံ့ပိုးမှု ပိုမိုကျစ်လျစ်ခိုင်မာစေရန် ဆောင်ရွက်မည်။

**ရေသယံဇာတ ပေါများဖို့ သစ်တောတွေကို ထိန်းသိမ်းစို့**

မြန်မာနိုင်ငံ၏ အဖိုးတန် ရေသယံဇာတများကို ထိန်းသိမ်းရန်အတွက်လည်းကောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ရည်မှန်းချက်များ ပြည့်မီအောင်မြင်စေရန်အတွက်လည်းကောင်း ယခုပင်စတင်၍ လုံလောက်သော ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရန် အထူးလိုအပ်သည်။ ဥပမာ- ရေကောင်းရေသန့် ရရှိစေမည့် အဆောက်အအုံများ၊ ရေဆိုးများ ပြန်လည်သန့်စင်ရန် လိုအပ်သည့် အထောက်အပံ့ပစ္စည်းများအတွက် ရင်းနှီးမြှုပ်နှံရန် လိုအပ်သည်။

အထူးအရေးကြီးသည်မှာ ရေအရင်းအမြစ်များဖြစ်သည့် ရေထွက်တောများ ထိန်းသိမ်းခြင်း၊ ရေနှင့် ဆက်စပ်နေသော ဂေဟစနစ်များ ထိန်းသိမ်းခြင်း၊ သစ်တောများ၊ တောင်တန်းများ၊ ရေဝပ်ဒေသများနှင့် မြစ်ချောင်းအင်းအိုင်များကို ထိန်းသိမ်း ကာကွယ်ခြင်းလုပ်ငန်းများတွင် ရေတို၊ ရေရှည် စီမံကိန်းများချမှတ်၍ ရန်ပုံငွေကြေး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် လိုအပ်သည်။ သစ်တောများ ထာဝစဉ်တည်တံ့ရေးအတွက် အရေးအကြီးဆုံးဆောင်ရွက်ရမည့် လုပ်ငန်းမှာ လက်ရှိဖြစ်ပေါ်လျက်ရှိသည့် သစ်တောပြုန်းတီးမှုနှုန်းလျှော့ချရန်နှင့် ကျန်ရှိနေသည့် သဘာဝတောများကို ထိထိရောက်ရောက် စီမံအုပ်ချုပ် ထိန်းသိမ်းကာကွယ်ရန်ဖြစ်သည်။

ချမှတ်ထားသော မူဝါဒများနှင့်အညီ အကောင်အထည်ဖော်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ သစ်တောများမှ အထောက်အပံ့ပြုလျက်ရှိသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တန်ဖိုးအစစ်အမှန်ကိုသိရှိကာ တန်ဖိုးထားထိန်းသိမ်းရေး၊ ရေ၊ မြေ၊ သစ်တောနှင့် ဆက်စပ်ပတ်သက်နေသော လုပ်ငန်းကဏ္ဍအသီးသီး၏ မူဝါဒများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များသည် တစ်ခုနှင့်တစ်ခု သဟဇာတဖြစ်လျက် ရေနှင့် သစ်တောသယံဇာတ ထိန်းသိမ်းရေးကို အထောက်အပံ့ပြုနိုင်ရေးအတွက် ဦးတည်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။

ရေနှင့် သစ်တောသယံဇာတထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် အစိုးရအဖွဲ့အစည်းများသာမက ပုဂ္ဂလိက ကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ရန်၊ ရင်းနှီးမြှုပ်နှံမှုများ တိုးပွားစေရန် အလွန်အရေးကြီးသကဲ့သို့ ကျေးလက်၊ မြို့ပြနေပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုမှာလည်း မရှိမဖြစ် လိုအပ်ပါသည်။ ရေကောင်းရေသန့်များကို ခြိုးခြံချွေတာ၍ စနစ်တကျ အလေအလွင့်မရှိသုံးစွဲရန် လိုအပ်သကဲ့သို့ ရေကောင်းရေသန့် ရေချိုအရင်းအမြစ်များဖြစ်သော သစ်တောသစ်ပင် စိုက်ပျိုးရေး၊ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင်လည်း အားသွန်ခွန်စိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။ "သစ်ပင်စိုက်ရန် အကောင်းဆုံးအချိန်သည် လွန်ခဲ့သည့် အနှစ် ၂၀ ကဖြစ်ပြီး ဒုတိယအကောင်းဆုံးအချိန်သည် ယခုပင်ဖြစ်သည်" ဟူသော ဆိုရိုးစကားအတိုင်းပင် ယနေ့အချိန်အခါသည် ကျွန်တော်တို့အတွက်၊ ကျွန်တော်တို့၏ အနာဂတ်မျိုးဆက်သစ်များအတွက်၊ ကျွန်တော်တို့၏ တန်ဖိုးမဖြတ်နိုင်သော ရေသယံဇ ာတများ၊ ရေကောင်းရေသန့်များ စဉ်ဆက်မပြတ် ရရှိစေရေးအတွက် "သစ်ပင်များ ရှင်သန်အောင် စိုက်လိုက်ကြပါစို့၊ သစ်တောများ ထိန်းသိမ်းကာကွယ်ကြပါစို့" ဟု တိုက်တွန်းအပ်ပါသည်။ ။

## သိမ်းဆည်းခံ လယ်ယာမြေများပြန်လည်ရရှိရေး ဆန္ဒဖော်ထုတ်

**ထီးချိုင့် ဩဂုတ် ၁၅**

ကသာမြို့နယ်နှင့် ထီးချိုင့်မြို့နယ်တို့တွင် သိမ်းဆည်းခံထားရသော လယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် ပြန်လည်စိစစ်ပေးရေး ဆန္ဒဖော်ထုတ်ပွဲကို ဩဂုတ် ၁၃ ရက်က ထီးချိုင့်မြို့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထီးချိုင့်မြို့ပေါ်ရှိ ယခင်ရောဝတီဇက်ကူးတို့ဆိပ်နေရာမှ ကိုယ်မင်းကိုယ်ချင်းလမ်းအတိုင်းလျှောက်၍ ကြက်သွန်းခင်းလမ်းဆုံမှတစ်ဆင့် မြို့ရှောင်လမ်းမကြီးလမ်းဘေး ဂေါက်ကွင်းအတွင်း လူစုရပ်နေရာသို့ ကြွေးကြော်သံများဖြင့် တောင်သူ ၁၂၀ ကျော်ခန့်အား တောင်သူလယ်သမားအဖွဲ့မှ ဦးတင့်ဝေ(မောင်းကုန်းကျေးရွာ)နှင့် ဦးနေဝင်း (တုံးလုံးကျေးရွာ) နေသူတို့က ဦးဆောင်၍ မတရားသဖြင့် အသိမ်းခံထားရသော လယ်မြေများ ပြန်လည်ရရှိရေးအတွက် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီမှ အမြန်ဆုံးစိစစ်ပေးရန် ဗီနိုင်းစများ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာစီတန်းကြွေးကြော်ကြပြီး ဂေါက်ကွင်းအတွင်းမှ တောင်သူလယ်သမား သမဂ္ဂဥက္ကဋ္ဌ ဦးဆွေဝင်းပါ လေးဦးတို့က ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။




**ငွေအိုး (ကသာ)**

## အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဇီးကုန်း ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့တွင် ပြည်သူလူထုအတွင်း မှုခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ခရိုင်ရဲတပ်ဖွဲ့မှူး၏ ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး မြင့်ထွန်း၊ စခန်းမှူးဒုတိယရဲမှူးဝင်းနိုင်၊ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ရဲအုပ်ဝေလွင်ကိုတို့သည် ဇူလိုင်လနောက်ဆုံးပတ်က အမှတ် (၄) ရပ်ကွက်၊ ရှားဖြူကုန်းကျေးရွာ၊ ကဇင်းကြီးကျေးရွာ၊ ထန်းတပင်ကျေးရွာ၊ ချောင်းစောက်ကျေးရွာ၊ သစ်စင်ကျေးရွာဘုန်းတော်ကြီးကျောင်းများတွင်လည်းကောင်း၊ ဩဂုတ် ၃ ရက်က အမှတ် (၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

## အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း သင်တန်းဆင်း

**ဖြူး ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ အိမ်တွင်းမှု သင်တန်းဆင်းပွဲကို ဩဂုတ် ၁၁ ရက်က ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေက သင်တန်းဆင်းအမှာစကားပြောကြားကာ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသင်းက သင်တန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**


HITACHI
Inspire the Next
Analytics
25
50
75
100
125
150
စိတ်ကူးအကြံဉာဏ်ကောင်းများကို
ပွင့်လင်းစေမည့် အနာဂါတ်
ဒီနေ့ခေတ်မှာ မယုံကြည်နိုင်လောက်အောင် များပြားလှတဲ့ အချက်အလက်တွေနဲ့ ဝိုင်းရံခံထားရတဲ့ အခြေအနေမျိုးကို ရောက်ရှိနေပါတယ်။ ဒီလိုများပြားတဲ့ဒေတာတွေနဲ့ ဘာလုပ်ရမယ်ဆိုတာ မသိနိုင်အောင်ပါပဲ။ ဒါပေမယ့် ဒီအချက်အလက်တွေကို ပိုမိုကောင်းမွန်တဲ့ ရည်ရွယ်ချက်အဖြစ် ပြောင်းလဲနိုင်ခဲ့မယ်ဆိုရင် ဘယ်လိုဖြစ်လာမှာပါလဲ။ အင်တာနက်နှင့်ဆက်စပ်သောအရာများရဲ့ နည်းပညာခေတ်ကြီးထဲမှာ အချက်အလက်တွေကို ပိုမိုနားလည်လာနိုင်စေဖို့နဲ့ တီထွင်ဆန်းသစ်တဲ့ ဖြေရှင်းနည်းတွေကို ပူးပေါင်းဖန်တီးနိုင်စေဖို့ လူသားအသိဉာဏ်ပုံတူပြုနည်းပညာနှင့် အဆင့်မြင့်အချက်အလက် သရုပ်ခွဲနည်းပညာတွေကို ပေါင်းစပ်ကာ ကြီးမားသော အချက်အလက်နည်းပညာကို အသုံးပြုလာနိုင်နေပြီဖြစ်ပါတယ်။ ဒါဟာပိုမိုကောင်းမွန်တဲ့အနာဂတ်အတွက် လူမှုပူးပေါင်းတီထွင်ဖန်တီးမှုကို အရှိန်မြှင့်ဆောင်ရွက်သွားဖို့ ကျွန်ုပ်တို့ရဲ့ သန္နိဋ္ဌာန်ချက်တွေထဲက အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်။
social-innovation.hitachi
Hitachi Social Innovation

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်ရွှေ

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ(ဟောင်း)**
**သံအမတ်ကြီး (အငြိမ်းစား)**
**ဗိုလ်မှူးချုပ်(ဟောင်း) (BC-3505)**
**စည်သူ၊ သရေစည်သူ၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)**
**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**
**၁၉၉၀ပြည့်နှစ်၊ မရမ်းကုန်းမြို့နယ်**
**မဲဆန္ဒနယ်အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ်**
**အသက်(၁၀၁)နှစ်**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ(ဟောင်း) ဦးအောင်ရွှေသည် ၁၃-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၉း၃၆နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်ရွှေ

**သံအမတ်ကြီး(အငြိမ်းစား)**
**ဗိုလ်မှူးချုပ်ဟောင်း (BC-3505)**
**အသက်(၁၀၁)နှစ်**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်-ဥက္ကဋ္ဌ(ဟောင်း) ဦးအောင်ရွှေသည် ၁၃-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးကြည်လင် (ထားဝယ်)

**B.Sc (Engg) New Course၊ ဒုညွှန်မှူး(ငြိမ်း)၊ ရေနံဓာတု**
**ရန်ကုန်မြို့၊ ထားဝယ်အသင်း နာယက**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဖမိုင်၊ ပြည်လမ်း၊ အမှတ်(၇-ဘီ)နေ (ဒေါ်မြတင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးအုန်းဇော်-ဒေါ်မေသူအောင်(ခ)ဒေါ်မသန်းငွေတို့၏ချစ်လှစွာသောဖခင်သည် ၁၄-၈-၂၀၁၇ရက်(တနင်္လာနေ့) ည ၉း၄၅နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲမိပါသည်။

**ချစ်သူငယ်ချင်းများ**
**ဦးသောင်းဝင်း**
**ဦးအောင်မင်း-ဒေါ်နန်းလောင်လိုင်း**
**ဦးအေးဝင်း-ဒေါ်မိမိဝါ**
**ဒေါ်တင်အေးသန့်**
**ဒေါ်ဖြူဖြူသွယ်**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်း(ခ)ဒေါ်ဝိမလဒေဝီ

**အသက်(၈၁)နှစ်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာနေ (ဦးအုန်းရှောင်-ဒေါ်ငွေခင်)တို့၏သမီး၊ (ဦးမောင်ဆန်း)၏ဇနီး၊ (ဦးကျော်သန်း)-ဒေါ်သန်းညွန့်၊ (ဦးဉာဏ်ရင်-ဒေါ်သန်းရှင်)တို့၏ညီမ၊ ဦးကျော်မြင့်-ဒေါ်သိန်းသိန်း၊ ဦးစံမြင့်-ဒေါ်အေးမြင့်၊ ဒေါ်သန်းနွဲ့၊ ဦးပိန်တို့၏အစ်မ၊ ဦးတင်ဦး-ဒေါ်အေးအေးမြိုင်၊ ဦးလှဦး၊ ဦးနေဝင်း-ဒေါ်အေးအေးမွန်၊ ဦးအောင်မြင့်ဦး-ဒေါ်ခင်ဝင်းရီ၊ ဦးတင်ဝင်းတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၄-၈-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၆း၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင်ပိန္နဲကုန်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၇ရက်(သောကြာနေ့)နံနက် ၆နာရီတွင် မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်၊ တိုးချဲ့ကမ်းနားလမ်း၊ အမှတ် ၅၇ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးချစ်သိန်း

**လ/ထ အကောက်ခွန်မှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ပြည်တော်သစ်အိမ်ရာ၊ တိုက် ၆၊ အခန်း ၁၉နေ (ဦးချစ်တီး-ဒေါ်သိန်း)တို့၏သား၊ (ဦးခင်မောင်-ဒေါ်အေးရွှေ)တို့၏သားသမက်၊ (ဒေါ်အေးမိ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းဇော်-ဒေါ်ဝေဝေဦး၊ ဦးမောင်မောင်လွင်-ဒေါ်ယဉ်ယဉ်မျိုး၊ ဦးမောင်မောင်နိုင်-ဒေါ်ဥမ္မာအောင်၊ ဦးမောင်မောင်ထွန်း-ဒေါ်ဝင်းဝင်းသန်း၊ ဦးကျော်ကျော်သိန်း-ဒေါ်တိုးရည်ငယ်၊ ဒေါ်ပပခိုင်တို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၁၅-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၈-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးကျော်လင်း (Bie Lu) CDC-29265 အသက်(၄၄)နှစ်

**(ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ ရန်ကုန်၏အသင်းသား)**

ဦးဗစ်တာစီဇာခို(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်မြောင်း၊ တည်ဆောက်ရေးအင်ဂျင်နီယာ)-ဒေါ်စီစီနိုင်းတို့၏သား၊ ဦးညီညီဇော်-ဒေါ်ယွာပေါ်၊ မဆိုနိုခို၊ မောင်ရှန်မွေလ၊ မနိုနိုခိုတို့၏အစ်ကို၊ ဒေါ်စမိုင်းလင်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဒေးဗစ်ထန်ဇာလင်းနှင့် မရေဗက္ကာနိုဒိုလင်းတို့၏ ချစ်လှစွာသောဖခင်သည် ၇-၈-၂၀၁၇ရက် (တနင်္လာနေ့)ညနေ ၄း၁၃နာရီတွင် ကာတာနိုင်ငံ Dong Jin Company၏ MT GINGA HAWK သင်္ဘောပေါ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၈-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (မြောက်ဒဂုံ ၇/၈ လမ်းဆုံ၊ အင်းစိန် သီရိစန္ဒာဆေးရုံအနီး၊ ထောက်ကြန့်လမ်းဆုံ၊ ရွှေပြည်သာမြို့နယ်၊ထန်းခြောက်ပင်၊ ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ ရန်ကုန်၊ စမ်းချောင်းတို့မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ညွန့် (ကြို့ပင်ကောက်)

**အသက်(၉၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နေ (ဦးမှူ-ဒေါ်လှဝိုင်း)တို့၏သမီး၊ (ဦးအေးမောင်)၏ဇနီး၊ ဦးအုန်းမြိုင်-ဒေါ်ဝမ်းရီ၊ (ဦးကျော်ရွှေ)-ဒေါ်ခင်စန်းမြင့်၊ (ဦးတင်အေး)-ဒေါ်မြင့်မြင့်ကြည်၊ ဦးခင်ဦး-ဒေါ်မြင့်မြင့်သန်း၊ ဦးဝင်းငွေ-ဒေါ်ခင်မာကြည်၊ ဦးတင်ထွန်းဦး-ဒေါ်သန်းသန်းဆွေတို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ် ၂၄ယောက်တို့၏အဘွားသည် ၁၄-၈-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။(အမှတ်၃၂၊ ၉မိုင်၊ သာယာကုန်းရှမ်းရွာလမ်း၊ မရမ်းကုန်းမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးကြည်လင် (ထားဝယ်)

**B.Sc (Engg) New Course ၊ ဒုညွှန်မှူး(ငြိမ်း)၊ ရေနံဓာတု**
**ရန်ကုန်မြို့၊ ထားဝယ်အသင်းနာယက**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဖမိုင်၊ ပြည်လမ်း၊ အမှတ်(၇-ဘီ)နေ(ဦးရန်နား-ဒေါ်အင်သီ)တို့၏သား၊ (ဦးတိုးခင်-ဒေါ်ကြည်မှျင်)တို့၏သားသမက်၊ (ဒေါ်မြတင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးအုန်းဇော်-ဒေါ်မေသူအောင်(ခ)ဒေါ်မသန်းငွေ၊ ဦးစောနိုင်-ဒေါ်သန္တာလင်း၊ဦးကိုကိုကြီး-ဒေါ်ခိုင်ဇင်လင်း(ခ)မနီလာ၊ဒေါက်တာအောင်သူရ-ဒေါ်လင်းလင်းနွယ်တို့၏ချစ်လှစွာသောဖခင်၊ မောင်ဇော်ထိုက်လင်း-ဒေါက်တာဇင်နှင်းသက်၊ ဒေါက်တာဖူးနှင်းသက်၊ ဒေါက်တာမျိုးမင်းဆက်ကိုကို၊ မောင်ရဲမင်းဆက်ကိုကို(Grade-9, အထက-၂၊ ကမာရွတ်)၊ မောင်ဖြိုးခန့်အောင်(1st MB. IM1)၊ မမေလင်းလက်အောင်(Grade-9, ISM)တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၄-၈-၂၀၁၇ရက်(တနင်္လာနေ့)ည ၉း၄၅နာရီတွင် Grand Hantha ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးကြည်လင် (ထားဝယ်)

**B.Sc (Engg) New Course ၊ ဒုညွှန်မှူး(ငြိမ်း)၊ ရေနံဓာတု**
**ရန်ကုန်မြို့၊ ထားဝယ်အသင်းနာယက**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဖမိုင်၊ ပြည်လမ်း၊ အမှတ်(၇-ဘီ)နေ(ဦးရန်နား-ဒေါ်အင်သီ)တို့၏သား၊ (ဦးတိုးခင်-ဒေါ်ကြည်မှျင်)တို့၏သားသမက်၊ (ဒေါ်မြတင်)၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ကြည်ပို)၏မောင်၊ (ဦးအံချိန်)-ဒေါ်လှကြည်၊ ဒေါ်စိန်တင်၊ ဦးနေအောင်-ဒေါ်ခင်ဟုန်၊ (ဦးကြည်စိန်-ဒေါ်တင်နွယ်ခ)တို့၏အစ်ကို၊ တူ၊ တူမ ၁၇ယောက်တို့၏ဘကြီးသည် ၁၄-၈-၂၀၁၇ရက်(တနင်္လာနေ့) ည ၉း၄၅နာရီတွင် Grand Hantha ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စန်း (ဖျာပုံ၊ အလုံ)

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ ဆင်မင်းအိမ်ရာ၊ တိုက် ၂၊ အခန်း ၁၀၅နေ [ဦးဟုတ်စွမ်(ခ)ဦးစိန်လှိုင်]၏ဇနီး၊ ဖျာပုံမြို့နယ်၊ ဒုတိယလမ်း၊ အမှတ် ၂၉နေ ဒေါ်ခင်ငြိမ်း၏ညီမ၊ ဒေါ်ကြည်ကြည်ညွန့်(ကျန်းမာရေးဆရာမ၊ ငြိမ်း)၊ ဒေါက်တာဒေါ်အုန်းကြည်မြင့်(မေ့ဆေးအထူးကုဆရာဝန်၊ ငြိမ်း၊ နား၊ နှာခေါင်း၊လည်ချောင်းဆေးရုံ၊ ရန်ကုန်)၊ ဦးမြင့်အောင်(ရေကြောင်းပြမှူးကြီး၊ ငြိမ်း) - ဒေါ်ကြည်ကြည်မြင့်(တွဲဖက်ပါမောက္ခ၊ ငြိမ်း၊ သင်္ချာဌာန၊ မအူပင်တက္ကသိုလ်)၊ ဦးငွေအောင်(အလပြ၊ ငြိမ်း) ဖျာပုံ၊ ဦးထင်ယု-ဒေါ်အေးအေးမြင့်(ခေတ္တ-USA)၊ ဦးကျော်ကျော်(MOON SUN Trading Co.,Ltd)-ဒေါ်မြမြသီ(သူနာပြု၊ ငြိမ်း)၊ ဦးသန်းငွေ(ကထိက၊ ရထား၊ ဗဆက မိတ္ထီလာ)-ဒေါ်မြင့်မြင့်ရီ(အလပြ၊ ငြိမ်း)၊ (ဒေါ်ခင်လှလှ)၊ ဒေါ်အုန်းရီမြင့်(လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်)၊ ဦးအောင်မြတ်သူ(Regence Trading Co.,Ltd)-ဒေါ်သင်းစုလှိုင်(ရွှေပြည့်လျှံရွှေဆိုင်)တို့၏ချစ်လှစွာသောမိခင်၊ မောင်ဇော်မင်းထက်(ခေတ္တ-USA)၊ မောင်ဇော်မြင့်ထွန်း(Chief Officer MTM Ship Management Co.,Ltd)-မစုစုလှိုင်(MTM Ship Management Co.,Ltd)၊ မောင်မင်းကျော်သူ(Sale Engineer MSP CAT)၊ မသီတာညိမ်း (အရဏ်ဦးဆောက်လုပ်ရေး Co.,Ltd)၊ ဒေါက်တာမြတ်ကျော်သူ(MSI MarieStopes)၊ မောင်ကျော်လင်းထက်(ဒုတိယနှစ်၊ မြန်မာစာ)တို့၏အဘွား၊ မောင်ခေတ်လူ၏ဘွားဘွားကြီးသည် ၁၅-၈-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၀၀း၁၅နာရီတွင် ဆင်မင်းအိမ်ရာ၊ အလုံမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးထွန်းထွန်းဦး

**B.Sc (Geology) 91-94**
**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ဖျူး(ရွာမ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၂၂၃၊ (ပထပ်)နေ ဦးမြတ်ကျော်-ဒေါ်ဝင်းစိန်တို့၏သား၊ ဦးခင်ညွန့်-ဒေါ်လှလှတို့၏သားသမက်၊ ဦးဇော်ဇော်ဦး-မနန်းဇရောသိန်း၊ (ဦးသူရမောင်)တို့၏အစ်ကို၊ မစုနှင်းထွေး၏ခင်ပွန်း၊ မဆုကြယ်စင်လင်းထွန်း (အထက-၄၊ တာမွေ)၊ မငြိမ်းကြည်လင်လင်းထွန်း(အမက-၇၊တာမွေ)တို့၏ဖခင်သည် ၁၄-၈-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးအေးမြင့်

**အား/ကာဝန်ကြီးဌာန**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျောက်ရေတွင်းလမ်း၊ အမှတ် ၁၅နေ (ဦးစံမြင့်-ဒေါ်ခင်ခင်သိန်း)တို့၏သမီး၊ ဒေါ်ရင်ရင်မြင့်၏ညီမ၊ (ဒေါ်ချိုချိုမြင့်)၊ (ဦးသက်တင်)၊ ဦးစိုးနိုင်၊ (ဦးစိုးခိုင်)တို့၏အစ်မ၊ တူ/တူမ ကိုးယောက်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၅-၈-၂၀၁၇ရက် နံနက် ၄း၁၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၇-၈-၂၀၁၇ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ထားဝယ်အသင်း

## ဦးကြည်လင် (ထားဝယ်)

**ထားဝယ်အသင်းနာယကကြီး**
**သက်ကြီးကန်တော့ခံ**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဖမိုင်၊ ပြည်လမ်း၊ အမှတ်(၇/ဘီ)နေ (ဦးရန်နား-ဒေါ်အင်သီ)တို့၏သား၊ (ဦးတိုးခင်-ဒေါ်ကြည်မှျင်)တို့၏သားသမက်၊ (ဒေါ်မြတင်)၏ခင်ပွန်း၊ ဦးကြည်လင်(နာယကကြီး)သည် ၁၄-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (အသင်းမှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

---

## ဦးအောင်မြိုင် (စည်ပင်၊ငြိမ်း)

**ဌာနခွဲမှူး(ပန်း/ဥယျာဉ်၊ ငြိမ်း)**
**မြို့တော်စည်ပင်**
**အသက်(၈၁)နှစ်**

ထန်းတပင်မြို့နယ်၊ တော်လတဲ့ကျေးရွာနေ (ဦးသာရှင်-ဒေါ်သန့်)တို့၏သား၊ ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊(၆)ရပ်ကွက်၊ တိုက် ၂၄၂၊ အခန်း ၅နေ (ဒေါ်မူမူ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှကြည်-ဒေါ်ညွန့်ရင်တို့၏ညီ၊ ဦးသန်းမြင့်-ဒေါ်နုနုလွင်၊ဦးသန်းလွင်-(ဒေါ်ခင်မာကြည်)တို့၏အစ်ကို၊ Indiana ပြည်နယ်၊ Fort Wyne မြို့ (USA)နေ ဦးဉာဏ်အောင်-Mrs Christine Aung ၊ဦးအောင်ကျော်စိုး-ဒေါ်တင်တင်အောင်၊ (ဦးဆန်းမော်)၊ ဦးနေမျိုးထွန်း (2nd Engr Woqot Marine Management Qatar)-ဒေါ်မြတ်မြင့်သိန်း၊ ဦးဝေလင်းထွန်းတို့၏ချစ်လှစွာသောဖခင်၊ Andrea Aung၊ Alexia Aung ၊ မောင်ထက်အာကာ (Second Year UCSY)၊ မောင်ဘုန်းမြင့်ပြည့်စုံ(Grade-10 ၊ အထက-၂၊ ဗဟန်း)၊ မောင်စွမ်းလရောင်ထွန်း (Grade-3၊ အမက-၁၊ ဗဟန်း)တို့၏အဘိုးသည် ၁၄-၈-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၁၇ရက် (သောကြာနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှမွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်နွဲ့နွဲ့အေး

**(စီးပွား/ကူးသန်းဝန်ကြီးဌာန)**
**အသက်(၆၀)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ မြောင်းကြီးလမ်း၊ အမှတ် ၉၃ နေ (ဦးမောင်မောင်အေး-ဒေါ်ခင်ခင်ထွေး)တို့၏သမီး၊ ဦးသန်းစိန်(လဝက၊ ငြိမ်း)၊ ဒေါ်ကြည်ကြည်ညွန့်(မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲမှူးကြီး၊ ငြိမ်း)တို့၏ညီမသည် ၁၅-၈-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်ကဘောဆေးရုံ၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂း၃၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ကိုတင်မျိုးအောင်

**B.Sc (Agr.)**
**အသက်(၃၉)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ရန်ကင်းရပ်ကွက်နေ ဦးအောင်ပေါ-(ဒေါ်ခင်သိုက်)တို့၏သား၊ မမြင့်ရီ၊ မမြင့်ကြည်၊ ကိုအိမောင်-မနုနုကြည်၊ မငွေငွေနု၊ (ကိုသာထိန်)-မချိုချိုမာ၊ ကိုဝင်းအောင်-မကြည်ကြည်သိန်းတို့၏မောင်၊ မယမင်းကြည်မောင်၊ မအိန္ဒြာကြည်မောင်၊ မောင်လင်းထွဋ်မောင်၊ မလင်းလက်သာ၊ မဖြူစင်မေ၊ မစံထားမေတို့၏ဦးလေးသည် ၁၄-၈-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃း၃၀နာရီတွင် ဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

**မဟာဒွါရနိကာယတေရသမ သာသနာပိုင်**
**အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**
**သက်တော်ရှည် ဆရာတော်**

## ဘဒ္ဒန္တကုမာရာဘိဝံသ (ဟင်္သာတ)

**သက်တော်(၁၀၁)၊သိက္ခာတော်(၈၁)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ကနောင်စုရပ်ကွက်၊ မဟိတာရာမ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန (ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ကျောက်ရဲကျေးရွာနေ ခမည်းတော် ဦးကျော်ဖံ-မယ်တော် ဒေါ်နှင်းခက်)တို့၏သား၊ ဓမ္မာနုဓမ္မ မဟာဒွါရနိကာယဂိုဏ်းကြီး၏ ဦးစီးပဓာနမဟာနာယက ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ မထေရ်မြတ်ကြီးသည် (၁၃၇၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) ၁၅-၈-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားပါသည်။(ရှာပနရက်ကို ထပ်မံကြေညာပါမည်။)

**တပည့်ဒါယကာ၊ ဒါယိကာမများ**

---

## ဦးကျော်လွင် (ဗြိတိသျှသံရုံး)

**အသက်(၉၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ် ၅၀၀(A)နေ (ဦးကျင်စိန်-ဒေါ်ဖွားကျင်)တို့၏သား၊ (ဦးညွန့်-ဒေါ်အေးစိန်)တို့၏သားသမက်၊ (ဒေါ်လှကြည်-ဦးဘစိန်)တို့၏မောင်၊ (ဒေါ်တင်ကြည်-ဦးကျော်သိန်း)တို့၏အစ်ကို၊ ဒေါ်တီတီ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ချိုချိုလွင်-ဦးထွန်းရွှေ၊ ဒေါ်ဝေဝေလွင်၊ ဒေါ်မို့မို့လွင်၊ ဦးကျော်မိုးခိုင်-ဒေါ်ကြူကြူသင်း၊ ဦးကျော်မိုးအောင်-ဒေါ်ခင်မျိုးသူ၊ ဒေါ်စန္ဒာလွင်-ဦးမိုးကျော်သူ၊ ဦးကျော်စိုးမိုး-ဒေါ်နန်းမေသူမိုးတို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ တူမ နှစ်ယောက်တို့၏ဦးလေး/ဘကြီးသည် ၁၄-၈-၂၀၁၇ရက် မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း ဒါယကာကြီး

## ဦးကြင်သန်း (ခရမ်း)

**ကုန်သွယ်/လယ်ယာ(ငြိမ်း)**
**အသက်(၇၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မလောင်ကျေးရွာနေ(ဦးဘိုဆင်-ဒေါ်အုန်း)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ဒေးပေါက်ကျေးရွာနေ (ဦးစိုး-ဒေါ်သန်းခင်)တို့၏သားသမက်၊ (ဦးမောင်မောင်အောင်)-ဒေါ်သန်းမြင့်မော်၊ (ဦးသက်နိုင်ဦး)၊ ဦးတင်မျိုးနိုင်(ပြည်တွင်းအခွန်)-ဒေါ်သူဇာသောင်း၊ ဦးဝင်းသိန်းထွန်း(ခ)ဦးနဒီ - ဒေါက်တာသက်သက်နှင်း(ထ-၄၊ တောင်ညွန့်)၊ ဒုတိယဗိုလ်မှူးကြီးဝင်းမိုးနိုင်(တဆတ)-ဒေါ်ကေသီဝင်းအောင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဇင်ယော်လမ်းနေ ဒေါ်မြင့်စိန်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၄-၈-၂၀၁၇ရက်(တနင်္လာနေ့)ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒုတပ်ကြပ်သန်းထွန်းအောင်

**တပ်မတော်-ရေ(ငြိမ်း)**
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကောက်လျင်လမ်း၊ အမှတ် (၁၇၇/၁)နေ (ဦးစန်းအောင်)-ဒေါ်ငွေလှတို့၏သား၊ဦးတင်ဝင်း-ဒေါ်ကြည်ကြည်စန်းတို့၏သားသမက်၊ (ဦးအေးဟန်)-ဒေါ်စန်းစန်းလှတို့၏မောင်၊ ဦးမင်းခင်ဇော်-ဒေါ်ဝါဝါစန်း၊ ဦးယဉ်မင်းအောင်-ဒေါ်မြမြစန်း၊ ဦးကျော်လင်းအောင်-ဒေါ်မြတ်မွန်ငြိမ်း၊ ဦးအော်စကာ-ဒေါ်အိဆွေမွန်တို့၏အစ်ကို၊ ဒေါ်အိအိဝင်း၏ခင်ပွန်း၊ မယွန်းလဲ့မေအောင်၏ဖခင်သည် ၁၅-၈-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၈-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၈-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဦးကျော်ဝဏ္ဏ(ခ)ဦးကျော်ဆွေ

**နဂါးမင်းရုပ်ရှင်ထုတ်လုပ်ရေး**
**(အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၁၀၁၆နေ (ဦးအေးမောင်-ဒေါ်စောမေ)တို့၏သား၊ ဒေါ်စန်းကြည်(ရွှေနဂါးသက်န်းတိုက်)၏ချစ်လှစွာသောခင်ပွန်းသည် ၁၅-၈-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁း၅၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးမြင့်ဦး (ငြိမ်း)

**(ကြည်း-၁၉၁၈၉)**
**OTS (၆၉) သူရတပ်ခွဲ**
**အသက်(၆၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းရပ်ကွက်နေ ရှင်တေဇနိယ၏ခမည်းတော်၊ ရဟန်းဒါယိကာမ ဒေါ်စန်းစန်းတာ၏ခင်ပွန်း၊ ကိုသူရိန်ဟိန်း၊ ကိုထူးအောင်ရှိန်တို့၏ဖခင်သည် ၁၃-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၇ရက်တွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၇ရက်(စနေနေ့)တွင် အမှတ် ၄၄၃၊ အောင်မင်္ဂလာ(၂)လမ်း၊ မှော်ဘီမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာနိုင်ငံအတွင်း လက်ရှိပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်လက်စီးဝင်လာမည့် အလားအလာများ

**တွေ့ဆုံမေးမြန်း- ရီရီမြင့်၊ ဉမ္မာသန့်၊ ဓာတ်ပုံ- ဇော်မင်းလတ်၊ လှမိုး**




**ရန်ကုန် ဩဂုတ် ၁၅**

တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးဗိသုကာကြီး တိန့်ရှောင်ဖိန်၏ "ချမ်းသာကြွယ်ဝခြင်းသည် ကျက်သရေရှိ၏" ဟူသည့် ဒဿနစကားနှင့်အညီ ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားအကျိုးစီးပွားအလို့ငှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို မြန်နှုန်းမြင့်ရန် တီထွင်ကြံဆမှုအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံကြီးဖြစ်စေ၊ နိုင်ငံငယ်ဖြစ်စေ မိမိတို့နိုင်ငံချမ်းသာကြွယ်ဝရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေးမှာ လိုအပ်ချက်တစ်ခုဖြစ်ပေသည်။

အစိုးရသစ်လက်ထက်တွင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသည့် ပြည်တွင်းပြည်ပ *စာမျက်နှာ ၈ ကော်လံ ၁* ❄

**သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားကုမ္ပဏီများလာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသော စက်ရုံအဆောက်အအုံများကို တွေ့ရစဉ်**

# YBS ယာဉ်လိုင်းများ ဘတ်စ်ကားခကို ကတ်စနစ်ဖြင့်ပေးချေနိုင်ရန် ပြောင်းလဲမည်




**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများတွင် ခရီးသွားပြည်သူများအနေဖြင့် ငွေသားအစား ကတ်စနစ်အသုံးပြုသွားနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) နှင့် Yangon Payment Services (YPS) တို့၏ တင်ဒါတင်သွင်းမည့် ကုမ္ပဏီများအား ပထမအဆင့် ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

"ကျွန်မတို့အများပြည်သူသယ်ယူပို့ဆောင်ရေး ဘတ်စ်ကားစနစ်သာမက ရန်ကုန်တိုင်းဒေသကြီးအတွင်း အသုံးပြုနေတဲ့ *စာမျက်နှာ ၅ ကော်လံ ၁* ❂

## မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၅**

**ချင်းတွင်းမြစ်ရေ**

ယနေ့နံနက် ၉ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်၌ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ မော်လိုက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့မွန်းလွဲ တစ်နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၌ ငါးပေခန့်နှင့် ဟုမ္မလင်းမြို့၌ နှစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ပေဝက်ခန့်စီ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**ဧရာဝတီမြစ်ရေ**

ယနေ့မွန်းလွဲတစ်နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ရွှေကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

**ယနေ့ရန်ကုန် Yangon Today**

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ယနေ့ရန်ကုန်အချပ်ပို လေးမျက်နှာပါရှိသည်**

**နောက်ထပ်ပိတ်ဆို့မှုများပြုလုပ်ပါက နျူကလီးယားသဘောတူစာချုပ်မှ နုတ်ထွက်မည်ဟု အီရန်ခြိမ်းခြောက်** စာ » ၁၄

# ဆီးဂိမ်းပြိုင်ပွဲ မြန်မာအမျိုးသားဘောလုံးအသင်း အုပ်စုပြိုင်ပွဲနှစ်ပွဲ တိုက်ရိုက်ပြသနိုင်မည်မဟုတ်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ရန်ကုန် ဩဂုတ် ၁၅**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော မြန်မာအမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်နှစ်ပွဲဖြစ်သည့် လာအိုအသင်းနှင့် ဘရူနိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်မည့်ပွဲများတွင် ပထမနေ့ စင်ကာပူနှင့်ပွဲစဉ်ကဲ့သို့ တိုက်ရိုက်ထုတ်လွှင့်နိုင်တော့မည်မဟုတ်ဘဲ အိမ်ရှင်မလေးရှားနိုင်ငံနှင့် ယှဉ်ပြိုင်ကစားမည့်ပွဲသာ *စာမျက်နှာ ၁၃ ကော်လံ ၁* ❍




မြန်မာ့အလင်း

# ယနေ့ရန်ကုန် Yangon Today

၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်

၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့



# ရန်ကုန် YBS နှင့် ဝန်ဆောင်ခ အကြွေငွေကျပ် ၂၀၀ စိန်ခေါ်မှု

## အမှန်တကယ်ဖြေရှင်းဖို့ လိုအပ်နေ

သတင်းဆောင်းပါး-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်





**၂၀၁၇ခုနှစ်** နှစ်ဆန်းပိုင်းမှစတင်ကာ မြို့တွင်းခရီးသွားပြည်သူများ အဆင်ပြေစေရန်နှင့် နိုင်ငံတကာနည်းတူ အဆင့်မြင့်သွားလာနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က ဦးဆောင်ကာ ယခင် မထသ (မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး)မှ YBS (Yagon Bus System) ကို စတင်ပြောင်းလဲလိုက်သည်မှာ နှစ်ဝက်ကျော်လွန်၍ ယခုအခါ ခုနစ်လတာကာလတွင်းသို့ပင် ရောက်ရှိခဲ့ပြီဖြစ်သည်။ ပြောင်းလဲမှုတိုင်းတွင် အနည်းနှင့်အများ စိန်ခေါ်မှုများရှိခဲ့သော်လည်း အချိန်နှင့်အတွေ့အကြုံများက ကုစားပေးသွားသည်က သာဓက တစ်ခုပင်။ ပြောင်းလဲခါစတွင် ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူနှင့် YBS ကြား အခက်အခဲအနည်းငယ်ရှိခဲ့သော်လည်း လတ်တလောတွင် အဆင်ပြေနေပြီဖြစ်သည်။ ဖြည်းဖြည်းချင်း အသားကျကာလိုက်ပါစီးနင်းနေနိုင်သော်လည်း ဆိုခဲ့သည့်အတိုင်း ပြောင်းလဲမှုတွင် တစ်ခုနှင့်တစ်ခု ပင်နယန်များကဲ့သို့ ချိတ်ဆက်ကာ လည်ပတ်နေနိုင်ရန်မှာ လိုအပ်နေသေးသည်။ အကြောင်းမှာ ယနေ့ ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ လိုက်ပါစီးနင်းနေသော YBS နှင့် ဝန်ဆောင်မှုအတွက် အကြွေ ငွေကျပ် ၂၀၀ ၏ စိန်ခေါ်မှုပြဿနာပင်ဖြစ်သည်။

"ကျွန်မက ရုံးဖွင့်ရက်တွေဆိုနေ့စဉ် YBS နဲ့ပဲ လိုက်ပါစီးဖြစ်ပါတယ်။ အမှန်အတိုင်းပြောရရင် ပြောင်းလဲခါစတုန်းက အတော်လေးကိုစိတ်ပျက်ခဲ့တယ်။ အခုတော့ ဖြည်းဖြည်းချင်း လိုက်ပါစီးနင်းရတာအဆင်ပြေလာပါပြီ။ ကားတွေ အများစုကလည်း အသစ်လည်း အသစ်တွေ၊ ပြီးတော့ အများစုက အဲကွန်းတွေနဲ့ စည်းစနစ်ကျလာတယ်လို့ ပြောရမှာပေ့ါ။ လိုက်ပါစီးနင်းရတာ ဣန္ဒြေရပါတယ်။ အရင် မထသတုန်းကလို ယာဉ်နောက်လိုက်တွေနဲ့လည်း စကားပြောစရာမလိုတော့ဘူး။ မှတ်တိုင်တွေမှာလည်း အကြာကြီးခရီးသည်စောင့်ပြီး အချိန်ဖြုန်းတဲ့ကားတွေ မရှိသလောက် ရှားလာပါတယ်။ ဒါပေမယ့် ဝန်ဆောင်မှုအတွက် ပုံးထဲကိုအကြွေ ငွေကျပ် ၂၀၀ ထည့်ရတာကတော့ အခက်အခဲ အနည်းငယ်ကြုံတွေ့နေရတုန်းပါပဲ"ဟု နေ့စဉ် YBS ခရီးသည်ယာဉ်ဖြင့် လိုက်ပါစီးနင်းနေသော အစိုးရဝန်ထမ်းတစ်ဦးဖြစ်သူ မသန်းအေးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အဆင်ပြေစေရန်နှင့် ယာဉ်ကြောကျပ်တည်းမှုကို လျှော့နည်းပပျောက်စေရန်ရည်ရွယ်၍ ပြောင်းလဲခဲ့သော ယခင်မထသ ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ကို ယာဉ်လိုင်းပေါင်း ၆၀ ကျော် အထိ လျှော့ချကာ YBS ယာဉ်လိုင်းများအဖြစ် ဇန်နဝါရီ ၁၆ ရက်တွင် စတင်ပြေးဆွဲခဲ့သည်။ သို့သော် စတင်ပြေးဆွဲစဉ် ကာလတစ်ခုအထိ ခရီးသွားပြည်သူများ ခရီးစဉ်ပြောင်းလဲမှုအပေါ် အခက်အခဲအနည်းငယ်ရှိခဲ့သော်လည်း ယခုအခါ ထူးခြားမှုအခက်အခဲသိပ်မရှိတော့၍လည်း ဝန်ဆောင်မှုကဏ္ဍတွင် အကြွေငွေကျပ် ၂၀၀ မှာ နေ့စဉ်နှင့်အမျှ အခက်အခဲအနည်းငယ်ဖြစ်နေရကြောင်း YBS ယာဉ်မောင်းများနှင့် ခရီးသွားပြည်သူများထံမှ သိရသည်။

" YBS မောင်းတာ လေးငါးခြောက်လလောက်တော့ ရှိပါပြီ။ အမှန်အတိုင်းပြောရရင် အေးချမ်းတယ်လို့ ပြောရမှာပါ။ အရင် ကျွန်တော် ယာဉ်နောက်လိုက်ပါတဲ့ လိုင်းကားမောင်းခဲ့သေးတယ်။ အခုYBS မောင်းတာနဲ့ တော်တော်လေးကွာတယ် ဆိုတာ အချိန်ကြာမှ ပိုပြီးသတိထားမိလာတယ်။ ခရီးသည်တွေနဲ့လည်း ဘာပြဿနာမှ ဖြစ်စရာအကြောင်းမရှိတော့ဘူး။ ပြောရရင် ကျွန်တော် ကားမျိုးစုံမောင်းဖူးပါတယ်။ အခုမှ ကားမောင်းရတာအေးချမ်းတယ်လို့ ပြောရမလို ဖြစ်နေပြီ။ ဘာလို့လဲဆိုတော့ နံနက်ကတည်းက ကျွန်တော်နဲ့ ကားနဲ့ပဲထွက်၊ ညနေလည်း ကျွန်တော်နဲ့ ဒီယာဉ်နဲ့ပဲ ပြန်လာရတာ။ အရင်လိုလည်း ဘယ်သူနဲ့မှ အပြိုင်မောင်းစရာ၊ လုမောင်းစရာမလိုတော့ဘူး။ ဒါပေမယ့် အခက်အခဲတစ်ခုရှိတာက အကြွေ ငွေကျပ် ၂၀၀ ကိစ္စပဲ။ အကြွေမပါလာတဲ့သူက နီးရင်တော့ အခမဲ့စီးခွင့်ပေးလိုက်တာပဲ။ ဝေးတယ်ဆိုရင်တော့ နောက် အကြွေပါလာတဲ့သူတွေကိုစောင့်ပြီး အကူအညီတောင်းခိုင်းရတာတွေတော့ ရှိပါတယ်" ဟု ရတနာနှင်းဆီအိမ်ရာနှင့် အမျိုးသမီးဆေးရုံ ခရီးလမ်းကြောင်း ပြေးဆွဲပေးလျက်ရှိသည့် YBS 80 Aircon Bus မောင်းနှင်သော ကားဆရာ ကိုနိုင်လင်းထွန်းက ပြောသည်။

အချပ်ပို(ဃ)

## မာတိကာ



ယနေ့ မြို့ရန်ကုန် လမ်းမတော်မြို့နယ်
အချပ်ပို(ဂ)

# တစ်ခါက ဆိုက်ကား ယခုတော့ ဆိုင်ကယ် ဘေးတွဲ

**မိုး** က တဖွဲဖွဲ တသဲသဲဖြင့် ရွာသွန်းလျက်ရှိပြီး ရန်ကုန်-ညောင်တုန်း ကားလမ်းပေါ်၌ ယာဉ်များမပြတ် ဖြတ်သန်းသွားလာလျက်ရှိသည်။ ရန်ကုန်မိုးမပြတ်၍ ဈေးရောင်းဈေးဝယ် ပွင့်လင်းရာသီကဲ့သို့ သွက်လက်မှုမရှိသောကြောင့် ဈေးသည်များ ညည်းညူနေချိန်၌ နေပူ၊ မိုးရွာ ဝင်ငွေမှန်ပြီး ဝမ်းရေးအတွက် အဆင်ပြေနေသူတို့တွင် ဆိုက်ကားမှ ဆိုင်ကယ်ဘေးတွဲအဖြစ် မြန်မာတို့၏ စိတ်ကူးစိတ်သန်းဖြင့် ပြောင်းလဲပြုပြင်ထုတ်လုပ်ထားသော ဘေးတွဲဆိုင်ကယ် ကယ်ရီမောင်းသူများလည်း ပါဝင်ပါသည်။

ဆောင်းပါး
သန်းထိုက်(လှိုင်သာယာ)
ဓာတ်ပုံ-သစ္စာ

ရန်ကုန်မြို့တွင်းနှင့် မြို့နယ်အသီးသီးတို့တွင် ဆိုက်ကားများရှိကြသော်လည်း ဆိုင်ကယ်ဘေးတွဲပြေးဆွဲသော မြို့နယ်မှာ နှစ်မြို့နယ်သာရှိသည်။ လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်တို့တွင်ဖြစ်သည်။ လှိုင်သာယာမှစတင်၍ ဆိုက်ကားမှ ဆိုင်ကယ်သို့ ပြုပြင်ပြောင်းလဲကာ ထုတ်လုပ်အောင်မြင်သည့်အတွက် တင်ပါးပူ ကျောပူဖြင့် ဘဝရုန်းကန်နေရသူများ အေးချမ်းသက်သာစွာဖြင့် ဝမ်းစာရှာဖွေနိုင်ပြီဖြစ်သည်။ သွားလာရေးမြန်ဆန်ပြီး ထုတ်လုပ်မှုပေါ်မူတည်၍ စီးနင်းသူ ငြိမ့်ညောင်းမှုနှင့် မာကြောမှုရှိသော်လည်း ဆိုက်ကားထက်ပို၍ သွက်လက်မြန်ဆန်သည့်အပြင် ဈေးနှုန်းလည်း သက်သာသောကြောင့် ဆိုင်ကယ်ဘေးတွဲစီးနင်းမှုများလာသည့်အတွက် ရေရှည်အမြင်ရှိသူတို့က ဆိုက်ကားဖြုတ်ကာ ဆိုင်ကယ်ဘေးတွဲများကို မှာယူလျက် ယခင်ထက် ဝင်ငွေကောင်းသောအလုပ်ကို လုပ်ကိုင်လာကြရာ စီးပွားရေးအဆင်ပြေလာကြသည်ကို တွေ့ရသည်။



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် မြို့နယ်စည်ပင်သာယာမှ လိုင်စင်ဆိုက်ကား ၁၄၁၄၀ ကိုသာ ခွင့်ပြုထားပြီး လိုင်စင်မဲ့ ဆိုက်ကား ငါးထောင်ကျော်ရှိသည့်အတွက် အနေ့းယာဉ်လုပ်သားများနှင့် လိုင်စင်မဲ့ဆိုက်ကားများ မကျေလည်မှုမရှိခဲ့ကြသော်လည်း ဘဝတူများဖြစ်သောကြောင့် တစ်ဦးနှင့် တစ်ဦးနားလည်မှုဖြင့် လိုင်စင်ဂိတ်အဝေးတွင် ပြေးဆွဲကြရာ အဆင်ပြေခဲ့ကြသည်။ နောက်ပိုင်းတွင် ဆိုင်ကယ် ကယ်ရီများ ပြေးဆွဲလာရာ အနေ့းယာဉ်လုပ်သားများ၏ စားဝတ်နေရေးကို ခြိမ်းခြောက်လာသောကြောင့် ဆိုင်ကယ်ကယ်ရီပြေးဆွဲမှု ရပ်တန့်ပေးရန် အနေ့းယာဉ်လုပ်သားများ ဆန္ဒထုတ်ဖော်တောင်းဆိုမှုများရှိခဲ့ပြီး အနေ့းယာဉ်လုပ်သားတို့၏ ဝမ်းရေးထိခိုက်မှုတို့ ရင်ဆိုင်ခဲ့ရသည်။ ဆိုင်ကယ်ကယ်ရီပြေးဆွဲမှု ကျယ်ပြန့်လာသောအခါ အနေ့းယာဉ်လုပ်သားများ ဝမ်းစာရှာဖွေရေးအတွက် အခက်အခဲဖြစ်နေချိန်၊ ဆိုင်ကယ် ကယ်ရီများကို ဆိုက်ကားပေါ်မှ ငေးမောကြည့်နေရချိန်တွင် ၂၀၁၆ ခုနှစ် ဩဂုတ်ဆန်း၌ လှိုင်သာယာမြို့နယ် (၁၂)ရပ်ကွက် ပေါ်ဆန်းမွှေး (၂)လမ်းတွင် နေထိုင်သည့် အသက် ၄၀ ကျော်သာရှိသော ကိုမောင်ဇော်ဆိုသူက ဆိုက်ကားမှ ဆိုင်ကယ်ဘေးတွဲပုံစံ ထုတ်ယူကာ မိမိကိုယ်ပိုင်တီထွင်မှုဖြင့် ဆိုင်ကယ်တွင် ဆိုက်ကားပုံစံဘေးတွဲကို စမ်းသပ်ထုတ်လုပ်အောင်မြင်ခဲ့သောကြောင့် အနေ့းယာဉ်လုပ်သားများ ခေတ်မမီတော့သည့် ဆိုက်ကားနေရာတွင် ဆိုင်ကယ်ဘေးတွဲများ အစားထိုးပြေးဆွဲခြင်းဖြင့် ယခင်လို ပင်ပန်းနွမ်းနယ်မှုမရှိတော့ဘဲ ဆံကေသာမပျက် ချွေးတစ်စက်မထွက်ဘဲ ငွေရှင်လျက်ရှိနေပြီဖြစ်သည်။

ဆိုက်ကားမှ ဆိုင်ကယ်ဘေးတွဲကို တီထွင်ထုတ်လုပ်ခဲ့သော ကိုမောင်ဇော်က ၎င်း၏ စိတ်ကူးစိတ်သန်းအတွေးပုံရိပ်တို့ကို ဤသို့ ပြန်ပြောင်းပြောပြပါသည်။

"ကျွန်တော်အရင်က ဆိုက်ကား၊ ဂါလီတွေလုပ်ပေးခဲ့တာပါ။ စစ်ကားတွေထဲမှာ ဆိုင်ကယ်ဘေးတွဲကို မြင်မိပြီး စိတ်ကူးရခဲ့တာလည်းပါတယ်။ ဆိုက်ကားဆရာကြီးတစ်ဦးက ဆိုက်ကားမနင်းနိုင်တော့ဘူး။ ကုန်ပို့ပေးရတာလည်း များတယ်။ ဆိုင်ကယ်နဲ့ ပစ္စည်းများများတင်လို့ရအောင် အကူအညီတောင်းတာနဲ့ ဆိုင်ကယ်တစ်စီးနဲ့ စပါယ်ယာဘီးတစ်ဘီး လာပေးတာနဲ့ ဆိုင်ကယ်ဘေးတွဲလုပ်ဖြစ်သွားတယ်။ သူ့ကိုကြည့်ပြီး ကျန်တဲ့သူတွေ လာအပ်တာကြောင့် ပိုကောင်းမွန်တဲ့ပုံစံကို တပ်ဆင်ပေးပါတယ်။ ဆိုင်ကယ်ဘေးတွဲပေါ်လာတာ နှစ်နှစ်ကျော်ပြီ။ ဒီမှာတော့မကြာသေးဘူး။ အပ်ထည်ကမပြတ်ဘူး။ တစ်လ ကို လေးစီး ထုတ်လုပ်နိုင်တယ်။တစ်ဦးတည်းလုပ်တာပါ။ ၆/သမ ခုံးတံတားက ကိုတရုတ်ကြီး၊ ရွှေလင်ပန်းက အဘိုးအိုတစ်ဦးတို့ ထုတ်လုပ်တဲ့ ဆိုက်ကားပုံစံနဲ့တူအောင် ရှော့ဘားထည့်ပြီး ထုတ်လုပ်တာ ကျွန်တော်တစ်ဦးပဲရှိတယ်။သံ၊ စတီးနဲ့ လုပ်တယ်။ ဆိုက်ကားအကျယ်အဝန်း၊ အရှည်နဲ့ ခြေတင်တဲ့ပုံစံ အတူတူပဲ။ နှစ်လက်မစီပဲ ဆိုက်ကားဘေးတွဲက ပိုတယ်။သူတို့နိုင်တဲ့ငွေပေါ်မှာ မူတည်ပြီး တစ်သိန်းရှစ်သောင်းကနေ သုံးသိန်းအထိ ဘေးတွဲကို တပ်ဆင်ပေးပါတယ်။ စတီးတတ်နိုင်တဲ့ သူက ပိုပြီးကောင်းတာပေ့ါ။ အခု စက်နဲ့တွဲပြီးဆွဲတဲ့ ဆိုင်ကယ်ဘေးတွဲတွေပေါ်လာလို့ ပင်ပင်ပန်းပန်း ဆိုက်ကားနင်းစားရတဲ့သူတွေ ပေ့ါပေ့ါပါးပါးနဲ့ ကျန်းမာရေးထိခိုက်မှုမရှိဘဲ လုပ်ကိုင်နိုင်နေပါပြီ။ လုပ်ငန်းတိုးချဲ့လိုပေမယ့် အရင်းအနှီး လိုတယ်လေ" ဟု ဆိုသည်။

နေ့စဉ်ခရီးသွားလာမှုများသော လှိုင်သာယာစက်မှုဇုန်တွင် အနေ့းယာဉ်ဆိုက်ကားများနေရာ၌ အစားထိုးဝင်ရောက်လာသော ဆိုင်ကယ်ဘေးတွဲများပြေးဆွဲခြင်းဖြင့် ခရီးသွားလာမှု အဆင်ပြေလျက်ရှိပြီး တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဆိုက်ကားများနေရာတွင် ဆိုင်ကယ်ဘေးတွဲများကို မြန်မာပြည်တွင် တွင်တွယ်ကျယ်ကျယ် အစားထိုးထုတ်လုပ်ပြေးဆွဲနိုင်ပါက အနေ့းယာဉ်လုပ်သားတို့၏ ဝင်ငွေနှင့် ဘဝနေထိုင်မှုပုံစံများလည်း ပြောင်းလဲလာနိုင်ပါသည်။

"ဆိုင်ကယ်ဘေးတွဲလာအပ်ရင် ဆိုင်ကယ်ကို ယူလာပြရတယ်။ ဒါမှ ဆိုင်ကယ်နဲ့ လိုက်ဖက်ညီတဲ့ ဆိုင်ကယ်ဘေးတွဲကို ထုတ်လုပ်ပုံဖော်ရမယ်ဆိုတာ သိမယ်လေ။ ရိုးရိုးဘော်ဒီပဲဆိုရင် ကျပ် နှစ်သိန်း၊ ရှော့ဘားပါတယ်ဆိုရင် ကျပ် နှစ်သိန်းရှစ်သောင်း၊ သုံးသိန်းရှိတယ်။ ထုတ်လုပ်ပေးတဲ့နေရာက ၆/သမ၊ အထက (၂)ကျောင်းနား၊ ရွှေလင်ပန်းစက်မှုဇုန်နဲ့ တွင်ခုံလုပ်တဲ့နေရာတွေမှာ မှာပြီးလုပ်လို့ရပါတယ်။ မြင်းကောင်ရေ ၁၁၀ ဆိုင်ကယ်ဖြစ်စေ၊ မြင်းကောင်ရေ ၁၂၀ ရှိတဲ့ ဆိုင်ကယ်ဖြစ်စေ ကြိုက်တာနဲ့တွဲလို့ရတယ်။ ကိုယ်တတ်နိုင်တဲ့ပေါ်မူတည်ပြီး ဆိုင်ကယ်ဘေးတွဲကို လုပ်ကြတာများတယ်။ ငွေကျပ် သုံးသိန်းကနေ ငါးသိန်းကျော်အထိ ဆိုင်ကယ်နဲ့ဘေးတွဲကို တွဲကြတယ်ဆိုတော့ အားလုံးအပြီးအစီး တစ်စီးရဲ့တန်ဖိုးဟာ ငွေကျပ် ငါးသိန်းကျော်နဲ့ ရှစ်သိန်းကျော်ကြားမှာ ရှိပါတယ်။ အရင်ဒီဂိတ်က အနေ့းယာဉ်လိုင်စင်ဂိတ်ပါ။ ဆိုင်ကယ်ကယ်ရီတွေဂိတ်နားမှာ ပြေးဆွဲကြတော့ ဈေးဦးမပေါက်တဲ့နေ့တောင်ရှိတယ်။ အခုအဆင်ပြေတယ်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှာ ဂိတ်သားတွေအားလုံး တိုင်ပင်ပြီး ဆိုက်ကားတွေရောင်းပြီး ဆိုင်ကယ်ဘေးတွဲကို ပြောင်းလဲပြေးဆွဲခဲ့ကြတာပါ။ လိုင်စင်က ဆိုက်ကားပဲရှိတယ်။ ဒီဘေးတွဲဆိုင်ကယ်တွေမှာ လိုင်စင်မရှိသေးဘူး။ ရန်ကုန်တိုင်းဒေသကြီးမှာ ယာဉ်ကြာပိတ်ဆို့မှုရှိတဲ့အတွက် ဘေးတွဲဆိုင်ကယ်တွေကို လိုင်စင်ထုတ်ပေးပြီး ထိန်းသိမ်းကြပ်မတ်ပေးမယ်ဆိုရင် အားလုံးအဆင်ပြေနိုင်ပါတယ်" ဟု လှိုင်သာယာမီးခွက် ဈေးလမ်းမကြီး သစ္စာရိပ်ဂိတ်တွင် ဂိတ်ထိုးပြေးဆွဲနေသော ကိုသန်းဝင်းက ပြောသည်။

ခရီးသည်ကြိုက်နှစ်သက်သည့်အပြင် ခေါက်ရေမြန်စွာ ပြေးဆွဲနိုင်၍ ယခင်ထက်များစွာ ဝင်ငွေကောင်းမွန်ကြောင်း၊ မီးခွက်ဈေးအောက်ထိပ်မှ ဒဂုံ-ရောအဝေးပြေးဝင်းသို့ ဆိုက်ကားဖြင့် ငွေကျပ် ၂၅၀၀ ဖြင့် ပြေးဆွဲပြီးဆိုင်ကယ်ဘေးတွဲဖြင့် ငွေကျပ် ၁၅၀၀ သာယူသည့်အတွက် နှစ်ဦးနှစ်ဖက်အဆင်ပြေကြောင်း၊ တစ်နေကုန်ဆိုက်ကားပြေးဆွဲပါက ငွေကျပ် ၅၀၀၀ သာရရှိပြီး ဆိုင်ကယ်ဘေးတွဲဖြင့် ငွေကျပ် တစ်သောင်း အနည်းဆုံးရရှိ၍ သားသမီး၊ ကျောင်းသားမရှိသူများ လစဉ်ဘဏ်တွင် ငွေစုနိုင်ကြောင်း၊ ယခုလို ပေ့ါပါးသွက်လက်ဝင်ငွေမှန်သော လုပ်ငန်းမို့ ကျေနပ်အားရမှုရှိကြောင်း၊ ဆိုင်ကယ်ဘေးတွဲကို ယခုထက်ပို၍ ကောင်းမွန်သော နည်းပညာဖြင့် စက်မှု(၁)မှ ထုတ်လုပ်သည့် ပုံစံဖြင့် လူလိုင်စင်၊ ယာဉ်လိုင်စင်ထုတ်လုပ်ပေးနိုင်ပါက ဝမ်းရေးအတွက်အနေ့းယာဉ် လုပ်သားများဘဝ တစ်မျိုးတစ်ဖုံ ပြောင်းလဲနိုင်ကြောင်း ဗိုလ်အောင်ကျော်လမ်းပေါ်တွင် ဆိုင်ကယ်ဘေးတွဲပြေးဆွဲနေသော ကိုဇော်မင်းက ပြောသည်။

အချပ်ပို(၈)



**ဆိုက်ကားများနေရာ၌ အစားထိုးဝင်ရောက်လာသော ဆိုင်ကယ်ဘေးတွဲများပြေးဆွဲခြင်းဖြင့် ခရီးသွားလာမှု အဆင်ပြေလျက်ရှိပြီး တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဆိုက်ကားများနေရာတွင် ဆိုင်ကယ်ဘေးတွဲများကို မြန်မာပြည်တွင် တွင်တွင်ကျယ်ကျယ် အစားထိုးထုတ်လုပ်ပြေးဆွဲနိုင်ပါက အနေ့းယာဉ်လုပ်သားတို့၏ ဝင်ငွေနှင့် ဘဝနေထိုင်မှုပုံစံများလည်း ပြောင်းလဲလာနိုင်**

# ယနေ့ မြို့ရန်ကုန် လမ်းမတော်မြို့နယ်

■ ကျော်မြင့်သန်း(လမ်းမတော်)

**ရန်ကုန်မြို့ လမ်းမတော်မြို့နယ်က ကုန်းဘောင်မင်းဆက်ကပင် တည်ရှိသော မြို့နယ်ဖြစ်သည်။ အနောက်ပိုင်းခရိုင် ၁၃ မြို့နယ်အတွင်းက မြို့နယ်ဖြစ်သည်။ မြို့နယ်အတွင်း ရပ်ကွက် ၁၂ ရပ်ကွက်မျှရှိ၍ အကျယ်အဝန်းက ၀ ဒသမ ၅၄၃ စတုရန်းမိုင်မျှ ကျယ်ဝန်းသည်။**

လမ်းမတော်၏အရှေ့ဘက်က လသာမြို့နယ်ကို လမ်းမတော်လမ်းဖြင့် ခြားနားထား၏။ လွန်စွာစည်ကားသော သံဈေးက လသာဘက်ခြမ်းတွင် ရှိသော်လည်း လမ်းမတော်လမ်း တစ်လျှောက် ဈေးရောင်းဝယ်မှု လွန်စွာစည်ကားလှ၏။ လမ်းမတော်မြို့နယ်ဘက်က အိမ်ဆိုင်များဖြစ်သည်။

ဈေးပိတ်ရက်မှအပ ညောင်ပင်လေးဈေးကြီးကား လူအများဝင်ထွက်မှုအများဆုံး ဈေးစည်ကားမှု ကောင်းလှ၏။ ရွှေစင်ရွှေဆိုင်နှင့် ရွှေဆိုင်များလည်း ၁၅ လမ်း၊ လမ်းမတော်များတွင်လည်း ဝယ်ကြသူများ၏။ အမှတ်(၇) ရပ်ကွက် ရွှေတောင်တန်းအထိ ဘဏ်၊ ဈေးဆိုင်၊ ခေါက်ဆွဲ၊ ကြေးအိုးဆိုင်များ ရောင်းချမှုကား လမ်းမတော်မြို့နယ်ဈေးကွက်က နှစ်များစွာ ကြာမြင့်လှပေသည်။

အမှတ်(၇) ရပ်ကွက် မျက်နှာချင်းဆိုင် ရွှေတောင်တန်းမှ ဘုန်းကြီးလမ်းအထိ အမှတ်(၆) ရပ်ကွက်ကြီးဖြစ်ပြီး လူဦးရေများလှ၏။ BBMA ဗုဒ္ဓဘာသာအသင်းအဖွဲ့ ၁၄ လမ်းထိပ်ဘေးတိုက်က ယခင်က လမ်းမတော်ဖိုးတုတ်နေထိုင်ရာဖြစ်၍ စစ်ကြိုခေတ်က လွန်စွာကျော်ကြားသောသူဖြစ်ပြီး အရှေ့ပိုင်းလူမိုက် ဖိုးတုတ်ကြီး၊ ပုဏ္ဏားဘကွန်း၊ ဗိုလ်တထောင်လူမိုက်ကြီး မရှိုးဒီးခန့်၊ ငမိုးတို့နှင့် ခေတ်ပြိုင်ရာဇဝင်ရှိခဲ့ဖူး၏။ (၁၉၁) မြေညီကျုံးကြီးလမ်း ယခုအခါ တိုက်သစ်ဆောက်ထားသည်။ သို့သော် မျိုးဆက်အနွယ်မကြားမိပေ။

သရက်တောကျောင်းတိုက်ဝင်းက ကျယ်ဝန်းလှ၏။ ဘုန်းတော်ကြီးကျောင်း ၆၆ ကျောင်းမျှရှိပြီး သရက်တောတိုက်၊ ဗိုလ်ချုပ်လမ်းအရှေ့ဘက်တွင် အထွေထွေရောဂါကုဆေးရုံကြီးနှင့် တစ်ဆက်တည်း ဆေးတက္ကသိုလ်(၁)လည်းရှိသည်။ မော်တင်ဈေးကဲ့သို့ စိန်ဂျွန်းဈေးနေရာ ဈေးသစ်ကြီး ခံ့ညားစွာ ပေါ်ထွက်လာသော နေရာသည် (၁၂) ရပ်ကွက်ဖြစ်၍ ရန်ကုန်မြို့မြို့ပတ်ရထားလမ်းကပ်လျက်ရှိသည်။

လမ်းမတော်မြို့နယ်က ရှေးယခင်က အငြိမ့်၊ မာဃစင်တော်တေးသီချင်း အဆိုတော်များနှင့် ဇောက်ထိုးမိုးမျှော် စင်တင်ဟာသစင်များ၊ ယခင်မော်တင်ဈေး၊ ရှေ့က ကြုံလေဘုံကွေ့ဟာသစင်များ ရုပ်သေးများဖြင့် တန်ဆောင်တိုင်ပွဲတော်များဖြင့် (၅) ရပ်ကွက်၊ (၃)ရပ်ကွက်များတွင် နှစ်စဉ်စည်ကားလှသော မြို့နယ်ပင်ဖြစ်သည်။ တန်ခူးသင်္ကြန်လတွင် အနန္တစွမ်းအားရှင်၊ တောက်တီးတောက်တဲ့၊ ဆ ဆရာကြီး၊ ငဘ၊ အလှအက သံချပ်များဖြင့် ရန်ကုန်တစ်ခွင် လှည့်လည်ဖျော်ဖြေသော မြို့နယ်ဖြစ်သော်လည်း ယခုအခါ ဂျွန်းရှင်းမော်တင် ကွန်ဒိုဈေးကွက်ကြီးဖြင့် မော်တင်လမ်း၊ လှည်းတန်း ၁၁ လမ်း၊ ၁၂ လမ်း (၅)ရပ်ကွက်များ၏ နောက်ဘက်လမ်းကြား စီမံချက်ကို ယခင်ခေတ် မြို့တော်ဝန် ဦးကိုလေး ခေတ်တွင် ရပ်ကွက်သူရပ်ကွက်သားများ ညီညွတ်မှုဖြင့် အမှတ် (၅)ရပ်ကွက်ကစ၍ ထုထည်ကြီးမားသော ကွန်ကရစ်များခင်း၍ ပြီးစီးသည်အထိ ဆောင်ရွက်မှုကြောင့် သွေးလွန်တုပ်ကွေးကင်းစင်၍ အမှိုက်ကင်းရှင်းသော ပထမဆုံးမြို့နယ်လည်း ဖြစ်ခဲ့ဖူးပေသည်။

**လမ်းသစ်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ကားလမ်းကူး တံတားကြီးကလည်း လမ်းမတော်မြို့နယ်၏ ထူးခြားစွာ မော်တင်ထိပ် (၉)လမ်းထိပ်တွင် ခံ့ညားလှ၏။ သွားသူ များလှ၏။ ကမ်းနားလမ်းဈေးလည်းရှိ၏။**

၁၅ လမ်းကြား ဂမုန်းပင်သစ်ပင်များဖြင့် အေးချမ်းလှသော ဦးကြည်-ဒေါ်ညွှန့်လက်ဖက်ရည်ဆိုင်က အမှတ်တရရှိလှ၏။ ထိုခေတ်က နောက်ဖေးလမ်းကြား ဓာတ်ပုံပြိုင်ပွဲလည်း ကျင်းပခဲ့ဖူးပါသည်။ ယင်းနောက်ဖေးလမ်းကြား လက်ဖက်ရည်သောက်၍ ရပ်ရေးရွာရေးဆွေးနွေးကြသည့်ပုံ အထူးဆုရသည့် ဓာတ်ပုံကား စည်ပင်ရုံးတွင် ရှိဟန်တူပေသည်။ (၆)ရပ်ကွက် လမ်းကြားဖြင့် ဆုရခဲ့သည်။

ဘုန်းကြီးလမ်းက ယခင်က ဘုရားငုတ်တိုလမ်း၊ ဒေါ်မိုးဘုရားရှိခဲ့သော်လည်း ၁၈၇၄ ခုနှစ် ဘုန်းကြီးလမ်း၊ ဗိုလ်ချုပ်လမ်းထိပ်က ပြည်မြို့အထိရောက်သော ပထမဦးဆုံးအဝေးပြေးကားလမ်း (High Way)တောင်ကုန်းတောင်စွယ်များ ဖြတ်ဖောက်ခဲ့သော အဝေးပြေးကားလမ်းက သမိုင်းတစ်ခုသာဖြစ်ပေသည်။ စံပြရုပ်ရှင်ရုံပင်လျှင် နှစ်များစွာ ကြာခဲ့ပေသည်။

ယခုခေတ်တွင် ဗိုလ်ချုပ်လမ်းထိပ်က ဘုန်းကြီးလမ်းတစ်လျှောက် ရန်ကုန်မြစ်ဖြတ်၍ ဒလ၊ ရန်ကုန်တံတားထိုးရန် မြေစမ်းသပ်နေကြောင်း ကြားသိရသည်။

လမ်းသစ်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ကားလမ်းကူးတံတားကြီးကလည်း လမ်းမတော်မြို့နယ်၏ ထူးခြားစွာ မော်တင်ထိပ် (၉)လမ်းထိပ်တွင် ခံ့ညားလှ၏။ သွားသူများလှ၏။ ကမ်းနားလမ်းဈေးလည်းရှိ၏။

ဈေး၊ ကျောင်းများလည်း ရှိပါဘိ။ အထက(၂) လှည်းတန်းနှင့် အထက(၁) လမ်းမတော်က အမှတ်(၈)ရပ်ကွက် မင်းရဲကျော်စွာလမ်းတွင်ရှိ၍ ဝါးတန်းလမ်းများတွင် ဘဏ်များ၊ စားသောက်ဆိုင်များဖြင့် စည်ကားလှ၏။ ယခင် ဗဟိုစည်ရပ်ကွက် (သို့မဟုတ်) ကပ္ပလီကွက်သစ် အမည်နှစ်မျိုးဖြင့် ထင်ရှားခဲ့သော်လည်း ဗဟိုစည်ဆေးရုံကြီးကား ယခုအခါ ပို၍ထင်ရှားလှ၏။

ပြောင်းလဲလာသော မြို့ပြဝန်းကျင်နှင့်အတူ YBS ကားလိုင်းများဖြင့် တစ်မျိုး၊ သူနာပြုတက္ကသိုလ်ကြီး ပန်းတင့်မှုဖြင့် ယနေ့ လမ်းမတော်မြို့နယ်က ထင်ရှားလှပေသည်။

အထက(၂) မြမာလာကျောင်းကြီးဝန်းကျင်က ပန်းမာလာသစ်ပင်များဖြင့် မြင်သူတိုင်း အေးမြလှ၏။ ယခင်က သာကီဝန်း ဇာတ်ရုံကား ကျောင်းခန်းမအဖြစ် ခံ့ညားစွာတည်ဆောက်မှုကား ယနေ့ ပြောင်းလဲသောမြင်ကွင်းပင်ဖြစ်ပေသည်။

စည်းကမ်းရှိရန်သာ လိုအပ်နေပေသည်။ အမှိုက်များ စည်းကမ်းတကျ သိမ်းသူကသိမ်း၍ စွန့်ပစ်သူက စည်းကမ်းတကျ စွန့်ပစ်လေလျှင် ယနေ့ ရန်ကုန်မြို့ကြီးမှာ ရောဂါကင်း၍ စည်းကမ်းရှိသော ခေတ်မီမြို့ကြီးဖြစ်ပါလေမည်ဟု နှိုးဆော်လိုက်ရပါကြောင်း......။ ။



**အချပ်ပို(ခ)မှ**

ယခင်ကလိုင်စင်ဆိုက်ကား ငွေကျပ် ခုနစ်သိန်း ရှစ်သိန်းဈေးရှိသော်လည်း ယခုအခါ ငွေကျပ် နှစ်သိန်းကျော်သာဈေးရှိပြီး ဆိုင်ကယ်နှင့် ဆိုင်ကယ်ဘေးတွဲများ ပေါများလာသည့်အတွက် အဓိကလမ်းမကြီးပေါ်တွင် ဆိုက်ကားပြေးဆွဲမှုနည်း၍ လမ်းသွယ်များကြားတွင်သာ ပြေးဆွဲမှုများလာခြင်းဖြစ်သည်။ အဝေးပြေးဝင်းထိပ်မှ ဆိုင်ကယ်ဘေးတွဲများပြေးဆွဲသည့်အတွက် နှစ်ဘီးဖြင့်သွားသော ဆိုင်ကယ်မစီးရဲသည့် ခရီးသွားပြည်သူများလည်း အဆင်ပြေလျက်ရှိသည်။ ဆိုင်ကယ်ဘေးတွဲများ နယ်မြေကန့်သတ်ထားရှိပြေးဆွဲခြင်းကို ပို၍လိုလားလျက်ရှိပြီး ငွေတိုးဖြင့်ဖြစ်စေ၊ ပေါင်နှံရောင်းချ၍ဖြစ်စေ ဆိုင်ကယ်ဘေးတွဲ တစ်စီးပိုင်ဆိုင်နိုင်ရန် ငွေကျပ် ငါးသိန်းကျော်မှ ငွေကျပ် ရှစ်သိန်းကျော် အကုန်အကျခံရသောကြောင့် ဖမ်းဆီးခံရမည်ကို စိုးရိမ်နေကြခြင်းဖြစ်သည်။

ဆိုင်ကယ်ဘေးတွဲများ ပို၍ပြုလုပ်ပြေးဆွဲလာခြင်း၏ နောက်အကြောင်းရင်းတစ်ချက်မှာ ဆိုင်ကယ်ကယ်ရီဆွဲရာ၌ လုယက်မှုခံရသော်လည်း ဆိုင်ကယ်ဘေးတွဲကို လုယက်သူမရှိခြင်း၊ ဝင်ငွေပိုရခြင်းတို့ကြောင့် ဆိုင်ကယ်ဘေးတွဲပြေးဆွဲမှုကို ပို၍စိတ်ဝင်စားလာကြခြင်းဖြစ်သည်။

"ဆိုင်ကယ်ကCZI ငွေကျပ် လေးသိန်းခြောက်သောင်းပေးရတယ်။ ဘေးတွဲက ငွေကျပ် နှစ်သိန်းရှစ်သောင်းကျတယ်။ အတိုးနဲ့ချေးရတာဆိုတော့ တစ်လ ငွေကျပ် တစ်သောင်း နှစ်ထောင်ပြန်သွင်းရတယ်။ ကျေတော့မှာပါ။ဆိုက်ကားထက် အများကြီးအဆင်ပြေတယ်။ မိသားစုခြောက်ဦးမှာ ကျွန်တော်တစ်ဦးတည်းရဲ့ဝင်ငွေနဲ့ ထိန်းထားတာပါ။ ဆိုက်ကားဈေးနှုန်းထက်နည်းလို့ စီးတဲ့သူလည်း အဆင်ပြေပါတယ်။ အနေ့ယာဉ်လုပ်သားတွေရဲ့ဘဝ အားလုံးပြောင်းလဲသင့်ပါပြီ"ဟု ရွှေလင်ပန်းစက်မှုဇုန်မူကြိုဂိတ်တွင် ပြေးဆွဲနေသော ဦးတင်ချိုက ပြောသည်။

ရန်ကုန်မိုးမှာ ဖွဲလိုက်သည်းလိုက်ဖြင့် ဇူလိုင်လ၏ အနှစ်သာရကို ဖော်ဆောင်လျက်ရှိသည်။ အေးစိမ့်စိမ့်မိုးကောင်းကင်အောက်၌ ဆိုင်ကယ်နှင့် ဆိုက်ကားများ ငြိမ်သက်လျက်ရှိသော်လည်း ဆိုင်ကယ်ဘေးတွဲများမှာ တစ်စီးပြီးတစ်စီး ခရီးသည်များကို ပို့ဆောင်ပေးလျက်ရှိသည်။ တိုးတက်ပြောင်းလဲလာမှုမရှိသော အနေ့ယာဉ်လုပ်သားများဘဝ၊ ပင်ပန်းဆင်းရဲစွာ ဝမ်းစာရှာဖွေရသော ဆိုက်ကားနင်းရခြင်းမှ ယနေ့တွင် အေးချမ်းသက်သာစွာ ဝင်ငွေကောင်းကောင်းဖြင့် ပြေးဆွဲနိုင်သော ဆိုင်ကယ် ဘေးတွဲများ ပိုင်ဆိုင်ခြင်းသို့ ပြောင်းလဲတိုးတက်လာခြင်းသည် အနေ့ယာဉ်လုပ်သားတို့၏ လူနေမှုဘဝ ပြောင်းလဲဦးမော့လာမှု၏ တောက်ပသော အလင်းရောင်တန်းများပင်ဖြစ်ပါကြောင်း.....။ ။

# ညအိပ်ခွန်၊ ယာဉ်ရပ်နားခွင့်ပြဿနာများနှင့် ရှုတ်ရှုတ်သဲသဲရန်ကုန်ကားဈေးကွက်

**ယခုအခါ မြို့နယ်အသီးသီးတွင် မော်တော်ယာဉ် ပါကင်ရပ်နားခွင့်၊ 9I အောက် ကားများ ညအိပ်ခွန်၊ ဘီးခွန်နှင့် ယာဉ်ရပ်နားခ ပေး ဆောင်ခြင်းများကို စိစစ်ရန်အတွက် ညွှန်ကြားထားသည် ကိုတွေ့ရပြီး ဒဏ်ကြေးမှာ ဒဏ်ငွေကျပ် တစ်သောင်းမှ ငါးသိန်းအထိ ဒဏ်ရိုက်နိုင်သည်ဟု စည်ပင်သာယာ ဥပဒေတွင် ပြဋ္ဌာန်းထား**

● မင်းသော်

ရက်သတ္တပတ်အတွင်း ရန်ကုန်ကားလောကတွင် အကျယ် လောင်ဆုံးကြားရသည်မှာ ကားပါကင်ကိစ္စပင် ဖြစ်သည်။ လူဦးရေအပြင် ပျားကောင်များကဲ့သို့ များပြားလှသည့် မော်တော်ကားများကြောင့် ရန်ကုန်တွင် မော်တော်ကားများ လျှော့ချရန် ရည်ရွယ်ချက်ရှိပုံရသည့် မူဝါဒများသည် စမ်းသပ်ဆဲ၊ အရှိန်ယူနေဆဲပင်။ သို့သော် စီးပွားရေးသမားများက စီးပွားဆန်စွာ ရသည့်ဘက်မှ အခွင့်အရေးယူစမြဲပင်။ လက်ရှိတွင်လာမည့်နှစ်အတွင်း ဘယ်မောင်းများသာ တင်သွင်းခွင့်မှာ ရာခိုင်နှုန်း ၉၀ နီးပါး သေချာနေပြီဟု ဈေးကွက်အတွင်းမှ ကြားသိနေရပြီး ယင်းအတွက် စလစ်ဈေးကစားသူများသည် ရသည့် နည်းဖြင့် ရသလောက် အမြတ်ကျန်ရန် ကြိုးပမ်းကြသည်။ ယခုလည်း ရန်ကုန်လိုင်စင်ဖြင့် တင်သွင်းသည့် ဖရီးပါမစ်ကားများကို ကားပါကင်ထောက်ခံချက်ပေးထားပြီး တင်ပြသည့်လိပ်စာနှင့် ထားရှိသည့်နေရာ ကွဲလွဲမှုမရှိစေရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဆောင်ရွက်မှုသည် ကားဈေးကွက်လက်ဝါးကြီးအုပ်သူများ၏ နယ်လိုင်စင်၊ ရန်ကုန်လိုင်စင် ဈေးကွက်ကစားမှုအတွက် နေရာပေးလိုက်သကဲ့သို့ပင် နယ်လိုင်စင်ကားများ ဈေးကွက်လှုပ်ခတ်လာရသည်။

ပြီးခဲ့သည့် လေးရက်မှစတင်ကာ ရန်ကုန်လိုင်စင်ဖြင့်တင်သွင်းသည့် ဖရီးပါမစ်မော်တော်ကားများကို ကားပါကင်ထောက်ခံချက်များ လိုက်လံစစ်ဆေးနေပြီး ပါမစ်တွင်ပါရှိသည့် လိပ်စာနှင့် ရပ်နားသည့်နေရာမတူညီသည့် ကားများကို အရေးယူခဲ့ခြင်းကြောင့် ကားပိုင်ရှင်များ မျက်ခုံးလှုပ်ခဲ့ရသည်။ ကား ပါကင်မှာ 9I/1000 ကျော်ကားများကို စတင်တောင်းယူထားသည့်အတွက် ယင်းကားပိုင်ရှင်များ အခက်အခဲ ကြုံနေကြခြင်းဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ 9I နောက်ပိုင်းကားများကို ညအိပ်ခွန် မကောက်ခံတော့ဘဲ ခွင့်ပြုရန်တောင်းခံထားသည့် နေရာတွင်သာ ရပ်နားခိုင်းပြီး နယ်ကားများသည်လည်း မောင်းနှင် နိုင်သော်လည်း ညအိပ်ပါက အရေးယူခံရမည်ဖြစ်သည်။

ယင်းအစီအစဉ်သည် နိုင်ငံတော်အတွက် အမှန်တကယ်သင့်လျော်သည့် အစီအစဉ်တစ်ခုဖြစ်ပြီး နိုင်ငံတိုင်းတွင်လည်း ကားရပ်နားစရာနေရာရှိသူများကိုသာ ရောင်းချပေးခြင်းဖြင့်ယာဉ်ကြောပိတ်ဆို့မှုကို ထိုက်သင့်သလောက် ကာကွယ်ပေးထားသည်။ သို့သော် မိမိတို့နိုင်ငံတွင်မူ တင်သွင်းသူအားလုံးမှာ ကိုယ်တိုင်စီးနင်းရန်ထက် ပြန်လည်ရောင်းချရန် အသားပေး လျက်ရှိခြင်းကြောင့် မူလလျှောက်ထားသည့် ကားပါကင်နေရာတွင် မော်တော်ကား ရပ်နားရမည်ဆိုသည်မှာ ခက်ခဲသည့် ကိစ္စတစ်ရပ်၊ ပြဿနာတစ်ရပ်ဖြစ်လာသည်ကို မြင်တွေ့ရသည်။

ယခုအခါ မြို့နယ်အသီးသီးတွင် မော်တော်ယာဉ် ပါကင်ရပ်နားခွင့်၊ 9I အောက်ကားများ ညအိပ်ခွန်၊ ဘီးခွန်နှင့် ယာဉ်ရပ်နားခ ပေး ဆောင်ခြင်းများကို စိစစ်ရန်အတွက် ညွှန်ကြားထားသည်ကိုတွေ့ရပြီး ဒဏ်ကြေးမှာ ဒဏ်ငွေကျပ် တစ်သောင်းမှ ငါးသိန်းအထိ ဒဏ်ရိုက်နိုင်သည်ဟု စည်ပင်သာယာဥပဒေတွင် ပြဋ္ဌာန်းထားသည်။ သို့သော် ယာဉ်ပိုင်ရှင်များအကြားတွင်မူ မိပါက ဒဏ်ကြေးငွေကျပ် တစ်သိန်း ရိုက်မည်ဟူ၍ အသံများကိုလည်း ကြားရသည်။

ထို့ပြင် ယခုအပတ်အတွင်း ကားလောကအတွင်း လုပ်ငန်းသုံးကားများ အပေါ်ကောက်ယူသည့် အခွန်မှာလည်း ၃ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန် လွှတ်တော်တွင် သဘောတူညီခဲ့ခြင်းမှာ ကားလောက ထရပ်ကားဈေးကွက်များကို လှုပ်ခတ်စေခဲ့သည်။ စလစ်ဈေးမှာမူ ငွေကျပ် ၁၁၃ သိန်းတွင် တည်ငြိမ်နေသည်မှာ ရက်သတ္တပတ် သုံးပတ်ရှိနေပြီး လကုန်အထိ ဈေးငြိမ်နိုင်မည်ဟု ခန့်မှန်းရသည်။ ပုံမှန်အားဖြင့် ၁၃၀၀ စီစီ အင်ဂျင်ပါဝါရှိကားများ အရောင်းသွက်နေသည့် ရန်ကုန်ဈေးကွက်တွင် ငွေကျပ် သိန်း ၁၃၀ မှ ၂၅၀ အကြား အင်ဂျင်ပါဝါနိမ့် ရန်ကုန်လိုင်စင် ကားသေးများ အမေးများလာပြီး နယ်ကားများရောင်းလိုသည့် ပိုင်ရှင်အများစုကိုလည်း တွေ့ရသည်။ မူဝါဒများကြောင့် အရောင်းအဝယ်မှာမူ အတက်ဈေးတွင် ရပ်တန့်နေပြီး ဩဂုတ် ၁၄ ရက် နေပြည်တော်တွင် လိုင်စင်မဲ့ကားများ ဖမ်းဆီးသည့်သတင်းကြောင့်လည်း ရန်ကုန်ကားဈေးကွက် အရောင်းအဝယ်ကို အနည်းနှင့်အများ ထိခိုက်နိုင်ကြောင်း ကားလောကကျွမ်းကျင်သူများက ခန့်မှန်းကြသည်။




**တစ်ပတ်အတွင်းအရောင်းအဝယ်ဖြစ်ခဲ့သည့် ကားဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| suzuki carry track | 2011 | နယ် | 660cc | အပြင်ဈေး | ၁၀၀ |
| Toyota MarkX | 2006 | ရန်ကုန် | 3000cc | Showroom | ၃၇၀ |
| Probox | 2012 | နယ် | 1300cc | အပြင်ဈေး | ၁၇၅ |
| Honda CR-V | 2012 | ရန်ကုန် | 2000cc | အပြင်ဈေး | ၅၉၀ |
| Civic | 2011 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၃၀ |
| Suzuki Swift | 2012 | မန္တလေး | 1300cc | အပြင်ဈေး | ၁၇၀ |
| Honda Insight | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၄၀ |
| Honda Fit | 2013 | မန္တလေး | 1200cc | နယ်ဈေး | ၂၄၃ |
| Nissan ADvan | 2011 | မန္တလေး | 1500cc | အပြင်ဈေး | ၁၆၀ |
| Hondafit GP1 | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၅၈ |

အချပ်ပို(က)မှ

ယခုအခါ ရန်ကုန်မြို့တွင်း ပြေးဆွဲပေးလျက်ရှိသည့် YBS Aircon Bus မောင်းနှင်သော ဝန်ထမ်းများသည် ယခင် မထသ ယာဉ်မောင်းဝန်ထမ်းများကဲ့သို့ ခေါက်ရေပြတ်/ ရာခိုင်နှုန်းဖြင့် မောင်းနှင်ခြင်းမျိုးမဟုတ်ဘဲ လပြတ်ဝန်ထမ်းများအဖြစ် မောင်းနှင်ခြင်းတို့ကြောင့် ပြိုင်မောင်း၊ လုမောင်းများ မရှိသလောက် နည်းပါးသွားခဲ့သည်။ သို့သော် ပုထုဇဉ်လောကသားများပီပီ တချို့ယာဉ်မောင်းစုန်းပြူးများ ကျန်ရှိနေသေးသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ YBS ယာဉ်လိုင်းကုမ္ပဏီအများစုက ယာဉ်မောင်းဝန်ထမ်းများအား အခြေခံလစာအားဖြင့် ငွေကျပ် သုံးသိန်းနှင့် ထမင်းစရိတ်တစ်နေ့ နှစ်ထောင်အပြင် ခေါက်ရေပေါ်မူတည်၍ တစ်ခေါက်ကိုလည်း ငွေကျပ် နှစ်ထောင်/ သုံးထောင်စသည်ဖြင့် ဝန်ဆောင်မှုအပြည့် ပေးထားခြင်းကြောင့် ယခင် မထသယာဉ်မောင်းဝန်ထမ်းများနှင့် ဘက်ပေါင်းစုံမှ ကွာဟမှုများရှိနေသည်က အမှန်တကယ်ပင် ပြောင်းလဲမှု အသွင်ဆောင်ခဲ့သည်မှာ ထိရောက်ခဲ့သည်ဟု ပြောရမည် ဖြစ်သည်။

"အခုပြည်သူတွေကြားမှာ ဝန်ဆောင်မှုအတွက် အကြွေငွေကျပ် ၂၀၀ အခက်အခဲ အနည်းငယ်ဖြစ်နေတယ်ဆိုတာ ကျွန်တော်တို့လည်း ကြားပါတယ်။ ခရီးသည်တိုင်းကလည်း အရင်လိုထင်ပြီး အကြွေဆောင်ထားတဲ့ အလေ့အကျင့်က သိပ်မရှိခဲ့တော့ အခုငွေပုံးတွေ ပြောင်းလဲမှုအပိုင်းမှာ အများစုက အခက်အခဲ အနည်းငယ် ကြုံတွေ့နေရတာပေ့ါ။ အဲဒါကို ဖြေရှင်းဖို့ ကျွန်တော်တို့ ကတ်စနစ်ကို သွားမှာပါ။ မကြာခင်မှာပဲ ကတ်စနစ်သွားဖို့ကို တင်ဒါခေါ်ယူတော့မှာ ဖြစ်ပါတယ်။ ကတ်စနစ်ကို ပြောင်းလဲတယ်ဆိုရင်လည်း နိုင်ငံတကာလိုပဲ အဆင့်မြင့်တဲ့ ပုံစံမျိုးဖြစ်အောင် လုပ်ဆောင်ပေးသွားမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ ဒေါက်တာမောင်အောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က ကြီးကြပ်အကောင်အထည်ဖော်သည့် YBS သည် ယခုနှစ်စပိုင်း စတင်ပြေးဆွဲစဉ်ကာလတွင် ယာဉ်လိုင်းပေါင်း ၆၀ ကျော်ဖြင့် စတင်ပြေးဆွဲပေးခဲ့သော်လည်း ယခုအခါ ယာဉ်လိုင်းပေါင်း ၉၀ ကျော်အထိရှိနေပြီး ခရီးသွားပြည်သူများ လိုလားမှုအရ နောက်ထပ်လိုအပ်လျှင် လိုင်းပေါင်း ၁၀၀ အထိ ထပ်မံတိုးချဲ့သွားရန်လည်း စီစဉ်လျက်ရှိသည်။

ထို့အပြင် များမကြာမီက ရောက်ရှိလာသော ကားသစ်စီးရေ ၁၀၀၀ မှာလည်း ယခုအခါ အစီးရေ ၆၀၀ အထိ အစားထိုးလဲလှယ်ခဲ့ပြီး ကျန်အစီးရေ ၄၀၀ ကိုလည်း လိုအပ်သော ယာဉ်လိုင်းနေရာများတွင် အစားထိုးလဲလှယ်သွားမည်ဖြစ်သလိုနှင့် ခရီးသွားပြည်သူများနှင့် YBS အကြား အခက်အခဲ အနည်းငယ်ဖြစ်ပေါ်နေသော အကြွေပြဿနာဖြေရှင်းပေးနိုင်ရန်လည်း ကတ်စနစ်သို့ ပြောင်းလဲနိုင်ရန် မကြာမီတင်ဒါခေါ်ယူကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်၍ ရန်ကုန် YBS နှင့် ဝန်ဆောင်ခ အကြွေငွေကျပ် ၂၀၀ စိန်ခေါ်မှုမှာ အမှန်တကယ်ဖြေရှင်းပေးနိုင်တော့မည်လား ---------။